ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇွန် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၈၀ ပြည့်နှစ် ဒုတိယဝါဆိုလဆန်း ၄ ရက်၊ တနင်္လာနေ့။ Monday 16 July 2018 ၉၃၇၉

**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွနေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

# (၁၇)ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီအစည်းအဝေး ကျင်းပ

## နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင် ကဏ္ဍများနှင့်စပ်လျဉ်း၍ အချက်ပေါင်း ၁၄ ချက် ဆွေးနွေးအတည်ပြုနိုင်ခဲ့

နေပြည်တော် ဇူလိုင် ၁၅

**(၁၇)ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ကျင်းပသည်။ အစည်းအဝေးတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဒေါက်တာ ဆလိုင်းလျန်မှုန်းဆာခေါင်နှင့် ဦးသုဝေတို့က အဖွင့်အမှာစကား ပြောကြားကြသည်။** (အောက်ပုံ)



UPDJC ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက ယခုတတိယအကြိမ်မြောက် အစည်းအဝေးကို မူလရည်ရွယ်ထားသည့်အတိုင်း ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ရှေးရှုပြီး လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ကို အခြေခံကာ ပင်လုံစိတ်ဓာတ်နှင့်အညီ ဒီမိုကရေစီအရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ၊ အာမခံချက်များ အပြည့်အဝရှိသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် **စာမျက်နှာ ၃ ကော်လံ ၁ သို့**

**အစည်းအဝေးတွင် ညီလာခံကိုယ်စားလှယ် ၇၀၀ ကျော်၊ ဖိတ်ကြားသင့်သူ ၂၉ ဦး၊ လေ့လာသူ ၁၀၄ ဦး၊ အကျိုးဆောင်အဖွဲ့ ၂၇ ဦး အပါအဝင် အထောက်အကူပြုအဖွဲ့တို့ပါဝင်ပြီး ကဏ္ဍအလိုက်၊ အစုအဖွဲ့အလိုက် အားလုံးကြိုးစားဆောင်ရွက်ခဲ့**

**ရာနှုန်းပြည့်မိုး** (၁၆-၇-၂၀၁၈)

**နေပြည်တော်**
မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။
**ရန်ကုန်**
မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။
**မန္တလေး**
နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

ငြိမ်းချမ်းသည့် ဖွံ့ဖြိုးတိုးတက် စည်းလုံးညီညွတ်သော နိုင်ငံကြီးဖြစ်အောင်… စာမျက်နှာ » ၆

Hospital Diary ရုပ်သံဇာတ်လမ်းတွဲ နေပြည်တော်၌ လာရောက်ရိုက်ကူး စာမျက်နှာ » ၉

အာဇာနည်နေ့တွေကပေးတဲ့ ရလဒ်ကောင်း စာမျက်နှာ » ၁၅

C B BANK
SME LOAN
• CGI LOAN (အာမခံပစ္စည်းမဲ့ချေးငွေ)
• JICA TSL LOAN (ကာလရှည်ရင်းနှီးမြုပ်နှံခြင်းချေးငွေ)
• CB - KfW LOAN (ပုံသေပိုင်ရင်းနှီးမြုပ်နှံခြင်းချေးငွေ)
• TERM LOAN (လုပ်ငန်းလည်ပတ်ငွေအတွက်ချေးငွေ)
SME လုပ်ငန်းများပိုမိုတိုးတက်ဖို့ CB Bank မှ SME LOAN ကိုရယူစို့.....
Contact Us : (95-1) 371150, (95-1) 2317906 enterprise.dept@cbbank.com.mm

## ကြေးမုံ

# အများဆုံးအကျိုးရှိအောင်သုံးစွဲ

ဘဏ္ဍာရေးကော်မရှင် (၂/၂၀၁၈)ကြိမ်မြောက်အစည်းအဝေးကို ဇူလိုင် ၁၃ ရက်က နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။ အဆိုပါအစည်းအဝေးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က “အနည်းဆုံးသုံးစွဲမှုကို အဓိကမထားဘဲ အများဆုံးအကျိုးရှိအောင် သုံးစွဲသည့်မှုကို အဓိကထားစေလိုပါကြောင်း၊ ငွေကြေးသက်သာစေလိုမှုဖြင့် အဆင့်အတန်းမမီသော စီမံကိန်းများကို အကောင်အထည်ဖော်ပါက ရေရှည်တွင် နိုင်ငံအတွက် အကျိုးမရှိပါကြောင်း၊ မလိုအပ်သည့် နေရာများတွင် လျှော့ခြင်းအားဖြင့် မိမိတို့၏အလုပ်ကို ထိခိုက်စေခြင်း မဖြစ်စေလိုပါကြောင်း၊ ငွေကြေးနည်းနည်းသုံးခြင်းသည် အဓိကမဟုတ်ပါကြောင်း၊ ရှိသည့်ငွေကြေးကို နိုင်ငံအတွက် အကျိုးအများဆုံးဖြစ်အောင် အဓိကထားပြီး ဆောင်ရွက်စေလိုပါကြောင်း” ပြောကြားခဲ့သည်။

နိုင်ငံတော်အကျိုး၊ ပြည်သူ့အကျိုးကို ဆောင်ရွက်ကြရာ၌ ပြည်သူ့ဘဏ္ဍာငွေကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများက အကျိုးရှိ ထိရောက်အောင် ဆောင်ရွက်နိုင်စေရန် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က လမ်းမှန်ညွှန်ပြပေးခဲ့သည်။ လုပ်ငန်းများကို ဆောင်ရွက်ရာ၌ ပြည်သူ့ဘဏ္ဍာငွေများ လေလွင့်ဆုံးရှုံးမှု မရှိစေရေး၊ ခြိုးခြံချွေတာရေးမှုကို အကြောင်းပြု၍ သက်ဆိုင်ရာတို့အနေဖြင့် ငွေကြေးသုံးစွဲမှုကို လျှော့ချခြင်းသည် လုပ်ငန်းအောင်မြင်မှု၊ အကျိုးများမှု ရှိ၊ မရှိတို့ကို ချင့်ချိန်သုံးသပ်နိုင်ရန် လိုအပ်ပေသည်။

လုပ်ငန်းများတွင် လေလွင့်ဖိတ်စဉ်မှုကြောင့်ဖြစ်စေ၊ ချွေတာရေးကြောင့်ဖြစ်စေ ငွေကြေးသုံးစွဲမှု လျော့နည်းသွားခြင်းသည် လုပ်ငန်းအရည်အသွေးကျဆင်းခြင်း၊ လုပ်ငန်းတန်ဖိုးနည်းပါးခြင်းတို့ကိုဖြစ်စေပြီး အဆင့်အတန်းမမီသော စီမံကိန်းအချို့ ဖြစ်ခဲ့ဖူးသည်ကို မြင်တွေ့ကြရမည်ဖြစ်သည်။ အဆင့်အတန်းမမီသော စီမံကိန်းများသည် နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးအတွက် ထိရောက်အောင်စွမ်းဆောင်နိုင်မှု မရှိသည့်အပြင် ရေရှည်တွင် ထိခိုက်ပျက်စီးမှုများနှင့် ကြုံတွေ့ရသဖြင့် ပြည်သူ့ဘဏ္ဍာငွေများ ဆုံးရှုံးမှုကိုဖြစ်စေပါသည်။

အရည်အသွေးပြည့်မီပြီး စံချိန်စံညွှန်းနှင့်ညီသော စီမံကိန်းလုပ်ငန်းတစ်ခုအတွက် အမှန်တကယ်ကုန်ကျငွေကို အပြည့်အဝသုံးစွဲခြင်းသည် နိုင်ငံနှင့်ပြည်သူအတွက် ရေရှည်အကျိုးသက်ရောက်မှု ဖြစ်စေသည်။ မြန်မာနိုင်ငံတွင် အစဉ်အလာအားဖြင့် အရည်အသွေးပြည့်ဝသော စံချိန်စံညွှန်းထက် အချိန်မီပြီးစီးရေး၊ ကုန်ကျစရိတ်လျှော့နည်းရေးတို့ကို ဦးစားပေးသဖြင့် မအောင်မြင်သောစီမံကိန်းများနှင့် ကြုံတွေ့ရပြီး ဖွံ့ဖြိုးမှုနောက်ကျခဲ့ပေသည်။ နိုင်ငံတကာတွင် စီမံကိန်းများကို စနစ်တကျအကောင်အထည်ဖော်တည်ဆောက်ပြီး စံချိန်စံညွှန်းနှင့်အရည်အသွေးပြည့်မီရေးအတွက် ငွေကြေးလုံလောက်အောင်သုံးစွဲသည်။ ထို့ကြောင့် တာရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုကို ပိုင်ဆိုင်ထားသည်။

ဘဏ္ဍာရေးကော်မရှင်အစည်းအဝေးတွင် အကောင်အထည်ဖော်ရမည့်စီမံကိန်း၊ စီမံချက်များဖြင့် ပြည်သူလူထုအကျိုးစီးပွား ဖြစ်ထွန်းပြီးအောင်မြင်အောင် အကောင်အထည်ဖော်ရေး၊ ပြည်သူ့အတွက် အစိုးရကသုံးစွဲသင့်သည့် အသုံးစရိတ်များကို သုံးစွဲရေး၊ ရငွေများကို တိုးတက်ရှာဖွေရေး၊ ရငွေကို တိုးတက်စေသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ကြိုးပမ်းလုပ်ဆောင်နိုင်ရေး၊ အခွန်အကောက်ရငွေ တိုးတက်ရေး စသည်ဖြင့် ပြည်သူ့ဘဏ္ဍာငွေ အရ/အသုံးတို့နှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတက မှာကြားခဲ့သည်။

သို့ဖြစ်ရာ နိုင်ငံတော်၏စီးပွားရေးမူဝါဒနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသည့် လူမှုစီးပွားဘဝမြှင့်တင်ရေး၊ အသုံးစရိတ်များနှင့် အကောင်အထည်ဖော်မည့် စီမံကိန်း၊ စီမံချက်များ ပြည်သူလူထုအကျိုးစီးပွားဖြစ်ထွန်းရေးအောင်မြင်အောင် အကောင်အထည်ဖော်ရေးအတွက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ညွှန်ပြသည့် အနည်းဆုံးသုံးစွဲမှုကို အဓိကမထားဘဲ နိုင်ငံနှင့်ပြည်သူအတွက် အများဆုံးအကျိုးရှိအောင် အဓိကထား ကြိုးပမ်းအားထုတ်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ သီးနှံအခြောက်ခံစက်များ ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇူလိုင် ၁၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် ဇူလိုင် ၁၃ ရက် ညနေပိုင်းက ပြင်သစ်ဖွံ့ဖြိုးရေးအေဂျင်စီ AFD မှ Final Appraisal Mission ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြင်သစ်ဖွံ့ဖြိုးရေးအေဂျင်စီ AFD ၏ ချေးငွေအထောက်အပံ့ဖြင့် ငါးလုပ်ငန်းဦးစီးဌာနက တာဝန်ယူဆောင်ရွက်မည့် ဂြိုဟ်တုစနစ် အသုံးပြု၍ မြန်မာနိုင်ငံကမ်းရိုးတန်းနှင့် အဏ္ဏဝါသယံဇာတများ ရေရှည်စီမံခန့်ခွဲရေး စီမံကိန်းဆိုင်ရာများကို ဆွေးနွေးကြသည်။

အဆိုပါစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံရေပိုင်နက်အတွင်း တရားမဝင်ငါးဖမ်းဆီးမှု တိုက်ဖျက်ရေးနှင့် အဏ္ဏဝါနှင့် ကမ်းရိုးတန်းသယံဇာတများကို ရေရှည်စီမံခန့်ခွဲနိုင်မည်ဖြစ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော် စက်မှုလယ်ယာဦးစီးဌာန အမှတ်-၁ အလတ်စားလယ်ယာသုံး စက်ကိရိယာပြင်ဆင်ရေးနှင့် ထုတ်လုပ်ရေးအလုပ်ရုံသို့ သွားရောက်ပြီး ရွေ့လျားစပါးအခြောက်ခံစက်များ ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးရာ စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးလှိုင်က ရှင်းလင်းပြသသည်။

ယခုအခါ ကမ္ဘာ့ဒေသအနှံ့အပြားတွင် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု ကြုံတွေ့နေကြရသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း အချိန်အခါမဟုတ် မိုးရွာသွန်းခြင်း၊ ရက်ရှည်မိုးကြီးခြင်းတို့ကြောင့် သီးနှံများ ထိခိုက်ပျက်စီးမှုအချို့ ကြုံတွေ့နေကြရလျက်ရှိရာ စပါး၊ ပဲအမျိုးမျိုး၊ နှမ်းစသည့် သီးနှံများ အလွယ်တကူ အခြောက်ခံနိုင်ရန်နှင့် ရွေ့ပြောင်းအသုံးပြုနိုင်ရန်နှင့် လိုအပ်သည့် ဒေသများတွင် ကူညီဝန်ဆောင်မှုပေးနိုင်ရန် အသုံးမပြုတော့သည့် နောက်တွဲယာဉ်အဟောင်းများအား ပြန်လည်မွမ်းမံကာ အခြောက်ခံစက်များအဖြစ် စက်မှုလယ်ယာဦးစီးဌာနမှ တီထွင်ထုတ်လုပ်နေခြင်းဖြစ်သည်။

ယင်းရွေ့လျား အခြောက်ခံစက်မှာ တစ်ကြိမ်လျှင် စပါးတင်း ၂၀၀ ခန့် အခြောက်ခံနိုင်ကာ ရိတ်သိမ်းသည့် သီးနှံ၏ အခြေအနေပေါ်မူတည်၍ လေးနာရီမှ ခြောက်နာရီအတွင်း ကြာမြင့်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အနာဂတ်နှင့်အခွင့်အလမ်း ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းပြုလုပ်

**ဒီမော့ဆို ဇူလိုင် ၁၅**

ဒီမိုကရေစီစနစ်၏ အင်္ဂါရပ်နှင့်အညီ အများပြည်သူနှင့် အစိုးရတာဝန်ရှိသူများအကြား ဆွေးနွေးတိုင်ပင်ရမည့် အကြောင်းအရာများကို ဆွေးနွေးပြောကြားနိုင်သည့် အခွင့်အလမ်းများ ဖော်ဆောင်ပေးရန်နှင့် ပြည်သူလူထု၏ စဉ်းစားတွေးခေါ်မှုများ မြင့်မားလာပြီး ဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးတတ်သည့် အလေ့အထများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်ချက်ဖြင့် ကယားပြည်နယ် ဒီမော့ဆိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူး၍ အနာဂတ်နှင့် အခွင့်အလမ်း ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းတစ်ရပ်ကို ယနေ့ နံနက် ၉ နာရီတွင် ဒီမော့ဆိုမြို့နယ် နန်းမယ်ခုံမြို့ မြို့မကယန်းခန်းမ၌ ကျင်းပသည်။



ပြည်သူ့စကားဝိုင်းတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဘော်ရယ်စိုးဝေက ပညာ၏ အကျိုးကျေးဇူးနှင့် ငြိမ်းချမ်းရေးအကြောင်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစန်းထွန်းလင်းက အုပ်ချုပ်ရေးနှင့် တရားဥပဒေစိုးမိုးရေးအကြောင်း၊ မြို့နယ်ပညာရေးမှူး ဒေါ်နော်အယ်ဖောက ပညာရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု၊ မြို့နယ်ကုသရေးဦးစီးမှူး ဒေါက်တာ စိုးမင်းထွေးက ပြည်သူများအတွက် ကျန်းမာရေးနှင့် စည်းကမ်း၊ မြို့နယ်ဆည်မြောင်းဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းမြင့်က ဦးစီးဌာနမှ ဆောင်ရွက်နေသောလုပ်ငန်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဌေးဌေးစိန်က တောင်သူများအတွက် သီးနှံမျိုးကောင်းမျိုးသန့်နှင့် ပိုးသတ်ဆေး၊ ထုတ်ကုန်နှင့်ပတ်သက်သည့် ဂျီအေပီနည်းစနစ်၊ သီးနှံဗဟုသုတ၊ သီးနှံဈေးကွက်များအကြောင်း၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးမျိုးနိုင်က ပြည်နယ်အတွက် အကျိုးရှိသည့် အရင်းမပျောက် မြစိမ်းရောင်စီမံကိန်းအကြောင်း၊ မြို့နယ်လမ်းဦးစီးဌာန လမ်းဦးစီးဒေါ်မော်မြာက လူငယ်များ၏ အသက်မွေးဝမ်းကျောင်းပညာရပ်ဆိုင်ရာ ဘာသာရပ်နှင့် နည်းပညာအကြောင်းတို့ကို ဆွေးနွေးပြောကြားပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းခဲ့ကြကြောင်း သိရသည်။

အဆိုပါ ပြည်သူ့စကားဝိုင်းသို့ မြို့အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ မြို့ပေါ်ရပ်ကွက်ရှိ ဒေသခံပြည်သူများ၊ ဆင်တောင်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကျေးသီးမြို့နယ်၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှုများအား ကွင်းဆင်းစစ်ဆေး

**လွိုင်လင် ဇူလိုင် ၁၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လယ်ယာကဏ္ဍမူဝါဒ၏လုပ်ငန်းစဉ်တွင် ပါဝင်သော လယ်ယာကုန်ထုတ်လမ်း ဖောက်လုပ်နေမှုကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမခြောက်လပတ် ဘတ်ဂျက်မှစတင်ကာ လွိုင်လင်ခရိုင် ကျေးသီးမြို့နယ် မိုင်နင်ကျေးရွာ ကုန်ထုတ်လမ်းကို စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုကုန်ထုတ်လမ်းသည် အရှည်နှစ်မိုင်ရှိကာ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးနှင့်စံချိန်စံညွှန်းပြည့်မီစေရေးအတွက် ဇူလိုင် ၁၃ ရက် နံနက်ပိုင်းက ရှမ်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ခရိုင်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးမြင့်တို့က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်များက လိုအပ်ချက်များရှိပါက အမြန်တင်ပြအကူအညီတောင်းခံကြရန် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

ကြေးမုံ
ခေတ္တစာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

## ဝံသာနုရက္ခိတတရား


လူမျိုးဆိုသည်မှာ သုခ ဒုက္ခ အတူခံစားကြ၍ နီးနီးစပ်စပ်အကျိုးချင်းထပ်ပြီးလျှင် နှစ်ပရိစ္ဆေဒ ရှည်လျားစွာ တစ်မျိုးတစ်စားတည်းပင်ဟု စိတ်ထားရှိသူတို့ကို တစ်စုတည်းပေါင်း၍ ခေါ်ဝေါ်ခြင်းသာ ဖြစ်ပေသည်။ အမျိုးအနွယ်၊ ကိုးကွယ်သည့်ဘာသာတရား၊ ပြောဆိုသည့်စကားတို့ကို အရေးထားရမည် ဖြစ်သော်လည်း စင်စစ်မှာ အေးအတူပူအမျှ၊ ကောင်းတူဆိုးဖက် ပူးပေါင်းနေလိုသော အစဉ်အလာ ဆန္ဒအပေါ်တွင် ဝံသာနုရက္ခိတတရားသည် တည်နေပေ၏။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၆ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့ ရွှေတိဂုံအလယ်ပစ္စယံညီလာခံ၌ ပြောကြားခဲ့သော မိန့်ခွန်းမှ ကောက်နုတ်ချက်)





ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ



ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်



ဦးသုဝေ

❂ ရှေ့ဖုံးမှ

ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲများ ရလဒ်များနှင့်အညီ တည်ဆောက်နိုင်ရန်အတွက် မိမိတို့ ဝိုင်းဝန်းဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ ယခုအကြိမ် အစည်းအဝေးကိုကြည့်ပါက အားရစရာကောင်းသည်မှာ အစည်းအဝေး၌ ပါဝင်သင့်၊ ပါဝင်ထိုက်သည့် ပုဂ္ဂိုလ်များအားလုံး ပါဝင်ကြသည်ကို တွေ့ရပါကြောင်း၊ အစည်းအဝေးတွင် ညီလာခံကိုယ်စားလှယ် ၇၀၀ ကျော်၊ ဖိတ်ကြားသင့်သူ ၂၉ ဦး၊ လေ့လာသူ ၁၀၄ ဦး၊ အကျိုးဆောင်အဖွဲ့ ၂၇ ဦး အပါအဝင် အထောက်အကူပြုအဖွဲ့တို့ ပါဝင်ပြီး ကဏ္ဍအလိုက်၊ အစုအဖွဲ့အလိုက် အားလုံးကြိုးစား ဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရပါကြောင်း၊ ယနေ့ဆွေးနွေးရမည့်ကိစ္စမှာ ကဏ္ဍအသီးသီးက ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီကို တင်ပြမည့် အချက်များကို ဆွေးနွေးကြမည်ဖြစ်ပါကြောင်း၊ ကဏ္ဍအသီးသီးတွင် သဘောတူညီမှုရရှိသည့် အချက်များလည်း ရှိပါကြောင်း၊ သဘောတူညီမှုရရှိရန် အနည်းငယ်ကျန်ရှိသည့် အချက်များလည်း ရှိပါကြောင်း၊ အထူးသဖြင့် အရေးကြီးသည့် ကဏ္ဍများတွင် မိမိတို့အချင်းချင်း အပေးအယူ၊ အလျှော့အတင်း ပြုလုပ်နိုင်ပါက ထပ်မံပေါ်ထွက်လာနိုင်သည့် သဘောတူညီချက်များလည်း ရရှိနိုင်ပါကြောင်း၊ အဓိကအားဖြင့် ယင်းအချက်များကို အသေးစိတ် ဆွေးနွေးပြီး အပြန်အလှန် နားလည်မှုဖြင့် ဆွေးနွေးကြစေလိုပါကြောင်း၊ ဆွေးနွေးမှုဆိုသည်မှာ အပေးအယူ ပြုလုပ်ခြင်းဖြစ်ပါကြောင်း၊ မိမိတို့ ပြည်သူများ၏မျက်နှာကို ထောက်ထားပြီး ငြိမ်းချမ်းရေးဖြစ်စဉ်ကို ပံ့ပိုးသည့်အနေဖြင့် ယခုကျန်ရှိနေသည့် အချက်များကို အပြန်အလှန် ညှိနှိုင်းဆောင်ရွက်ပေးကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

**နှစ်ပေါင်း ၇၀ အတွင်းမှာ ဒီလိုညီလာခံမျိုးမရှိခဲ့**

UPDJC ဒုတိယဥက္ကဋ္ဌ ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်က "ယခုညီလာခံကြီးကြောင့် နောင်မှာ ညီလာခံတွေကို ဆက်လက်ကျင်းပနိုင်တယ်။ ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးပွဲကို ဆက်လက်ကျင်းပနိုင်တာက အင်မတန်မှ ကျွန်တော်တို့ ကံကောင်းတယ်လို့ ပြောချင်ပါတယ်။ နှစ်ပေါင်း ၇၀ အတွင်းမှာ ဒီလိုညီလာခံမျိုးမရှိခဲ့ဘူး။

"ထို့အတွက်ကြောင့် ဒီလိုရှိနေတဲ့ အခွင့်အရေးလေးကို အပျက်မခံဘဲ ဆက်လုပ်ဖို့လိုပါတယ်။ အဲဒီအတွက်ကြောင့် ဒီညီလာခံလေးက ငြိမ်းချမ်းရေးဖြစ်စဉ် ဆက်နိုင်ဖို့အတွက် အင်မတန်မှ အရေးကြီးတဲ့ ညီလာခံဖြစ်တဲ့အတွက် အကျိုးရှိပါတယ်လို့ ကျွန်တော်ပြောချင်ပါတယ်" ဟု ပြောကြားသည်။

**အားမာန်အပြည့်နဲ့ တက်ရောက်**

UPDJC ဒုတိယဥက္ကဋ္ဌ ဦးသုဝေက "ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကြီးမှာ ညီလာခံတက်ရောက်လာကြတဲ့ ကိုယ်စားလှယ်တော်ကြီးများအနေနဲ့ အစုအဖွဲ့တစ်ခုချင်းစီနဲ့ ကျင်းပတဲ့ အစည်းအဝေးတွေ၊ စုပေါင်းစုဖွဲ့ကျင်းပတဲ့ အစည်းအဝေးတွေမှာ အားမာန်အပြည့်နဲ့ တက်ရောက်ပြီး သဘောထားတွေ တူညီစွာရရှိသည်အထိ ဆွေးနွေးကြတဲ့အတွက် အင်မတန် ဝမ်းသာပါတယ်။ အဲဒီအစည်းအဝေးတွေမှာ ဒီမိုကရေစီ အယူအဆတွေ ပိုမိုဖြစ်ထွန်းလာတာကိုလည်း တွေ့ရပါတယ်။ ကျွန်တော်တို့ ယခုကျင်းပနေတဲ့ ငြိမ်းချမ်းရေးညီလာခံသည် အများကြီး အောင်မြင်သည်ဟု မိမိအနေနဲ့ ယူဆပါတယ်။ UPDJCရဲ့ ဦးဆောင်မှုနဲ့ ငြိမ်းချမ်းရေးဟာ တစ်ဆင့်ပြီး တစ်ဆင့် တိုးတက်အောင်မြင်လျက်ရှိပါတယ်။ လာမည့်ကာလမှာလည်း ငြိမ်းချမ်းရေးက အခုထက် ပိုမိုပွင့်လင်းအောင်မြင့်မယ့် အလားအလာရှိပါတယ်"ဟု ပြောကြားသည်။

ယင်းနောက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေး၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့သည့် အကြောင်းအရာများနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ (တတိယအစည်းအဝေး)နောက်ဆုံးနေ့ အစီအစဉ်များကို ဆွေးနွေးအတည်ပြုကြသည်။

**အခြေခံမူ ၁၄ ချက်ကို**

ထို့နောက် UPDJC ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် ဦးသုဝေ၊ ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်နှင့် ငြိမ်းချမ်းရေးကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းတို့က နိဂုံးချုပ်အမှာစကားပြောကြားကြသည်။

ငြိမ်းချမ်းရေးကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက ယခုအစည်းအဝေးတွင် အခြေခံမူ ၁၄ ချက်ကို ဆုံးဖြတ်နိုင်ခဲ့ပါကြောင်း၊ ယခုသဘောတူညီချက်များကို ပြည်ထောင်စုသဘောတူညီစာချုပ် အစိတ်အပိုင်း(၂)အဖြစ် ချုပ်ဆိုနိုင်မည် ဖြစ်ပါကြောင်း ပြောကြားသည်။

ယနေ့ကျင်းပသည့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC)၌ နိုင်ငံရေးကဏ္ဍတွင် လေးချက်၊ စီးပွားရေးကဏ္ဍတွင် တစ်ချက်၊ လူမှုရေးကဏ္ဍတွင် ခုနစ်ချက်နှင့် မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍတွင် နှစ်ချက် စုစုပေါင်း ၁၄ ချက်ကို ဆွေးနွေးအတည်ပြုနိုင်ခဲ့သည်။

**လက်မှတ်ရေးထိုး စာချုပ်ချုပ်ဆိုမည်**

ယင်းသဘောတူညီချက် ၁၄ ချက်ကို ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံ(တတိယအစည်းအဝေး)နောက်ဆုံးနေ့**(ယနေ့)**တွင် ပြည်ထောင်စုသဘောတူညီစာချုပ်၏ အစိတ်အပိုင်း(၂)အဖြစ် လက်မှတ်ရေးထိုးကာ စာချုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း သိရသည်။

အစည်းအဝေးသို့ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ အဖွဲ့ဝင်များဖြစ်ကြသည့် အစိုးရ၊ လွှတ်တော်နှင့် တပ်မတော်အစုအဖွဲ့မှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း အစုအဖွဲ့မှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများအစုအဖွဲ့မှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညပိုင်းတွင် ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC)အဖွဲ့ဝင်များက အစည်းအဝေးရလဒ်နှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲကို ကျင်းပခဲ့သည်။

**သူရဇော်၊ မျိုးမြင့်(သတင်းစဉ်)**

# (၇၁)နှစ်မြောက် အာဇာနည်နေ့ကို ကြိုဆိုသောအားဖြင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**ဘားအံ ဇူလိုင် ၁၅**

(၇၁)နှစ်မြောက် အာဇာနည်နေ့ကို ကြိုဆိုသောအားဖြင့် ကရင်ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး ဦးခင်မောင်စန်း ဦးစီး၍ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဝန်ထမ်းများ၊ ပြည်နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များ၊ အထက(၁)မှ ဆရာ ဆရာမ၊ ကျောင်းသားကျောင်းသူများ၊ မြို့ပေါ်ရပ်ကွက်များမှ အုပ်ချုပ်ရေးမှူးများနှင့် အဖွဲ့ဝင်များ၊ ပြည်သူများ စုစုပေါင်းအင်အား ၁၅၀၀ ခန့်တို့က ဇူလိုင် ၁၅ ရက် နံနက် ၆ နာရီက ဘားအံမြို့ပေါ်ရပ်ကွက်များရှိ ပြည်နယ်ပြည်သူ့ဆေးရုံကြီး၊ အထက(၁)၊ အစိုးရမူကြိုကျောင်းတို့တွင် မြက်ပင်နှင့် ခြုံနွယ်ပေါင်းရှင်းလင်းခြင်း၊ အမှိုက်သရိုက်များ ရှင်းလင်းခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်သည့်နေရာများအား ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် ပြည်နယ်ဝန်ကြီးများက လိုက်လံကြည့်ရှုအားပေးခဲ့ကြပြီး စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်သူများကို အစာပြေ ကောက်ညှင်းပေါင်း၊ လက်ဖက်ရည်တို့ဖြင့် ကျွေးမွေးခဲ့ကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ လေ့လာစို့

## အာဆီယံ ဖူဆယ်ကလပ်ပြိုင်ပွဲတွင် မြန်မာကလပ် MIC အသင်းက ဘရူနိုင်းကလပ် အာဘီစီယမ်အသင်းကို ကိုးဂိုး-ဂိုးမရှိဖြင့် အနိုင်ရ

**ပလန်ဘမ် ဇူလိုင် ၁၅**

၂၀၁၈ အာဆီယံ ဖူဆယ်ကလပ်ပြိုင်ပွဲ အုပ်စုပထမနေ့ကို ယနေ့နံနက်ပိုင်းမှစ၍ အင်ဒိုနီးရှားနိုင်ငံ၌ စတင်ကျင်းပရာ မြန်မာကလပ် MIC အသင်း ဂိုးပြတ်နိုင်ပွဲရရှိခဲ့သည်။ MIC အသင်းသည် ဘရူနိုင်းကလပ် အာဘီစီယမ်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး ကိုးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

မြန်မာကလပ် MIC အသင်းသည် ဘရူနိုင်းကလပ်အသင်းကို ခြေအသာဖြင့် ကစားကာ အနိုင်ရခဲ့ပြီး ပွဲဦးထွက်မျက်နှာပန်းလှခဲ့သည်။ အာဘီစီယမ်အသင်းသည် ပထမပိုင်းသာ MIC အသင်း ဂိုးပေါက်ကို ခြိမ်းခြောက်နိုင်ခဲ့ပြီး ဒုတိယပိုင်းတွင် MIC အသင်းက ပွဲကို ထိန်းချုပ်ကစားနိုင်ခဲ့သည်။ MIC အသင်းသည် ပထမပိုင်းတွင် လေးဂိုး၊ ဒုတိယပိုင်းတွင် ငါးဂိုးသွင်းယူခဲ့ပြီး အနိုင်ဂိုးများကို ပြည့်ဖြိုးမောင်(၃)က သုံးဂိုး၊ ခင်ဇော်လင်းက နှစ်ဂိုး၊ ဟိန်းမင်းစိုး၊ အောင်သူ၊ ကျော်စိုးမိုးနှင့် လှိုင်မင်းထွန်းတို့က တစ်ဂိုးစီသွင်းယူခဲ့သည်။ MIC အသင်းသည် ယင်းပြိုင်ပွဲ အုပ်စု(က)တွင် အာဘီစီယမ်(ဘရူနိုင်း)၊ UYFC(ကမ္ဘောဒီးယား)၊ East Coast Heat (သြစတြေးလျ)အသင်းတို့နှင့် ကျရောက်နေသည်။ MIC အသင်းသည် အုပ်စုဒုတိယပွဲအဖြစ် ဇူလိုင် ၁၆ ရက် နံနက် ၁၁ နာရီတွင် ကမ္ဘောဒီးယားကလပ် UYFC အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ဖိုးသော်ဇင်**

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် မွန်ပြည်သစ်ပါတီ ဒုတိယဥက္ကဋ္ဌ နိုင်ဟံသာနှင့်အဖွဲ့တို့ တွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၅**
ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC) ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် မွန်ပြည်သစ်ပါတီ ဒုတိယဥက္ကဋ္ဌ နိုင်ဟံသာ ဦးဆောင်သောအဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန - ၂ ဧည့်ခန်းမ၌ တွေ့ဆုံသည်။**(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် ဒေသဖွံ့ဖြိုးရေးနှင့် တပ်ဖွဲ့ဝင်မိသားစုများ ရပ်တည်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

**တက်ရောက်**

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး၊ မွန်ပြည်သစ်ပါတီ အထွေထွေအတွင်းရေးမှူး နိုင်အောင်မင်း၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် နိုင်ဝင်းလှနှင့် နိုင်ဗညားလယ်၊ ဗဟိုကော်မတီဝင် နိုင်အောင်မငေး နှင့် တာဝန်ရှိသူတို့ တက်ရောက်ကြသည်။

**သူရဇော်၊ မျိုးမြင့်(သတင်းစဉ်)**



# ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ အတွင်းရေးမှူးအဖွဲ့ အစည်းအဝေးကျင်းပ



**နေပြည်တော် ဇူလိုင် ၁၅**
ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူးအဖွဲ့ အစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပသည်။

အစည်းအဝေးသို့ အတွင်းရေးမှူးအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးခင်ဇော်ဦး၊ ဦးဇော်ဌေး၊ ဦးမြင့်စိုး၊ ဦးနိုင်ငံလင်း၊ ဦးလှမောင်ရွှေ၊ ဦးအောင်စိုး၊ ဗိုလ်ချုပ်စိုးနိုင်ဦး၊ ဦးမျိုးဝင်း၊ စိုင်းလ၊ ခွန်မြင့်ထွန်း၊ စောမြရာဇာလင်း၊ စိုင်းကျော်ညွန့်၊ မင်းကျော်ဇေယျာဦး၊ တာလှဖေ၊ နိုင်အောင်မငေးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။**(ဝဲပုံ)**

အစည်းအဝေးတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေး၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင် ကဏ္ဍအလိုက် မူဝါဒအဆိုပြုချက်များ ဆွေးနွေးခဲ့မှု အခြေအနေကို ရှင်းလင်းခြင်း၊ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစုပင်လုံ တတိယအစည်းအဝေး၏ သဘောထားထုတ်ပြန်ကြေညာချက်၊ (၁၇)ကြိမ်မြောက် UPDJC Agenda နှင့် Agenda အလိုက် တင်ပြမည့် ပုဂ္ဂိုလ်သတ်မှတ်ရေး၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစုပင်လုံ တတိယအစည်းအဝေး နောက်ဆုံးနေ့ အစီအစဉ်များ၊ ညီလာခံသဘာပတိများ၊ သဘောတူစာချုပ် လက်မှတ်ရေးထိုးမည့်သူများ၊ အသိသက်သေများ အမည်စာရင်း၊ ညီလာခံတွင် ကဏ္ဍအလိုက် မူဝါဒသဘောတူညီချက်များတင်သွင်းမည့် ပုဂ္ဂိုလ်နှင့် အစုအဖွဲ့အလိုက် ထောက်ခံ အဆိုတင်သွင်းမည့်ပုဂ္ဂိုလ်များ သတ်မှတ်ရေးတို့ကို ဆွေးနွေးကြသည်။

**သူရဇော်၊ မျိုးမြင့်(သတင်းစဉ်)**

# စာပေဗိမာန်စာမူဆုရစာအုပ် ဖြန့်ချိရောင်းချ

**နေပြည်တော် ဇူလိုင် ၁၅**
ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၁၅ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု ကလေးစာပေ ဒုတိယဆုရရှိသည့် ဝမ်းထက်မိုး(ဇိန့်-အောင်လံ)၏ “ဖူးငုံပန်းကလေးများ လန်းလန်းရွှင်ရွှင် အပြုံးဝေဝေလွင်နှင့် အခြားကလေးဝတ္ထုတိုများ” စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် ကလေးများကို မှန်ကန်သော အသိအမြင်၊ အတွေးအခေါ်များပေးထားသည့် ကလေးဝတ္ထုတို ၂၆ ပုဒ်ပါရှိပြီး ကလေးများအနေဖြင့် ကာယ၊ ဉာဏ၊ စာရိတ္တ ဖွံ့ဖြိုးတိုးတက်ရန်နှင့် ထိုသို့ တိုးတက်ရန်အတွက် လူကြီးသူမများက ကူညီသင်ပြလမ်းညွှန်သင့်ကြောင်း ညွှန်ပြထားသည်။ ထို့အပြင် ကလေးသူငယ်များ ရင်ဆိုင်ကြုံတွေ့ရတတ်သည့် ကျောင်းစာမလိုက်နိုင်မှု၊ ဉာဏ်ရည်၊ အနိမ့်အမြင့်ကွာဟမှု၊ ဆေးလိပ်အစ မူးယစ်ကို လက်တည့်စမ်းလိုမှုများအပေါ် ကောင်းမွန်သောလမ်းကြောင်းသို့ တည့်မတ်ပေးလိုသည့် စေတနာဝတ္ထုတိုများကို ရသမြောက်အောင် ရေးဖွဲ့ထားခြင်းဖြစ်သည့်အတွက် စာဖတ်ပရိသတ်များ ဖတ်ရှုသင့်သည့် စာအုပ်ကောင်း တစ်အုပ်ဖြစ်ပါကြောင်း တိုက်တွန်းလိုက်ပါသည်။

အဆိုပါစာအုပ်ကို ငွေကျပ် ၈၀၀ ဖြင့် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်ဆိုင် ဖုန်း-၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈၊ အမှတ်(တ-၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း-၀၆၇-၃၄၁၄၆၈၁၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း-၀၂-၃၀၁၈၆ နှင့် အမြို့မြို့ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန် အရောင်းဌာန ဖုန်း- ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈ သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

**နေပြည်တော် ဇူလိုင် ၁၅**
ယနေ့ညနေ ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်း ရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်ဟု မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။

**ကြေးမုံ**

# (၂၁)ရာစုပင်လုံ တတိယအကြိမ် အစည်းအဝေးသို့ တက်ရောက်လျက်ရှိသည့် ညီလာခံကိုယ်စားလှယ်များ နေပြည်တော်အတွင်း လေ့လာကြည့်ရှု

**နေပြည်တော် ဇူလိုင် ၁၅**
ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအကြိမ် အစည်းအဝေးသို့ တက်ရောက်လျက်ရှိသည့် ညီလာခံကိုယ်စားလှယ်များသည် ယနေ့မွန်းလွဲပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)၊ အမျိုးသားပြတိုက်နှင့် တပ်မတော် စစ်သမိုင်းပြတိုက်တို့သို့ သွားရောက်လေ့လာကြသည်။

ညီလာခံကိုယ်စားလှယ်များသည် မြန်မာ့ကျောက်မျက်ရတနာပြတိုက်သို့ရောက်ရှိစဉ် ပြတိုက်မြေညီထပ်ရှိ ကျောက်မျက်ရတနာဈေးနှင့် ပြတိုက်အပေါ်ဆုံးထပ်ရှိ ပြခန်းမဆောင်အတွင်း ပြသထားသော မြန်မာနိုင်ငံမှ ထွက်ရှိသည့် အဖိုးတန် ရှားပါးကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ၊ ငွေထည်နှင့် သယံဇာတပစ္စည်းများကို ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။



**(၂၁)ရာစုပင်လုံ တတိယအကြိမ် အစည်းအဝေးသို့ တက်ရောက်လျက်ရှိသည့် ညီလာခံကိုယ်စားလှယ်များ တပ်မတော်စစ်သမိုင်းပြတိုက်အတွင်း လေ့လာကြည့်ရှုကြစဉ်။**

ယင်းနောက် အမျိုးသားပြတိုက်သို့ ရောက်ရှိကြပြီး ပရိုင်းမိတ်နှင့် ကျောက်ဖြစ်ရုပ်ကြွင်း ပြခန်း၊ သမိုင်းမတင်မီခေတ်(ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်)ပြခန်း၊ ပန်းချီပြခန်း၊ မြန်မာအနုသုခုမပြခန်း၊ သမိုင်းတင်ခေတ်ဦးပြခန်း၊ သမိုင်းတင်ခေတ်ပြခန်း၊ ပြည်ထောင်စုတိုင်းရင်းသား ယဉ်ကျေးမှုပြခန်း၊ ဗုဒ္ဓဆင်းတုတော်ပြခန်း၊ မြန်မာနိုင်ငံ လွတ်လပ်ရေးခေါင်းဆောင်နှင့် နိုင်ငံတော်သမ္မတများ၊ ဝန်ကြီးချုပ်များပြခန်း၊ မြန်မာ့လက်မှုအနုပညာပြခန်းနှင့် အာဆီယံပြခန်းတို့ကို လှည့်လည်ကြည့်ရှုလေ့လာကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကြသည်။

ထို့နောက် ညီလာခံကိုယ်စားလှယ်များသည် တပ်မတော် စစ်သမိုင်းပြတိုက်သို့ရောက်ရှိကြပြီး ရှေးခေတ်တပ်မတော်သုံး ပစ္စည်းများနှင့် လက်နက်ကိရိယာများ၊ နယ်ချဲ့ဆန့်ကျင်ရေးကာလ မျိုးချစ်သူရဲကောင်းများ၏ အသုံးအဆောင်ပစ္စည်းများနှင့် လက်နက်ကိရိယာများ၊ ဗမာ့လွတ်လပ်ရေး တပ်မတော်နှင့် ဗမာ့ကာကွယ်ရေး တပ်မတော်တို့တွင် အသုံးပြုခဲ့သော လက်နက်များနှင့် ပစ္စည်းကိရိယာများ၊ ဗိုလ်ချုပ်အောင်ဆန်း အသုံးပြုခဲ့သော ပစ္စည်းများ၊ လွတ်လပ်ရေးကြိုးပမ်းမှုကာလအတွင်း ဗြိတိသျှနှင့်ချုပ်ဆိုခဲ့သော သမိုင်းဝင်စာချုပ်စာတမ်းများ၊ အစိုးရအဆက်ဆက် ဆောင်ရွက်ခဲ့သော ပြည်တွင်းငြိမ်းချမ်းရေး ဆောင်ရွက်ချက်များအပါအဝင် တပ်မတော်(ကြည်း၊ ရေ၊ လေ)ပြခန်းများနှင့် ပြင်ပပြကွက်များမှ တိုက်ခိုက်ရေးယာဉ်များ၊ စစ်ရေယာဉ်များနှင့် လေယာဉ်များအား လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။ ယနေ့ လေ့လာရေးခရီးစဉ်တွင် ညီလာခံကိုယ်စားလှယ် ၂၀၀ ကျော် လိုက်ပါလေ့လာခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

စာအုပ်စာပေ လူ့မိတ်ဆွေ

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံ တတိယအစည်းအဝေးတွင် ကဏ္ဍလေးခုမှ အချက်ပေါင်း ၁၄ ချက်အား ညီလာခံ၏နောက်ဆုံးနေ့တွင် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၂)အဖြစ် လက်မှတ်ရေးထိုးမည်



**နေပြည်တော် ဇူလိုင် ၁၅**
ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၂)အဖြစ် လက်မှတ်ရေးထိုးနိုင်ရန် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ- (၂၁)ရာစုပင်လုံ တတိယအစည်းအဝေးသို့ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) က တင်သွင်းခဲ့သည့် နိုင်ငံရေးကဏ္ဍ၊ စီးပွားရေး ကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင် ကဏ္ဍတို့မှ အချက်ပေါင်း ၁၄ ချက်ကို အစိုးရ၊ တပ်မတော်၊ လွှတ်တော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း များနှင့် နိုင်ငံရေးပါတီအစုအဖွဲ့ငါးဖွဲ့က ဆက်လက် ဆွေးနွေးခဲ့ရာ ၁၄ ချက်လုံး သဘောတူညီမှုရရှိခဲ့ကြောင်း သတင်းစာရှင်းလင်းပွဲက သိရသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ တတိယအစည်းအဝေးနှင့်ပတ်သက်သည့် သတင်းစာ ရှင်းလင်းပွဲကိုညီလာခံ၏ ပဉ္စမနေ့အပြီး ယနေ့ ည ၈ နာရီ ၁၀ မိနစ်က မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန(၂)၌ ကျင်းပခဲ့ရာ ပြည်ထောင်စုငြိမ်းချမ်း ရေးဆွေးနွေးမှု ပူးတွဲကော်မတီ အတွင်းရေးမှူးများဖြစ် ကြသည့် ဦးလှမောင်ရွှေ၊ ဦးဇော်ဌေး၊ ဒေါက်တာဆလိုင်း လျန်မှုန်းဆာခေါင်နှင့် စိုင်းကျော်ညွန့်တို့က ရှင်းလင်းကြ သည်။

### အချက် ၁၄ ချက် သဘောတူညီနိုင်ခဲ့

ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၂) အဖြစ် လက်မှတ်ရေးထိုးနိုင်ရန်တင်သွင်းသည် ကဏ္ဍ လေးခု၏ အချက် ၁၄ ချက်တွင် နိုင်ငံရေးကဏ္ဍတွင် ပါရှိသည့် စကားလုံးအချို့ကို ပြင်ဆင်ခဲ့ရပြီး ဝိဝါဒကွဲပြား မှုများ ရှိခဲ့သော်လည်းနောက်ဆုံးတွင် သဘောတူညီနိုင် ခဲ့ကြကြောင်း သိရသည်။

ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်က “ဒီမိုကရေစီ နှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စု၏လို့ သုံးခဲ့တယ်၊ အဲဒီမှာ နာမဝိသေသနလိုအပ်တယ်၊ တပ်မတော် ဘက်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်လို့ အဆို ပြုခဲ့တယ်၊ ကျွန်တော်တို့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေက ညှိနှိုင်းပြီးတော့ NCA စာချုပ်မှာပါတဲ့ အတိုင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်လို့ ထည့်ပေးခဲ့ပါတယ်၊ ဒီလိုနဲ့ အဆင်ပြေသွားပါတယ်” ဟု ပြောသည်။

ညီလာခံတွင် ထုတ်ပြန်မည့် ထုတ်ပြန်ချက်တွင် ၂၀၁၈ ခုနှစ်တွင် ညီလာခံတစ်ကြိမ်၊ ၂၀၁၉ ခုနှစ်တွင် နှစ်ကြိမ် ကျင်းပမည်ဟု တင်သွင်းထားသော်လည်း လိုအပ်ပါက ၂၀၂၀ တွင် ညီလာခံထပ်မံကျင်းပမည်ဟု သဘောတူညီ ထားကြောင်း သိရသည်။

“ညီလာခံသုံးခုမှာ အခြေခံမူတွေရမယ်ဆိုရင် ၂၀၂၀ မှာ ညီလာခံလုပ်ဖို့ မလိုတော့ဘူးဆိုတဲ့သဘောဖြစ်ပြီး သဘောမတူနိုင်သေးဘူးဆိုရင် ဆက်လက်လုပ်မယ်လို့ ညီလာခံကိုတင်သွင်းဖို့ သဘောတူပါတယ်” ဟု ဒေါက်တာ လျန်မှုန်းက ပြောသည်။

ဖက်ဒရယ်အခြေခံမူများအတွက် အဓိကကျသည့် တန်းတူညီမျှရေး၊ ပြည်ထောင်စုကခွဲမထွက်ရေး စသည့် အချက်များကို ညီလာခံအပြီးတွင် ပြန်လည်သုံးသပ်၍ ဆောင်ရွက်မည်ဖြစ်ပြီး လာမည့်ငြိမ်းချမ်းရေးညီလာခံတွင် ဆွေးနွေးနိုင်ရန် လမ်းစရှာဖွေနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဦးလှမောင်ရွှေက “အရေးကြီးတာက ငြိမ်းချမ်းရေး ဖြစ်စဉ်မှာ ယုံကြည်မှုတည်ဆောက်ဖို့ပါ။ မနက်ဖြန်ညီလာခံ ပြီးတာနဲ့ အစိုးရဘက်က ပြင်ဆင်မှုတွေ လုပ်ပါမယ်၊ သက်ဆိုင်တဲ့ အစုအဖွဲ့တွေက ပြန်လည်သုံးသပ်မှုတွေ လုပ်မယ်၊ ပြီးရင် ပြန်လည်စုပေါင်းလုပ်မယ်၊ စက်တင်ဘာ လဆန်းလောက်မှာ နိုင်ငံရေးမူဘောင်ပြင်တာတွေ၊ သုံးသပ် တာတွေလုပ်မယ်၊ သေချာတာကတော့ ဒီနှစ်မကုန်ခင်မှာ ညီလာခံထပ်မံကျင်းပဖို့ ပြင်ဆင်နေပါပြီ”ဟု ပြောသည်။

ဦးဇော်ဌေးက “NCAကိုအခြေခံတဲ့ နိုင်ငံရေးဆွေးနွေး မှုဖြစ်စဉ်ကို အားလုံးကအထိအခိုက်မခံနိုင်ပါဘူး၊ ယုံကြည် မှုတည်ဆောက်ရမှာ အားလုံးသိတယ်၊ နိုင်ငံရေးဆွေးနွေးမှု ဆိုတဲ့အတိုင်း အလျှော့အတင်းနဲ့ဆိုတော့ အောင်မြင်ပါ တယ်၊ နောက်လာမယ့် ညီလာခံမှာ ဒီထက်ပိုမိုထိရောက် ကောင်းမွန်တဲ့ ရလဒ်တွေရမယ်လို့ ယုံကြည်ပါတယ်” ဟု ပြောသည်။

ဒေါက်တာလျန်မှုန်းဆာခေါင်က “ကျွန်တော်တို့ UPDJC အတွင်းရေးမှူးအဖွဲ့ လုပ်ငန်းကော်မတီက နည်းပညာအရ စိတ်ရှည်လက်ရှည် အဖြေရှာမှာဖြစ်သလို ထိပ်သီးအချင်းချင်းလည်း တွေ့ဆုံပြီး အဖြေရှာဖို့ ကြိုးစား နေပါတယ်” ဟု ပြောသည်။

### ကောင်းမွန်သည့် ရလဒ်တစ်ခုဖြစ်လာ

မြောက်ပိုင်းတိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း ခုနစ်ဖွဲ့ ယခုညီလာခံသို့ တက်ရောက်ခဲ့ခြင်းသည် ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် အားလုံးပါဝင်ရန် ပိုမို ကောင်းမွန်သည့် ရလဒ်တစ်ခုဖြစ်လာနေပြီး အဆိုပါအဖွဲ့ များအား ယခုလာမည့်ရက်ပိုင်းအတွင်း တွေ့ဆုံမည်ဖြစ် ကြောင်း သတင်းစာရှင်းလင်းပွဲက သိရသည်။

လက်မှတ်မထိုးထားသည့် အဖွဲ့များပါဝင်လာရေး အတွက် ဦးဇော်ဌေးက “လက်မှတ်မထိုးထားတဲ့ အဖွဲ့ အစည်းတွေ ဒီညီလာခံကိုလာတယ်၊ လာတဲ့အပေါ်မှာ ဒီညီလာခံက ထူးခြားတယ်၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်အပါအဝင် အခြားအဖွဲ့တွေလည်း တွေ့တယ်။ အရင်က မြောက်ပိုင်းတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ အစည်းသုံးဖွဲ့ AA၊ TNLA၊ MNDAA ကို NCA ထိုးဖို့ မပြောခဲ့ဘူး၊ အခုပြောလိုက်ပြီ၊ “ဝ”ကြေညာချက်မှာပါတဲ့ အတိုင်း ဒီသုံးဖွဲ့ကို NCA ထိုးဖို့ တိုက်တွန်းပါဆိုတာပါတယ်၊ သူတို့သယ်ဆောင်သွားတဲ့ အထဲမှာ စဉ်းစားစရာအများကြီး ပါပါမယ်၊ ကျွန်တော်တို့အနေနဲ့ ဒီညီလာခံပြီးတာနဲ့ မြောက်ပိုင်းတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းခုနစ် ဖွဲ့ကိုတွေ့ဖို့ ရက်ပိုင်းအတွင်းမှာ စမယ်။ အားရကျေနပ်မှု ရှိတယ်” ဟု ပြောသည်။

နိုင်ငံရေးကဏ္ဍ လေးချက်၊ စီးပွားရေးကဏ္ဍ တစ်ချက်၊ လူမှုရေးကဏ္ဍ ခုနစ်ချက်၊ မြေယာနှင့်သဘာဝပတ်ဝန်းကျင် ကဏ္ဍ နှစ်ချက် စုစုပေါင်း ၁၄ ချက်အား ညီလာခံ၏ နောက်ဆုံးနေ့တွင် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၂)အဖြစ် လက်မှတ်ရေးထိုးမည်ဖြစ်သည်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးတွင် ကဏ္ဍလေးခုမှ အချက်ပေါင်း ၃၇ ချက်သဘောတူခဲ့ပြီး ယခုညီလာခံတွင် ၁၄ ချက်ကို သဘောတူနိုင်မည်ဖြစ်၍ ပြည်ထောင်စုသဘောတူစာချုပ် တွင် အချက်ပေါင်း ၅၁ ချက်ကို ထည့်သွင်းလက်မှတ်ရေးထိုး နိုင်တော့မည်ဖြစ်သည်။ **ရဲခေါင်ညွန့်၊ ဓာတ်ပုံ-ဖိုးထောင်**

---

**○ ကျောဖုံးမှ**

ရီဘစ်၊ ဗာဆယ်ကို၊ လော့ဗ်ရန်၊ ဗီဒါ၊ စထရီနစ်တို့ကို ၄-၂-၃-၁ ဗျူဟာဖြင့် ပွဲထွက်လာခဲ့သည်။

ယင်းပွဲစဉ်တွင် ပြင်သစ်အသင်းအတွက် သွင်းဂိုးများကို ပွဲကစားချိန် ၁၈ မိနစ်တွင် မန်ဇူကစ်၏ ကိုယ့်ဂိုးကို ပြန်သွင်းမိသည့် သွင်းဂိုးမှတစ်ဆင့် ပြင်သစ်တို့ဦးဆောင်ဂိုးစတင်ရရှိခဲ့ပြီး ၃၈ မိနစ်တွင် ဂရစ်ဇ်မန်း၏ ပင်နယ်တီ သွင်းဂိုး၊ ၅၉ မိနစ်တွင် ပေါ့ဘာ၏ သွင်းဂိုး၊ ၆၅ မိနစ်တွင် မက်ပီ၏ သွင်းဂိုး တို့ဖြင့် လေးဂိုးရရှိခဲ့ပြီး ခရိုအေးရှားအသင်းမှာမူ ၂၈ မိနစ်တွင် ပါရီဆစ်၏ သွင်းဂိုး၊ ၆၉ မိနစ်တွင် မန်ဇူကစ်၏ သွင်းဂိုးတို့ဖြင့် ချေပဂိုးပြန်လည်ရရှိခဲ့သည်။ မန်ဇူကစ်သွင်းယူခဲ့သည့်သွင်းဂိုးမှာ ပြင်သစ်ဂိုးသမား ဟူဂိုလိုးရစ်၏ အမှားမှ တစ်ဆင့် ရရှိခဲ့ခြင်းဖြစ်သည်။

ယခုပွဲစဉ်သည် ကမ္ဘာတစ်ဝန်းရှိပရိသတ်များ၏ စိတ်ဝင်စားမှုအကောင်း ဆုံးပွဲစဉ်ဖြစ်ခဲ့သလို ပြိုင်ဆိုင်မှုအရလည်း ပြင်းထန်သည့်ပွဲစဉ်ဖြစ်သည်။ ပြင်သစ် အသင်းမှာ ယခုကမ္ဘာ့ဖလားပြိုင်ပွဲတွင် ချန်ပီယံဖြစ်ရန် ရေပန်းစားနေသည့် အသင်းဖြစ်ပြီး လူငယ်ကစားသမားအများစုဖြင့် စုဖွဲ့ထားသည့် ပြင်သစ်အသင်း နည်းပြ ဒက်ချမ့်၏ ကစားသမားရွေးချယ်မှုသည်လည်း မှန်ကန်ခဲ့သည်ဟုဆိုရမည် ဖြစ်သည်။

အဆိုပါပွဲစဉ်တွင် လူငယ်တိုက်စစ်ကစားသမား မက်ပီသည် ပြင်သစ် အသင်းအတွက် တစ်ဂိုးသွင်းယူပေးခဲ့ပြီး ၁၉၅၈ ခုနှစ်နောက်ပိုင်း ကမ္ဘာ့ဖလား ပြိုင်ပွဲ၏ နောက်ဆုံးဗိုလ်လုပွဲတွင် ဂိုးသွင်းယူနိုင်ခဲ့သည့် ပထမဆုံးသော လူငယ် ကစားသမားတစ်ဦးလည်းဖြစ်လာခဲ့သည်။ ၁၉၅၈ ခုနှစ် ကမ္ဘာ့ဖလားနောက် ဆုံးဗိုလ်လုပွဲတွင် ဘရာဇီးအသင်းနှင့် ဆွီဒင်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာတွင် လူငယ်တိုက်စစ်မှူး ပီလီသည် အသက်(၁၇)နှစ်အရွယ်ဖြင့် ဂိုးသွင်းယူနိုင်ခဲ့ခြင်း ဖြစ်သည်။ ထို့ပြင် ယခုသွင်းဂိုးသည် အသက်(၁၉)နှစ်အရွယ်ရှိ မက်ပီအတွက် လေးဂိုးမြောက် သွင်းဂိုးလည်း ဖြစ်လာခဲ့သည်။ ပြင်သစ်အသင်းမှာမူ ယခုပွဲစဉ် တွင် နိုင်ပွဲရရှိရေးအတွက် ပရိသတ်ထောင်ချီ လာရောက်အားပေးခဲ့ပြီး ပရိသတ် ၇၈၀၀၀ ကျော် လာရောက်အားပေးခဲ့ကြောင်းလည်း သိရသည်။

ယခုယှဉ်ပြိုင်ကစားခဲ့သည့် ကမ္ဘာ့ဖလားပြိုင်ပွဲသည် (၂၁)ကြိမ်မြောက် ကမ္ဘာ့ဖလားပြိုင်ပွဲဖြစ်ပြီး ဗိုလ်လုပွဲစဉ်ကို မော်စကိုမြို့ရှိ လုဇ်နီကီကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်သည်။ ယခုကမ္ဘာ့ဖလားပြိုင်ပွဲတွင် အသင်းပေါင်း ၃၈ သင်း ပါဝင်ယှဉ်ပြိုင်ကစားခဲ့ပြီး ပထမရရှိသည့်အသင်းကို ဆုကြေးအဖြစ် အမေရိကန်ဒေါ်လာ ၃၈ သန်းချီးမြှင့်ခဲ့သည်။ ယခုကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဂိုးသွင်း အများဆုံးဆု(ရွှေဘောလုံးဆု)ကို အင်္ဂလန်တိုက်စစ်မှူး ဟယ်ရီကိန်းကလည်း ကောင်း၊ အကောင်းဆုံးကစားသမားဆုကို ခရိုအေးရှား ကွင်းလယ်ကစားသမား လူကာမိုဒရစ်ကလည်းကောင်း၊ လူငယ်အကောင်းဆုံးကစားသမားဆုကို ပြင်သစ် တိုက်စစ်မှူး မက်ပီကလည်းကောင်း၊ အကောင်းဆုံးဂိုးသမားဆု (ရွှေလက် အိတ်ဆု)ကို ဘယ်လ်ဂျီယံဂိုးသမား ကော်တိုရစ်ကလည်းကောင်း အသီးသီး ရရှိခဲ့ကြသည်။ **ငွေကြယ်**

---

**❋ Miss Myanmar မှ**

သရဖူကို ဆွတ်ခူးရရှိခဲ့ပြီး နိုင်ငံတကာအလှမယ် ပြိုင်ပွဲကြီးများသို့ သွားရောက်ယှဉ်ပြိုင်ခဲ့သူဖြစ် သည်။ Miss Supranational 2014 ပြိုင်ပွဲကြီးတွင် ဆန်ခါတင် အလှမယ် ၁၀ ဦးစာရင်းအထိ ပါဝင် ခဲ့ပြီး ယင်းပြိုင်ပွဲကြီးတွင် Miss Asia and oceania နှင့် Miss Internet Title ဆုကို ရရှိခဲ့သည်။ ယခုအကြိမ်သည် သူ့အတွက် တတိယအကြိမ် မြောက် နိုင်ငံတကာ အလှမယ်ပြိုင်ပွဲကြီးသို့ သွားရောက်ယှဉ်ပြိုင်ခွင့် ရရှိခဲ့ခြင်းဖြစ်သည်။

“ဒီသရဖူက ဟန်တီရဲ့ အိပ်မက်ဖြစ်ခဲ့သလို မေမေ့ရဲ့အိပ်မက်လေးလည်း ဖြစ်ပါတယ်၊ အခု ဟန်တီရဲ့အိပ်မက်တွေ ပြည့်ဝခဲ့ရသလို မေမေရဲ့ အိပ်မက်လေး ပြည့်မြောက်အောင် ကြိုးစားရယူ ပေးနိုင်ခဲ့လို့လည်း ဟန်တီ အလွန်ပျော်မိတယ်၊ ဒီ့ထက်မက ကြိုးစားသွားပါမယ်၊ အားလုံးကို ကျေးဇူးတင်တယ်၊ အားလုံးကိုလည်း ချစ်ပါတယ်” ဟု သရဖူရရှိခဲ့သူ အလှမယ် ဟန်တီက ပြောသည်။

(၆၈)ကြိမ်မြောက် Miss Myanmar World 2018 ပြိုင်ပွဲကြီးကို နိုင်ငံပေါင်း ၁၀၀ ကျော်မှ အလှမယ် ၁၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ် သည်။ ဟန်တီသည် အဆိုပါပြိုင်ပွဲကြီးသို့ နိုင်ငံ ကိုယ်စားပြုအလှမယ်တစ်ဦးအဖြစ် သွားရောက် ယှဉ်ပြိုင်ခွင့်ရရှိခဲ့ပြီ ဖြစ်သည်။ **မေနှင်းဆီ**

---

## လုပ်ငန်းရှင်များသို့ ကြိုတင်အသိပေးခြင်း

၂၀၁၄ ခုနှစ် စားသုံးသူအကာအကွယ်ပေးရေးဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ (ဃ) အရ စီးပွားရေးလုပ်ငန်းရှင်သည် ကုန်စည်များပေါ်တွင် သုံးစွဲပုံနှင့် ပတ်သက်သော သတင်း၊ အချက်အလက် သို့မဟုတ် ညွှန်ကြားချက်များကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့် အခြားဘာသာတွဲလျက်ဖြစ်စေ ဖော်ပြ ၍ ထုတ်လုပ်ခြင်း၊ ကုန်သွယ်ခြင်း၊ ရောင်းချခြင်းများ ဆောင်ရွက်သွားရန် အမိန့်ကြော်ငြာစာကို မကြာမီ ထုတ်ပြန်ကြော်ငြာသွားမည် ဖြစ်ပါသည်။

အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး (၆) လပြည့်မြောက်သည့်နေ့မှစပြီး အာဏာသက်ရောက်မည်ဖြစ်၍ လိုက်နာခြင်းမရှိပါက စားသုံးသူ အကာ အကွယ်ပေးရေးဥပဒေနှင့်အညီ အရေးယူခံရမည်ဖြစ်ပါကြောင်းနှင့် လုပ်ငန်း ရှင်များအနေဖြင့် ကြိုတင်သိရှိ ပြင်ဆင်ဆောင်ရွက်ထားနိုင်ကြပါရန် အသိ ပေးအပ်ပါသည်။ **စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီ**

## အသိပေးကြေညာချက်

အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်နှင့် ဝန်ကြီးများရုံး (ယခင် အတွင်းဝန်ရုံး)သို့ လာရောက်သည့် အများပြည်သူများနှင့် နိုင်ငံခြားသား ဧည့်သည်များအနေဖြင့် အောက်ပါပစ္စည်းများကို ယူဆောင်ခြင်းမပြုရန် လေးစားစွာ မေတ္တာရပ်ခံအပ်ပါသည်-

- ❖ လက်ကိုင်ဖုန်းအမျိုးမျိုး
- ❖ အလံအမျိုးမျိုး
- ❖ လက်ကိုင်အိတ်အမျိုးမျိုး
- ❖ ကင်မရာအမျိုးမျိုး
- ❖ ပန်းခွေ၊ ပန်းစည်း၊ ပန်းခြင်းအမျိုးမျိုး
- ❖ ဗီနိုင်းစအမျိုးမျိုး
- ❖ ပုလင်း/ ဘူးအမျိုးမျိုး
- ❖ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့် ကော်ပိုက်၊ သံပိုက်များ
- ❖ မီးခြစ်အမျိုးမျိုး

# ငြိမ်းချမ်းသည့် ဖွံ့ဖြိုးတိုးတက်စည်းလုံးညီညွတ်သော နိုင်ငံကြီးဖြစ်အောင် . . .

"ဖေဖေဆုံးတော့ မေမေက (၂၄) နှစ်ပဲ ရှိသေးတယ်၊ အစ်ကိုကြီးက (၇)နှစ်၊ အစ်ကိုလတ်က (၅)နှစ်နဲ့ ကျွန်တော်က နှစ်နှစ်နီးပါးပဲရှိသေးတယ်၊ အင်းလျားလမ်း(၂၈/က)မှာ ဘကြီး ဦးဖိုးလှရဲ့အိမ်မှာ မိသားစုနေကြတာပါ၊ ဖေဖေက ရုံးကိုမသွားခင်မှာ အစ်ကိုကြီးနဲ့ ကျွန်တော့်ကို ကားပေါ်တင်ပြီး အမြဲတမ်း ခြံထဲမှာ ကားပတ်မောင်းပေးပြီးမှ ရုံးကိုသွားတတ်တယ်၊ ဖေဖေကျဆုံးမယ့်နေ့မှာလည်း ရုံးမသွားခင်မှာ သားတွေကို ကားပေါ်တင်၊ ခြံထဲလှည့်ပတ်စီးပြီးမှ ရုံးကိုသွားတယ်လို့ မေမေက ပြောတယ်" ဟု အာဇာနည် ဦးအုန်းမောင်၏ သားအငယ်ဆုံးဖြစ်သူ အငြိမ်းစား ပါမောက္ခဦးမင်းမြတ်က သတိတရပြောပြသည်။

၎င်းက ဆက်လက်၍ "တိုင်းပြည်ခေါင်းဆောင်တွေဟာ လွတ်လပ်ရေးနဲ့ ငြိမ်းချမ်းရေးအတွက် အသက်စွန့်ပြီး လုပ်ခဲ့ကြတာပါ၊ အခုလုပ်ဆောင်နေတဲ့ (၂၁)ရာစုပင်လုံလိုပဲ ဗိုလ်ချုပ်လည်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် ပင်လုံညီလာခံကို လုပ်ခဲ့တယ်၊ တောင်ပေါ်၊ မြေပြန့် ခရီးနှင်ပြီး စည်းရုံးရေးလုပ်ခဲ့တယ်၊ ဒေသအသီးသီးသွားတဲ့အခါမှာ အဆင်ပြေပေမယ့် ကချင်ပြည်နယ်မှာ အခက်အခဲနည်းနည်းကြုံရတယ် ထင်တယ်၊ မြစ်ကြီးနားမှာ ဖေဖေက တိုင်းမင်းကြီး လုပ်ခဲ့တယ်ဆိုတော့ ဆမားဒူးဝါး ဆင်ဝါးနောင်က ပုဂ္ဂိုလ်ရေးအရ ခင်မင်လေးစားတယ်၊ တစ်ရက်မှာ ဝန်ကြီး ဦးကျော်ငြိမ်းနဲ့ ဗိုလ်လက်ျာတို့ အိမ်ရောက်လာပြီး ဗိုလ်ချုပ်အောင်ဆန်းမှာတဲ့အတိုင်း ဖေဖေ့ကို ကချင်ပြည်နယ်ကို သွားဖို့ လာပြောတယ်၊ လေထိုးလို့ ညတိုင်းငိုတတ်တဲ့ ကျွန်တော့်ကို ဖေဖေကချီပြီး ချော့သိပ်လေ့ရှိတယ်၊ အဲဒီနေ့ကလည်း နေမကောင်းဖြစ်နေတယ်၊ အဲဒါကို ဗိုလ်ချုပ်ကလည်း သိတယ်၊ ကလေးအတွက် စိတ်မပူဖို့နဲ့ အကြောင်းရှိလို့ ရန်ကုန်ပြန်လာရမယ်ဆိုရင်လည်း လေယာဉ်နဲ့ အချိန်မရွေးခေါ်ပေးပါ့မယ်လို့ ပြောတယ်၊ တိုင်းပြည်အတွက် အရေးကြီးကိစ္စဖြစ်တာကြောင့် နောက်တစ်ရက်မှာ မြစ်ကြီးနားကို ဖေဖေထွက်သွားတယ်၊ ကျွန်တော်



ဦးအုန်းမောင်၏ မိသားစုဓာတ်ပုံကို တွေ့ရစဉ်။

> ❛တိုင်းပြည်အတွက် အသက်ပေးသွားခဲ့သော အာဇာနည်ခေါင်းဆောင်များကို လွမ်းဆွတ်သတိရ၊ ကျေးဇူးတင်သောအားဖြင့် အာဇာနည်ခေါင်းဆောင်ကြီးများ မျှော်မှန်းဆောင်ရွက်ခဲ့သော ငြိမ်းချမ်းသည့် ဖွံ့ဖြိုးတိုးတက်စည်းလုံးညီညွတ်သော မြန်မာနိုင်ငံကြီးဖြစ်အောင် မြန်မာပြည်သူပြည်သားအားလုံးက ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် . . .❜



**ဦးအုန်းမောင်**

**(၂ ဖေဖော်ဝါရီ ၁၉၁၃ - ၁၉ ဇူလိုင် ၁၉၄၇)**

ဦးအုန်းမောင်သည် မင်းဘူးမြို့ မစ္စတာ အိပ်ချ်ဒဗလျူ တရပ်(တ်)ဝိန်း၊ ဒေါ်ရွှေမြင့်တို့၏ ဒုတိယသားဖြစ်သည်။ မွေးသက္ကရာဇ်မှာ ၁၉၁၃ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်(တနင်္ဂနွေနေ့)ဖြစ်သည်။

တက္ကသိုလ်ကျောင်းသားဘဝက ရန်ကုန်တက္ကသိုလ်တပ်ရင်းတွင် တပ်ခွဲတပ်ထောက်အဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၃၄ ခုနှစ်တွင် ဝိဇ္ဇာတန်း အောင်သည်။ ၁၉၃၇ ခုနှစ်တွင် အိုင်စီအက်(စ်) စာမေးပွဲဖြေသူ သုံးဦးအနက် ပထမရသည်။ ၁၉၃၉ ခုနှစ်တွင် မန္တလေးမြို့ အရှေ့နယ်ပိုင်ဝန်ထောက်အဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၄၇ ခုနှစ်တွင် မြစ်ကြီးနား အရေးပိုင်အဖြစ် ခန့်အပ်ခြင်းခံရသည်။ ထို့နောက် လမ်းပန်းဆက်သွယ်ရေး အတွင်းဝန်အဖြစ် ခန့်အပ်ခြင်း ခံရသည်။

၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့၊ စနေနေ့၊ နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် လုပ်ကြံခံရသည်။



ဦးမင်းမြတ်



ဒေါ်သိန်းကြွယ်

ကတော့ ညဆိုရင် ပုံမှန်အတိုင်း လေနာရောဂါကြောင့် ငိုနေတာပဲလို့ ပြောတယ်"ဟု ပြောပြသည်။

ဦးမင်းမြတ်က ဆက်လက်၍ "ဖေဖေ မြစ်ကြီးနားကို ရောက်တော့ ဆမားဒူးဝါး ဆင်ဝါးနောင်နဲ့တွေ့ဖြစ်တယ်၊ ဗိုလ်ချုပ်မှာတဲ့အတိုင်း ပြောပြတယ်၊ သူရန်ကုန်လိုက်ရင် ဖေဖေ့အိမ်မှာပဲနေလိုတယ်လို့ ပြောတယ်၊ အဲဒါနဲ့ ရန်ကုန်လိုက်ပါလာပြီး အိမ်မှာ တစ်ပတ်၊ ၁၀ ရက်နေပြီး ဗိုလ်ချုပ်နဲ့တွေ့ဖြစ်တယ်၊ ဖေဖေ မြစ်ကြီးနားကနေ ရန်ကုန်ကို မပြောင်းခင်မှာ ကချင်ပြည်နယ်က ဓားနဲ့ လှံ လက်ဆောင်ပေးတယ်၊ ဗိုလ်ချုပ်အောင်ဆန်း ကချင်ပြည်နယ်ကို ရောက်တော့ အဆင်ပြေခဲ့တယ်၊ ပင်လုံစာချုပ်ချုပ်ဆိုဖို့ တိုင်းရင်းသားတွေ စည်းလုံးမှုရခဲ့တယ်လို့ဆိုရမှာပါ။

"အာဇာနည်နေ့ကို စတင်ကျင်းပတာက သမ္မတကြီးမန်းဝင်းမောင်လက်ထက် ဗိမာန်အဟောင်းမှာ ကျင်းပပါတယ်၊ ကျွန်တော်တို့ သိတတ်တဲ့အရွယ်ရောက်နေပြီ၊ ဒေါ်ခင်ကြည်က သားနဲ့ သမီးကိုခေါ်ပြီး အာဇာနည်ဗိမာန်ကိုလာတယ်၊ ဗိမာန်ဘေးမှာ ဧည့်ခံမဏ္ဍပ်ထားတယ်၊ ထိပ်ဆုံးမှာ ဒေါ်ခင်ကြည်နဲ့မိသားစုရပ်ပြီး ဘေးမှာ အာဇာနည်မိသားစုဝင်တွေ တန်းစီပြီး ရပ်ကြတယ်၊ သမ္မတကြီးမန်းဝင်းမောင်က ဒေါ်ခင်ကြည်ကစပြီး တစ်ဦးချင်းစီကို နှုတ်ဆက်အားပေးစကားပြောတယ်၊ မနက် ၇ နာရီခွဲမှာ သမ္မတကြီးနဲ့ စကားပြောပြီး ၈ နာရီမှာ ဂုဏ်ပြုတပ်ဖွဲ့နဲ့ အုတ်ဂူရှေ့မှာ ပန်းခွေချတယ်၊ ပြီးတာနဲ့ အာဇာနည်ခေါင်းဆောင်မိသားစုက တစ်ပြိုင်တည်း အာဇာနည်ခေါင်းဆောင်တွေရဲ့ရှေ့မှာ ပန်းခွေတွေချတယ်၊ အာဇာနည်ခေါင်းဆောင် မိသားစုဝင်တွေအားလုံး တစည်းတလုံးတည်း ပန်းခွေချရတာကို ရင်ထဲမှာ ကျေနပ်ပီတိဖြစ်ရပါတယ်"ဟု ပြောကြားသည်။

အတွင်းဝန် ဦးအုန်းမောင်တွင် သား သုံးဦး ကျန်ရစ်ခဲ့ပြီး ယနေ့တိုင် သက်ရှိထင်ရှားရှိကြသည်။ အကြီးဆုံးမှာ ဦးတင်မောင်သိန်း (၇၉) နှစ်၊ သားလတ် ဦးကိုကိုလှ (၇၇) နှစ်နှင့် သားငယ် ဦးမင်းမြတ် (၇၃)နှစ်တို့ဖြစ်သည်။ ကျဆုံးသွားသော အာဇာနည်ခေါင်းဆောင် ကိုးဦး၏ ဇနီးသည်များအနက် ယနေ့တိုင် သက်ရှိထင်ရှားကျန်ရစ်သူမှာ အတွင်းဝန် ဦးအုန်းမောင်၏ဇနီး ဒေါ်သိန်းကြွယ် (၉၅) နှစ် ဖြစ်ကာ ကျန်းမာရေးအတွက် သား သုံးဦးမှ ဂရုစိုက်လျက်ရှိသည်။ အတွင်းဝန် ဦးအုန်းမောင် ကျဆုံးချိန်တွင် ၎င်း၏အသက်မှာ (၃၄) နှစ်ဖြစ်ပြီး ဗိုလ်ချုပ်မှာ (၃၂) နှစ်ဖြစ်သောကြောင့် အသက်အရွယ် မတိမ်းမယိမ်းဖြစ်၍ တိုင်းပြည်လွတ်လပ်ရေးအတွက် တစ်ဦးနှင့်တစ်ဦး ပွင့်လင်းရင်းနှီးစွာ တိုင်ပင်ဖော်တိုင်ပင်ဖက် ဖြစ်ခဲ့သည်။

အတွင်းဝန် ဦးအုန်းမောင်၏ဇနီး ဒေါ်သိန်းကြွယ်က "သူ့ကို လမ်းပန်းဆက်သွယ်ရေး အတွင်းဝန်အဖြစ် တာဝန်ပေးတော့ မြစ်ကြီးနားအရေးပိုင်ကနေ ရန်ကုန်ကို ပြောင်းလာတယ်၊ အင်းလျားလမ်းမှာ သူကျဆုံးတဲ့အထိ နေခဲ့တယ်၊ သူဆုံးမယ့်နေ့မှာ သူ့ရုံးက အဖွဲ့တွေကို အိမ်မှာ ၁၂ နာရီ အစည်းအဝေးခေါ်ထားလို့ ဗိုလ်ချုပ်တို့ မနက် ၁၀ နာရီစမယ့် အစည်းအဝေးမှာ သူတင်ပြစရာ တင်ပြပြီး ဗိုလ်ချုပ်ကို ခွင့်တောင်းပြီး ပြန်လာမယ်၊ ဧည့်သည်တွေကို ဧည့်ခံထားဖို့ မှာခဲ့သေးတယ်။

"အစည်းအဝေးက မနက် ၁၀ နာရီစမယ်လို့ ဗိုလ်ချုပ်က ပြောထားတော့ မနက် ၉ နာရီမထိုးခင်လေးမှာ ကားနဲ့ထွက်သွားတယ်၊ မနက် ၁၀ နာရီခွဲမှာ ကျွန်မအစ်ကိုရဲ့ မိတ်ဆွေဖြစ်တဲ့ ဘားလမ်းမှာနေတဲ့ရှေ့နေက အတွင်းဝန်ရုံးမှာ ပစ်ခတ်လို့ ဗိုလ်ချုပ်နဲ့ အစည်းအဝေးတက်တဲ့သူတွေ ထိကြတယ်လို့ လူလွှတ်ပြီး လာပြောပေးတယ်၊ စိတ်ပူပြီး ဆေးရုံကို သွားကြည့်တော့ သေနတ်ပစ်ခံရတယ်ဆိုတာ သိရတယ်၊ အရေးပေါ်ခန်းကို ဝင်ခွင့်မပေးဘူး၊ ရင်တွေပူပြီး ငိုတာပေါ့လေ၊ လူတွေလည်း အများကြီးပဲ၊ မိတ်ဆွေတွေက အိမ်ပြန်ပို့ပေးတယ်။

"အိမ်မှာလည်း သတင်းလာမေးတဲ့လူတွေ ရောက်နေပြီ၊ ဗိုလ်ချုပ်တို့လုပ်ကြံခံရတာ ချက်ချင်းသတင်းပျံ့သွားပုံရတယ်၊ လူကလည်း ဘာမှမပြောနိုင်ပေါ့လေ၊ ကျွန်မက ညီအစ်မလေးဦးမှာ တတိယပါ၊ အစ်မအကြီးဆုံးက လာတဲ့ဧည့်သည်တွေကို ဖြေရမှာ ခက်နေမှာစိုးလို့ အိမ်အပေါ်ထပ်ကို ကျွန်မကိုတွဲပြီးခေါ်သွားတယ်၊ တစ်နေ့လုံး၊ တစ်ညလုံး ငိုနေမိတယ်၊ အဲဒီနေ့ကတော့ မိသားစုရဲ့ ဝမ်းနည်းဆုံး နေ့တစ်နေ့ပါပဲ"ဟု အဘွားသိန်းကြွယ်က ပြောပြနေသည်။

ဦးအုန်းမောင်သည် မင်းဘူးမြို့ မစ္စတာ အိပ်ချ်ဒဗလျူ တရပ်(တ်)ဝိန်းနှင့် ဒေါ်ရွှေမြင့်တို့၏ ဒုတိယသားဖြစ်သည်။ ၁၉၁၃ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက် (တနင်္ဂနွေနေ့)တွင် မွေးဖွားသည်။ တက္ကသိုလ်ကျောင်းသားဘဝက ရန်ကုန်တက္ကသိုလ် တပ်ရင်းတွင် တပ်ခွဲတပ်ထောက်အဖြစ် ဆောင်ရွက်ခဲ့ပြီး ၁၉၃၄ ခုနှစ်တွင် ဝိဇ္ဇာတန်းအောင်မြင်၍ ၁၉၃၇ ခုနှစ်တွင် အိုင်စီအက်(စ်) စာမေးပွဲဖြေသူ သုံးဦးအနက် ပထမရခဲ့သည်။ ၁၉၃၉ ခုနှစ်တွင် မန္တလေးမြို့ အရှေ့နယ်ပိုင်ဝန်ထောက်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၄၇ ခုနှစ်တွင် မြစ်ကြီးနားမြို့ အရေးပိုင်၊ ထိုမှ လမ်းပန်းဆက်သွယ်ရေးအတွင်းဝန်အဖြစ် ခန့်အပ်ခြင်း ခံရသည်။

"မနှစ်က အာဇာနည်နေ့အခမ်းအနား ပြောင်းလဲမှုတွေကို တွေ့ရတော့ အားရကျေနပ်မှု ရှိပါတယ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပိုပြီးအရေးကြီးလာပြီလို့ မြင်တယ်၊ (၂၁)ရာစုပင်လုံကိုလည်း စိတ်ဝင်စားတယ်၊ အာဇာနည်ဆိုတာ အဓိပ္ပာယ်ဖွင့်ဆိုချက်က တစ်သမတ်တည်းတော့မရှိဘူး၊ ဖြစ်တဲ့အခြေအနေ၊ ဖြစ်တဲ့အချိန်အခါနဲ့ ဖြစ်ရပ်ပေါ်မူတည်ပြီး အာဇာနည်ပုံရိပ်က ကွာသွားတယ်၊ ဗိုလ်ချုပ်အောင်ဆန်းလို အာဇာနည်ကတော့ ထူးခြားတယ်၊ ကျောင်းသားဘဝကတည်းက သခင်ဖြစ်ခဲ့တယ်၊ ရဲဘော်သုံးကျိပ်ဝင်လည်းဖြစ်ခဲ့တယ်၊ ပညာလည်း တော်တယ်၊ ပြီးတော့ သတ္တိလည်းရှိတယ်၊ ဇွဲရှိတယ်၊ အောင်မြင်အောင်လည်း ဆောင်ရွက်နိုင်တယ်၊ စည်းရုံးရေးလည်းတော်တယ်။

"ဒါကြောင့် ကျန်တဲ့ခေါင်းဆောင်တွေ၊ တိုင်းရင်းသားခေါင်းဆောင်တွေက လေးစားကြတာပါ၊ ကျွန်တော်တို့လည်း ဗိုလ်ချုပ်ကို ငယ်ငယ်ကတည်းက အတုခိုးခဲ့တာပါ၊ လူငယ်တွေကို မှာချင်တာက ဟိုတစ်ချိန်က ဗိုလ်ချုပ်အောင်ဆန်းလို ရှားရှားပါးပါး ခေါင်းဆောင်ကောင်းကို ရခဲ့တယ်၊ သမိုင်းရဲ့ဖြစ်စဉ်ကိုကြည့်ပြီး နောင်တရ၊ သင်ခန်းစာယူဖို့ကောင်းပြီ၊ (၂၁)ရာစုပင်လုံညီလာခံမှာလည်း တိုင်းရင်းသားအားလုံး စည်းစည်းလုံးလုံး ပါဝင်သင့်တယ်၊ အာဇာနည်ခေါင်းဆောင်ကြီးတွေ အသက်ပေးပြီး ရယူခဲ့တဲ့ လွတ်လပ်ရေးတည်တံ့ခိုင်မြဲဖို့ ကြိုးပမ်းဆောင်ရွက်မှုကို အားလုံးဝန်းရံပေးဖို့ လိုပါတယ်၊ ပြီးခဲ့တဲ့သမိုင်းဖြစ်စဉ်ကို သင်ခန်းစာယူဖို့ မမေ့စေလိုပါဘူး၊ အဲဒါမျိုးမဖြစ်အောင် အားလုံးမှာ တာဝန်ရှိတယ်လို့မြင်တယ်၊ ငြိမ်းချမ်းရေးမှာ မိမိကျရာအခန်းကဏ္ဍကနေ တစ်ဦးနဲ့တစ်ဦး သည်းခံနားလည်ပြီး သမိုင်းကောင်းရေးထိုးကြပါလို့ တိုက်တွန်းလိုပါတယ်"ဟု ဦးမင်းမြတ်က ပြောသည်။

အတွင်းဝန် ဦးအုန်းမောင်သည် အင်္ဂလန်မှ အိုင်စီအက်(စ်) အောင်မြင်သူဖြစ်သောကြောင့် ကျဆုံးပြီးနောက် ဇနီးဖြစ်သူကို ပင်စင်ငွေ ယနေ့တိုင်ပေးသည့်အပြင် သားသုံးဦးအတွက် ပညာသင်ထောက်ပံ့ငွေကိုလည်း အသက် (၂၄) နှစ်ထိ အင်္ဂလန်မှ ထောက်ပံ့ခဲ့ကြောင်း သိရသည်။

မကြာမီ အာဇာနည်နေ့ ကျရောက်တော့မည် ဖြစ်သည်။ မြန်မာပြည် လွတ်လပ်ရေးရရှိရန် အသက်ပေါင်းများစွာ ပေးဆပ်ခဲ့ရသည်။ လွတ်လပ်ရေးအတွက် တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို အာဇာနည်ခေါင်းဆောင်များ ကြိုးပမ်းခဲ့ကြရသည်။ တိုင်းပြည်အတွက် အသက်ပေးသွားခဲ့သော အာဇာနည်ခေါင်းဆောင်များကို လွမ်းဆွတ်သတိရ၊ ကျေးဇူးတင်သောအားဖြင့် အာဇာနည်ခေါင်းဆောင်ကြီးများ မျှော်မှန်းဆောင်ရွက်ခဲ့သော ငြိမ်းချမ်းသည့် ဖွံ့ဖြိုးတိုးတက်စည်းလုံးညီညွတ်သော မြန်မာနိုင်ငံကြီးဖြစ်အောင် မြန်မာပြည်သူပြည်သားအားလုံးက ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။

သတင်းဆောင်းပါး - သန်းထိုက်
ဓာတ်ပုံ - သန်းစိုး

# ဆိုက်ဘာလုံခြုံရေးအသိနှင့် အမျိုးသားအကျိုးစီးပွားအတွက်

## ■ တည်ကြည်မောင်

ဆိုက်ဘာလုံခြုံရေးကို Merriam-Webster အဘိဓာန်တွင် "Measures taken to protect a computer or computer system (as on the Internet) against unauthorized access or attack" ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ ကွန်ပျူတာ (သို့မဟုတ်) ကွန်ပျူတာစနစ်တစ်ခုအား (အဝေးမှဖြစ်စေ၊ အနီးမှဖြစ်စေ) တရားမဝင်အသုံးပြုခြင်း (သို့မဟုတ်) တိုက်ခိုက်ခြင်းမှ ကာကွယ်နိုင်ရန် ဆောင်ရွက်သည့်လုပ်ငန်းများကို ဆိုက်ဘာလုံခြုံရေးဟု ဆိုနိုင်ပေသည်။ တစ်နည်းအားဖြင့် အင်တာနက် အသုံးပြုမှုလုံခြုံရေး (သို့မဟုတ်) ကွန်ပျူတာများ၊ ကွန်ပျူတာကွန်ရက်များ၊ ကွန်ပျူတာစနစ်အပေါ် အခြေခံသည့် မိုဘိုင်းဖုန်းများနှင့် အခြားသော စက်ပစ္စည်းများ၊ တပ်မတော်သုံး စစ်လက်နက်ပစ္စည်းများစသည်တို့ကို အသုံးပြုရာတွင် လုံခြုံမှုရှိရေးအတွက် ဆောင်ရွက်ခြင်းဟု အကြမ်းဖျင်း နားလည်နိုင်မည် ဖြစ်သည်။

### အင်တာနက်အသုံးပြုမှု မြင့်မားလာပြီ

ယနေ့ခေတ်တွင် နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး၊ လူမှုရေးကဏ္ဍအားလုံးကို အင်တာနက်အပါအဝင် ကွန်ပျူတာနှင့် ကွန်ပျူတာနည်းပညာသုံးစက်ပစ္စည်းများ၊ ကွန်ပျူတာကွန်ရက်များအပေါ်တွင် အခြေခံဆောင်ရွက်နေကြသည်ဖြစ်ရာ နိုင်ငံတော်၏ အရင်းအမြစ်များစွာ ဆိုက်ဘာကမ္ဘာပေါ်သို့ ရောက်ရှိနေပြီဟု ဆိုနိုင်ပါသည်။ ထို့ကြောင့် လူတစ်ဦးချင်းစီ၊ အဖွဲ့အစည်းတစ်ခုချင်းစီ၊ နိုင်ငံတစ်ခုချင်းစီအလိုက် ဆိုက်ဘာလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ကြရန် အရေးကြီးလာပါသည်။ ဆိုက်ဘာလုံခြုံရေးလုပ်ငန်းသည် နိုင်ငံတော်နှင့်နိုင်ငံသားများ၏ အကျိုးစီးပွားကာကွယ်ရေးနှင့် တိုက်ရိုက်သက်ဆိုင်နေသည့်အတွက် ကမ္ဘာ့နိုင်ငံများတွင် အမျိုးသားလုံခြုံရေး (National Security)၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် သတ်မှတ်ကာ အလေးထားဆောင်ရွက်နေကြပြီလည်း ဖြစ်သည်။ ဆိုက်ဘာလုံခြုံရေးကျိုးပေါက်ပါက စီးပွားရေးနှင့် အခြေခံအဆောက်အအုံများတွင် ကြီးမားသည့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်စေရုံသာမက နိုင်ငံတော်လုံခြုံရေး၊ နိုင်ငံတည်ဆောက်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် ထိခိုက်မှုများရှိနိုင်သည်ကို သတိပြုရန်လိုပါသည်။

မြန်မာနိုင်ငံတွင် လွန်ခဲ့သည့်ဆယ်စုနှစ်များနှင့် နှိုင်းယှဉ်မည်ဆိုပါက ယနေ့ခေတ်တွင် တောရောမြို့ပါမကျန် အင်တာနက်အသုံးပြုမှု မြင့်မားလာပြီ ဖြစ်သည်။ တစ်ချိန်တည်းမှာပင် ဆိုရှယ်မီဒီယာဟုခေါ်သည့် လူမှုကွန်ရက်များကိုလည်း လူတိုင်းလို အသုံးပြုလာကြသည်ကို တွေ့ရှိနိုင်ပေသည်။ အလားတူ နိုင်ငံအများအပြားတွင်လည်း အင်တာနက်အသုံးပြုသူဦးရေ တိုးတက်များပြားလာလျက်ရှိနေသည်။ ထိုတိုးတက်ပြောင်းလဲမှုအခြေအနေများကို အသုံးပြုကာ မသမာသူများ၊ ရာဇဝတ်သားများ၊ နိုင်ငံရေး၊ လူမှုရေး အမြတ်ထုတ်လိုသူများ၊ လူအုပ်စုများ၊ နိုင်ငံများက သတင်းအမှားများ ဖန်တီးကာ လူမှုကွန်ရက်များပေါ်တွင် ရေးသားလွှင့်တင်ဖြန့်ဖြူးခြင်းဖြင့် ၎င်းတို့လိုလားသည့် ရည်ရွယ်ချက်များကို မသမာသည့်နည်းလမ်းများဖြင့် အောင်မြင်အောင် ကြိုးပမ်းနေကြသည်များလည်း နိုင်ငံများစွာတွင် ဖြစ်ပေါ်နေကြောင်း ကြားသိနေရသည်။

### လူမှုအဖွဲ့အစည်းတစ်ရပ်လုံး ကြံ့ခိုင်မှုရှိအောင် ဆောင်ရွက်သင့်

တစ်နည်းအားဖြင့် အင်တာနက်နည်းပညာ၏ နယ်စပ်ဖြတ်ကျော် ချိတ်ဆက်ဆက်သွယ်နိုင်သည့် အားသာချက်နှင့် ဒီမိုကရေစီစနစ်အရ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ပေးထားခြင်းများအပေါ် အခွင့်ကောင်းယူကာ မသမာသူများက အသိပညာနည်းပါးသူများ၏ ဆုံးဖြတ်နိုင်စွမ်းကို လွှမ်းမိုးချုပ်ကိုင်နိုင်ရန်ကြိုးပမ်း၍ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအရ အမြတ်ထုတ်ရန် ကြိုးပမ်းလာကြခြင်းဖြစ်သည်။ သို့ဖြစ်၍ လူမှုကွန်ရက်နှင့် အခြားသော ဝက်ဘ်ဆိုက်များတွင် သတင်းအမှားများ ထုတ်လွှင့်နေခြင်းအား ကာကွယ်တားဆီး ထိန်းချုပ်နိုင်ရေးကို ဆိုက်ဘာလုံခြုံရေးလုပ်ငန်းစဉ်တစ်ရပ်အဖြစ် သတ်မှတ်ကာ အပူတပြင်းဖြေရှင်းဆောင်ရွက်ရန် လိုအပ်နေပါသည်။ ဒီမိုကရေစီနိုင်ငံများသည် အော်တိုကရေစီနိုင်ငံများထက် သတင်းအမှားဖြန့်ဖြူးသည့် အန္တရာယ်နှင့် ပိုမိုရင်ဆိုင်ရဖွယ်ရှိသည်ဟု ပညာရှင်များက ထောက်ပြထားကြရာ မိမိတို့၏ မြန်မာနိုင်ငံကဲ့သို့ ဒီမိုကရေစီပြုပြင်ပြောင်းလဲစနိုင်ငံများအတွက် အရေးကြီးသည့် သတိပေးချက်ဟု နားလည်နိုင်ပေသည်။

ဆိုက်ဘာလုံခြုံရေးတွင် နည်းပညာပိုင်းအရ ခိုင်မာအားကောင်းအောင် ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ သတင်းအမှားများဖြင့် အခွင့်ကောင်းယူခြင်း မခံရစေရန်အတွက် လူမှုအဖွဲ့အစည်းတစ်ရပ်လုံး ကြံ့ခိုင်မှုရှိအောင် ဆောင်ရွက်သင့်ကြောင်း စင်ကာပူနိုင်ငံဆိုက်ဘာလုံခြုံရေးအေဂျင်စီ၏ ဆိုက်ဘာလုံခြုံရေးနှင့် အမှုဆောင်အရာရှိချုပ် မဟာမင်းကြီးဖြစ်သူ ဒေးဗစ်ခိုက ဆိုပါသည်။ နိုင်ငံအတွင်း ဆိုက်ဘာလုံခြုံရေးလုပ်ငန်းများကို အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍများ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပြီး နိုင်ငံဖြတ်ကျော် ဆိုက်ဘာလုံခြုံရေးနှင့် တုံ့ပြန်အရေးယူရေးလုပ်ငန်းများအတွက် နိုင်ငံများစုပေါင်းကာကွယ်သည့် စနစ်ကို အသုံးပြုဆောင်ရွက်သင့်ကြောင်း ပြီးခဲ့သည့်မေလအတွင်းက အက်စတိုးနီးယားနိုင်ငံတွင် ကျင်းပခဲ့သည့် မြူးနစ်လုံခြုံရေးအစည်းအဝေးတွင် တက်ရောက်ခဲ့သည့် နိုင်ငံ့ခေါင်းဆောင်များ၊ စီးပွားရေးပညာရှင်များ၊ ကွန်ပျူတာပညာရှင်များနှင့် ပါမောက္ခများအားလုံးက သဘောတူလက်ခံခဲ့ကြသည်။

### ပူးပေါင်းဆောင်ရွက်မှုများရှိရန် လိုအပ်

ထို့အတူ နိုင်ငံတစ်ခုချင်းစီ White Hat Hacker ဟုခေါ်သည့် အစိုးရနှင့် ပူးပေါင်းဆောင်ရွက်သည့် နည်းပညာကျွမ်းကျင် လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများအနေဖြင့် ဆိုက်ဘာလုံခြုံရေးလုပ်ငန်းများတွင် ပူးပေါင်းကူညီဆောင်ရွက်နိုင်စေရန် ဥပဒေများရေးဆွဲဆောင်ရွက်သင့်ပြီး နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတကာသဘောတူသည့် ဆိုက်ဘာစံနှုန်းများကို ရေးဆွဲအကောင်အထည်ဖော်နိုင်ရန် လိုအပ်ပါကြောင်း မြူးနစ်လုံခြုံရေးအစည်းအဝေးက အကြံပြုခဲ့သည်။ သို့ဖြစ်၍ ဆိုက်ဘာလုံခြုံရေး ဆောင်ရွက်နိုင်ရန် အစိုးရတစ်ရပ်တည်းဖြင့်သာမရနိုင်ဘဲ ပုဂ္ဂလိကကဏ္ဍနှင့် အစိုးရအကြားတွင်လည်းကောင်း၊ အစိုးရများအချင်းချင်းအကြားတွင်လည်းကောင်း ခိုင်မာအားကောင်းသည့် ပူးပေါင်းဆောင်ရွက်မှုများရှိရန် လိုအပ်သည်မှာ ထင်ရှားပါသည်။

ကုလသမဂ္ဂအောက်ရှိ အဖွဲ့အစည်းတစ်ခုဖြစ်သော နိုင်ငံတကာသတင်းနှင့် ဆက်သွယ်ရေးသမဂ္ဂက အဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၅ နိုင်ငံ၏ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကိုလေ့လာ၍ "၂၀၁၇ ခုနှစ် ဆိုက်ဘာလုံခြုံရေးညွှန်းကိန်း"ကို ထုတ်ပြန်ခဲ့သည်။ အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြရှင်းလင်းထားချက်အရ နိုင်ငံများ၏ ဆိုက်ဘာလုံခြုံရေးညွှန်းကိန်းကို တိုင်းတာရာတွင် မဏ္ဍိုင်ကြီး ငါးရပ်အပေါ် အခြေခံတိုင်းတာသည်ဟု သိရသည်။ ယင်းမဏ္ဍိုင်ကြီး ငါးရပ်မှာ-

(က) ဥပဒေဆိုင်ရာ
(ခ) နည်းပညာဆိုင်ရာ
(ဂ) အဖွဲ့အစည်းဆိုင်ရာ
(ဃ) လူသားစွမ်းရည်မြှင့်တင်မှုဆိုင်ရာ
(င) ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာတို့ဖြစ်သည်။

သို့ဖြစ်၍ ဆိုက်ဘာလုံခြုံရေးဆောင်ရွက်ရာတွင် အထက်ဖော်ပြပါကဏ္ဍများကို ပြည့်စုံကောင်းမွန်အောင် ဆောင်ရွက်ရန်လည်းလိုအပ်သည်။

### တားဆီးပိတ်ဆို့အရေးယူမှုများ ဆောင်ရွက်လျက်ရှိ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဆိုက်ဘာလုံခြုံရေးဆောင်ရွက်မှု အချို့ကို လေ့လာကြည့်ပါက သတင်းအမှားများထုတ်လွှင့်သည့် အဓိကအရင်းအမြစ်ဖြစ်သောလူမှုကွန်ရက်များကို ထိန်းချုပ်နိုင်ရန်အတွက် အဖွဲ့များဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရသည်။ လူတစ်ဦးချင်း၊ တစ်ယောက်ချင်းမှ စိတ်ကြိုက်ရေးတင်နိုင်သည့် လူမှုကွန်ရက်များသည် တရားဝင်သတင်းမီဒီယာများထက် ပိုမိုအားကောင်းလေ့ရှိတတ်ပြီး ပြည်သူများအပေါ်တွင်လည်း ပိုမိုလွှမ်းမိုးနိုင်သည်ဟုဆိုသည်။ ထို့ကြောင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ဆိုက်ဘာဦးစီးဌာနတစ်ခုကို ဖွင့်လှစ်ကာ သတင်းတုများ၊ သတင်းမှားများ ဖြန့်ဝေနေမှုများကို တားဆီးပိတ်ဆို့အရေးယူမှုများ ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် တရုတ်ပြည်သူ့ကွန်ဂရက်မှလည်း ဆိုက်ဘာလုံခြုံရေးဥပဒေကို ရေးဆွဲပြဋ္ဌာန်းပေးခဲ့ရာ ၂၀၁၇ ခုနှစ် ဇွန်လမှ စတင်အသက်ဝင်လျက်ရှိနေသည်။ ထို့အပြင် ပုဂ္ဂလိကကဏ္ဍဖြစ်သော Baidu, WeChat, Weibo စသည့် လူသုံးများသည့် လူမှုကွန်ရက်များ၊ ဝက်ဘ်ဆိုက်များကလည်း ကောလာဟလသတင်းများကို တုံ့ပြန်အသိပေးပိတ်ဆို့သည့်စနစ်များတပ်ဆင်ကာ အစိုးရ၏ ဆိုက်ဘာလုံခြုံရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိနေသည်။

ဥရောပသမဂ္ဂ၏ ဆိုက်ဘာမူဝါဒဆိုင်ရာညှိနှိုင်းရေးအဖွဲ့ အကြီးအကဲဖြစ်သူ ဟယ်လီတီအာမားကလာဆိုသူက သတင်းစစ်ဆင်ရေး (သတင်းအမှားများ ထုတ်လွှင့်ခြင်းကိုတိုက်ဖျက်ခြင်း)များသည် ဒီမိုကရေစီအရ အာမခံပေးထားသည့် လွတ်လပ်စွာဖော်ထုတ်ပြောဆိုခွင့်များကို လေးစားလိုက်နာဆောင်ရွက်ရန် လိုအပ်သည်ဟု ထောက်ပြထားသည်။ 'နည်းပညာ'နှင့် 'လွတ်လပ်မှု' နှစ်မျိုးလုံးကို လူသားတို့အနေဖြင့် တစ်ပြိုင်တည်းရရှိနိုင်သည်ဖြစ်ရာ ယင်းနှစ်ခုလုံးကို တစ်ခုနှစ်တစ်ခု လိုက်လျောညီထွေရှိစေရန်အတွက် ဆောင်ရွက်သင့်သည်ဟု ဆိုပါသည်။

နိဂုံးချုပ်အနေဖြင့် ဆိုက်ဘာလုံခြုံရေးလုပ်ငန်းသည် နိုင်ငံတော်၏ အချုပ်အခြာအာဏာကာကွယ်ခြင်းနှင့် တိုက်ရိုက်ပတ်သက်နေသကဲ့သို့ နိုင်ငံတည်ဆောက်ရေး၊ နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ ကိုယ်စိတ်နှစ်ပါးလုံးကျန်းမာကြံ့ခိုင်မှုရှိသည့် လူ့အဖွဲ့အစည်းတစ်ရပ် ထူထောင်ရေးတို့အတွက် တိုက်ရိုက်ပတ်သက်နေသည့် အမျိုးသားအကျိုးစီးပွား ကာကွယ်ရေးလုပ်ငန်းတစ်ရပ်ဖြစ်ပေသည်။ သို့ဖြစ်၍ နိုင်ငံတော်အစိုးရနှင့်အတူ နိုင်ငံသူ၊ နိုင်ငံသားအားလုံးမှ အသိရှိရှိဖြင့် ဝိုင်းဝန်းပူးပေါင်းပါဝင် ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း တိုက်တွန်းရေးသားအပ်ပါသည်။ ။

> "အင်တာနက်နည်းပညာ၏ နယ်စပ်ဖြတ်ကျော် ချိတ်ဆက်ဆက်သွယ်နိုင်သည့် အားသာချက်နှင့် ဒီမိုကရေစီစနစ်အရ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ပေးထားခြင်းများအပေါ် အခွင့်ကောင်းယူကာ မသမာသူများက အသိပညာနည်းပါးသူများ၏ ဆုံးဖြတ်နိုင်စွမ်းကို လွှမ်းမိုးချုပ်ကိုင်နိုင်ရန်ကြိုးပမ်း၍ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအရ အမြတ်ထုတ်ရန် ကြိုးပမ်းလာကြခြင်းဖြစ်သည်။ သို့ဖြစ်၍ လူမှုကွန်ရက်နှင့် အခြားသော ဝက်ဘ်ဆိုက်များတွင် သတင်းအမှားများ ထုတ်လွှင့်နေခြင်းအား ကာကွယ်တားဆီး ထိန်းချုပ်နိုင်ရေးကို ဆိုက်ဘာလုံခြုံရေးလုပ်ငန်းစဉ်တစ်ရပ်အဖြစ်သတ်မှတ်ကာ အပူတပြင်းဖြေရှင်းဆောင်ရွက်ရန် လိုအပ်"

# အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)သို့ အဆင့်တိုးမြှင့်ဖွင့်လှစ်

**ကနီ ဇူလိုင် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ် ယင်းသွင်ကျေးရွာအုပ်စု နတ်ဗူးစွတ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းမှ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲကို ယနေ့နံနက် ၁၀ နာရီက အဆိုပါကျောင်းရှေ့၌ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ နတ်ဗူးစွတ်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ဆိုင်းဘုတ်ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းနိုင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိုက်စိုးထွန်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ကိုကိုအောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရသည်။

အခမ်းအနားအား ဆက်လက်ကျင်းပရာ ကျောင်းသား ကျောင်းသူများက ဇာတိမာန်သီချင်းဖြင့် ဖွင့်လှစ်ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းနိုင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိုက်စိုးထွန်းတို့က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးကံအောင်က အခြေခံပညာကျောင်းများ အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရခြင်းများနှင့် ပတ်သက်၍ ကျေးလက်နေပြည်သူများ သိရှိနိုင်ရန် ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကိုကိုအောင်က မူခင်းအန္တရာယ် ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့်ပတ်သက်၍ အသိပညာပေးရှင်းလင်း ဟောပြောခဲ့သည်။

ယင်းနောက် အငြိမ်းစားကျောင်းဆရာကြီး ဦးတိုးက နတ်ဗူးစွတ်ကျောင်းသမိုင်းကြောင်းကို ရှင်းလင်းပြောကြားကာ ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ကျောင်းဖွင့်ပွဲ အထိမ်းအမှတ် အလံများကို ကျေးရွာကျောင်းကော်မတီဝင်က ပေးအပ်ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် မြို့နယ်ပညာရေးမှူးတို့က လက်ခံရယူခဲ့ကြောင်း သိရသည်။



**သန်းဌေးအောင်(ကနီ)**

# အမျိုးသားပြတိုက်(နေပြည်တော် )တွင် မြန်မာ့ရိုးရာစဥ့်ထည်အနုပညာ အထူးပြပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ



**နေပြည်တော် ဇူလိုင် ၁၅**
အမျိုးသားပြတိုက်(နေပြည်တော်) တည်ဆောက်ဖွင့်လှစ်ပြသမှု သုံးနှစ်ပြည့် အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသသည့် မြန်မာ့ရိုးရာစဥ့်ထည်အနုပညာ အထူးပြပွဲဖွင့်ပွဲအခမ်းအနားကို အမျိုးသားပြတိုက် (နေပြည်တော်)၌ ယနေ့နံနက်ပိုင်းက ကျင်းပရာ သာသနာရေးနှင့် ယဥ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို တက်ရောက်အမှာစကားပြောကြားသည်။

**ကူးလူးဆက်သွယ်ပေါင်းစပ်**

ပြည်ထောင်စုဝန်ကြီးက ပြတိုက်များသည် ၁၅ ရာစုခန့်တွင် ဥရောပ၌စတင်ပေါ်ပေါက်ပြီး ရှေးဟောင်းပစ္စည်းများ၊ အလှအပပစ္စည်းများ၊ အဖိုးတန်ရတနာများကို စုဆောင်းပြသခဲ့ကြရာမှ ၁၆ ရာစုတွင် ကျောင်းသားကျောင်းသူများအတွက်လည်းကောင်း၊ ၁၇ ရာစုတွင် အများပြည်သူအတွက်လည်းကောင်း ပညာပေးရေးဌာနအဖြစ် တိုးတက်လာပါကြောင်း၊ ၁၉ ရာစုတွင် လက်တွေ့သုတေသနဌာနအဖြစ် ပိုမိုတိုးတက်လာပါကြောင်း၊ မြန်မာနိုင်ငံ၌ ၁၈၅၂ ခုနှစ်တွင် စတင်ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း၊ ပြတိုက်များအနေဖြင့် ဝန်ကြီးဌာန၊ ပုဂ္ဂလိကစသဖြင့်လည်းကောင်း၊ ဘာသာရပ်အရသော်လည်းကောင်း အမျိုးအစားများစွာ တည်ထောင်ဖွင့်လှစ်ထားကြပါကြောင်း၊ သို့သော် အားလုံး၏ ဘုံဦးတည်ချက်သည် ပညာပေးရေးဖြစ်ပါကြောင်း၊ ယနေ့ကမ္ဘာကြီးတွင် သတင်းအချက်အလက် ဆက်သွယ်မှုနည်းပညာများ ပိုမိုတိုးတက်လာသည်နှင့်အမျှ နိုင်ငံအချင်းချင်းဆက်သွယ်မှု လွယ်ကူလာပြီး ယဥ်ကျေးမှုများလည်း ကူးလူးဆက်သွယ်ပေါင်းစပ်လာပါကြောင်း။

ထို့ကြောင့် မိမိတို့၏ရိုးရာယဥ်ကျေးမှုကို ပျောက်ပျက်လျော့ပါးခြင်းမရှိအောင် ထိန်းသိမ်းစောင့်ရှောက်ရန် အလွန်အရေးကြီးလာပါကြောင်း၊ ပြတိုက်သည် နိုင်ငံတစ်ခု၏ အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ် ဆက်စပ်ပေးပြီး လူမျိုး၏ သမိုင်းအစဥ်အလာနှင့် စွမ်းဆောင်ချက်ကို ဖော်ထုတ်ပြသပေးပါကြောင်း၊ အမျိုးသားရေးအတွက် အရေးပါသည့် နေရာဌာနတစ်ခုဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် အနာဂတ်၏ မျိုးဆက်သစ် လူငယ်လူရွယ်များ၊ ကျောင်းသား ကျောင်းသူများကို ပြတိုက်များသို့ မဖြစ်မနေလေ့လာရန် အစီအစဥ်များရေးဆွဲပြီး ၎င်းတို့၏အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ နိုင်ငံ့သမိုင်း၊ နိုင်ငံချစ်စိတ်များ ဖြစ်ထွန်းလာစေရန် ဆောင်ရွက်နေကြပြီ ဖြစ်ပါကြောင်း။

အမျိုးသားပြတိုက်( နေပြည်တော် )ကို ၂၀၁၅ ခုနှစ် ဇူလိုင် ၁၅ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ရာ ယခုအချိန်တွင် မြန်မာနိုင်ငံ၏ ရှေးဦးသမိုင်း မတင်မီခေတ်မှ မြို့ပြလူနေထိုင်မှုခေတ်အထိ သမိုင်းကြောင်း အဆက်ဆက်နှင့် ယဥ်ကျေးမှု အမွေအနှစ်ပစ္စည်းများ၊ တိုင်းရင်းသားတို့၏ ရိုးရာအနုသုခုမတူရိယာပစ္စည်း၊ ခေတ်အဆက်ဆက် ပန်းချီလက်ရာများ၊ အာဆီယံနိုင်ငံများ၏ ရိုးရာဝတ်စုံများနှင့် အထိမ်းအမှတ်များ၊ လက်မှုအနုပညာပစ္စည်းများ၊ ကလေးသူငယ်ပညာပေးမှုများ၊ သီဟာသနပလ္လင်နှင့် မင်းခမ်းတော်ဝင်ပစ္စည်း ပုံစံတူများကို ရုပ်လုံးရုပ်ကြွများ၊ ဗီဒီယိုပြကွက်များဖြင့် ဝေဝေဆာဆာ၊ စုံစုံလင်လင် ပြထားသည်မှာ သုံးနှစ်ပြည့်မြောက်ပြီဖြစ်ပါကြောင်း၊ သုံးနှစ်ပြည့် အထိမ်းအမှတ်အဖြစ် ခေတ်အဆက်ဆက်ထွန်းကားခဲ့သည့် မြန်မာ့ရိုးရာ စဥ့်ထည်များကိုထုတ်နုတ်ပြီး မြန်မာ့ရိုးရာ စဥ့်ထည်အနုပညာအထူးပြပွဲကို ခင်းကျင်းပြသခြင်း ဖြစ်ပါကြောင်း၊ မြန်မာ့ရိုးရာယဥ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းသည့်နည်းတူ မြန်မာ့ရိုးရာ စဥ့်ထည်လုပ်ငန်းတိုးတက်ရေးအတွက် အထောက်အကူပြုစေမည်ဖြစ်ပါကြောင်း၊ ယနေ့အချိန်တွင် ပြတိုက်များသည် ပညာပေးရေး၊ သုတေသနပြုရေးသာမက ပြည်သူလူထု အပန်းဖြေသည့်နေရာအဖြစ် ဖော်ဆောင်လာကြပါကြောင်း၊ ထို့ကြောင့် ပြတိုက်များ၏ ခင်းကျင်းပြသမှုကို စဥ်ဆက်မပြတ် တီထွင်ကြံဆ ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ ပြတိုက်ဝန်ထမ်းများသည် သမိုင်းအမြင်၊ ရှေးဟောင်းသုတေသနအမြင်၊ အနုပညာအမြင်၊ ယဥ်ကျေးမှုအမြင်ရှိရန်လိုအပ်သကဲ့သို့ ပြည်တွင်း၊ ပြည်ပ ဧည့်သည်များ အဆင်ပြေချောမွေ့ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ လေ့လာနိုင်အောင် ဝန်ဆောင်မှု အမြင်လည်းရှိရန် လိုအပ်ပါကြောင်း မှာကြားသည်။

**အားပေးကြည့်ရှု**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် မြန်မာသမိုင်းပညာရှင်များ၊ မြန်မာနိုင်ငံပြတိုက်များကော်မတီ အဖွဲ့ဝင်များ၊ ICOM – Myanmar အဖွဲ့ဝင်များ၊ သာသနာရေးနှင့်ယဥ်ကျေးမှုဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့်အတူ မြန်မာ့ရိုးရာစဥ့်ထည်အနုပညာ အထူးပြပွဲကို အားပေးကြည့်ရှုသည်။

မြန်မာ့ရိုးရာစဥ့်ထည်အနုပညာ အထူးပြပွဲကို အမျိုးသားပြတိုက်(နေပြည်တော်)၌ ဇူလိုင် ၁၅ ရက်မှ ဩဂုတ် ၁၄ ရက်အထိ အပတ်စဥ် တနင်္လာနေ့နှင့် ပြန်တမ်းဝင် ရုံးပိတ်ရက်များမှအပ နေ့စဥ် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအတွင်း ခင်းကျင်းပြသသွားမည်ဖြစ်ပြီး မည်သူမဆို အခမဲ့ဝင်ရောက်လေ့လာနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မောင်တောမြို့နယ်အတွင်း ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများအား ဒုတိယဝန်ကြီးများ ဦးဆောင်သောအဖွဲ့ သွားရောက်ကြည့်ရှုစစ်ဆေး

**မောင်တော ဇူလိုင် ၁၅**
ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ရေးကော်မတီ အတွင်းရေးမှူး နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်၊ တွဲဖက်အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းတို့ ဦးဆောင်သောအဖွဲ့သည် ရခိုင်ပြည်နယ် အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းကိစ္စရပ်များ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရန် ယနေ့ နံနက်ပိုင်းက မောင်တောမြို့သို့ ရောက်ရှိသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီးများ ဦးဆောင်သောအဖွဲ့သည် မောင်တောမြို့နယ်ရှိ ကြိမ်ချောင်းတောင်သို့ သွားရောက်ပြီး အိမ်ရာများ ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးကာ သတ်မှတ်ကာလအတွင်း အိမ်ရာများ အမြန်ဆောက်လုပ်ပြီးစီးနိုင်ရေး တာဝန်ရှိသူများအား မှာကြားသည်။



ထို့နောက် မောင်တောမြို့နယ်အတွင်း ဂျပန်နိုင်ငံမှ လှူဒါန်းသည့် နေအိမ် အလုံး ၆၀ ဆောက်လုပ်မည့် မြေနေရာအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မောင်တောမြို့နယ်ရှိ လောင်းဒုံ-ငါးခူရလမ်းပိုင်း ပြင်ဆင်နေမှု အခြေအနေအား စစ်ဆေးပြီး ငါးခူရ ပြန်လည်လက်ခံရေးစခန်းသို့ သွားရောက်ကာ စခန်းတွင် တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ငါးခူရပြန်လည်လက်ခံရေးစခန်းမှ လှဖိုးခေါင်ကြားစခန်းသို့ သွားရောက်ကာ နေအိမ်များ တည်ဆောက်မှု၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းသည့် Modular House များ ဆောက်လုပ်ပြီးစီးမှုနှင့် စခန်းအတွင်း ကျန်းမာရေးဆေးပေးခန်း ဖွင့်လှစ်ထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မောင်တောမြို့နယ် လှဖိုးခေါင်-ရွှေဇားလမ်းပိုင်း အခြေအနေအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မောင်တောမြို့ပေါ်ရှိ မြို့မကျောင်းတိုက်သို့ သွားရောက်ကာ တောင်ပြိုလက်ဝဲ နံ့သာတောင် ပရဟိတကျောင်း၌ စာပေသင်ကြားနေသည့် ကျောင်းသား ကျောင်းသူများအား ဆန်အိတ် ၁၂၀၊ ပဲ ပိဿာ ၆၀၀၊ ဆီ ပိဿာ ၁၅၀၊ ဆား ပိဿာ ၃၀ ထောက်ပံ့ပေးအပ်ခဲ့သည်။

**သတင်း-မင်းသစ်(MNA)၊ ကိုမင်း
ဓာတ်ပုံ- မင်းမင်း**

# နိုင်ငံတစ်ဝန်း ဆည်၊ တမံ ၂၃ ခု ရေပြည့်၍ ရေပိုလွှဲမှ ရေကျော်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၁၅**
ယခုနှစ်မိုးရာသီတွင် မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် ရေကြီးရေလျှံမှုများ ရှိခဲ့သော်လည်း နိုင်ငံတစ်ဝန်းရှိ ဆည်၊ ရေလှောင်တမံများမှာ စိုးရိမ်စရာမရှိကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

ယခုအခါ နိုင်ငံတစ်ဝန်းရှိ ဆည်၊ ရေလှောင်တမံများအနက် ၂၃ ခုမှာ ယနေ့အထိ သတ်မှတ်ကန်ရေမှတ်ပြည့်ခဲ့၍ ရေပိုလွှဲများမှ ရေကျော်လျက်ရှိကြောင်းသိရသည်။ရေပိုလွှဲမှ ရေကျော်လျက်ရှိသော ဆည်၊ ရေလှောင်တမံများမှာ ကရင်ပြည်နယ်တွင် ရေဘုတ်ရေလှောင်တမံ၊ ချင်းပြည်နယ်တွင် လိုင်ဗားရေလှောင်တမံနှင့် သီကိရ်ရေလှောင်တမံ၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် မြောက်ယမား ရေလှောင်တမံနှင့် ရာဇဂြိုလ်ရေလှောင်တမံ၊ ပဲခူးတိုင်းဒေသကြီး(အနောက်)တွင် တောင်နဝင်းရေထိန်းတမံ၊ ဝဲကြီးရေလှောင်တမံနှင့် ညောင်ကိုင်းရေလှောင်တမံ၊ မကွေးတိုင်းဒေသကြီးတွင် မုန်းချောင်းရေလှောင်တမံ၊ မန်းချောင်းရေလှောင်တမံနှင့် ကြီးအုံကြီးဝ ရေလှောင်တမံ၊ မွန်ပြည်နယ်တွင် ဝါးပါးရေလှောင်တမံ၊ ရခိုင်ပြည်နယ်တွင် ပြိုင်းချောင်းရေလှောင်တမံ၊ ကြိုးကြာကွင်းရေလှောင်တမံ၊ ရဟိုင်းကွင်းရေလှောင်တမံ၊ပေလီရေလှောင်တမံ၊ ကြက်တက်ရေလှောင်တမံ၊ ရှောက်ချောင်းရေလှောင်တမံ၊ ရန်ကုန်တိုင်းဒေသကြီးတွင် ဘန့်ဘွေးကုန်းရေလှောင်တမံနှင့် ဇာမဏီအင်းရေလှောင်တမံ၊ ဧရာဝတီတိုင်းဒေသကြီးတွင် ကွန်ချောင်းရေလှောင်တမံ၊ နန်ကသူရေလှောင်တမံနှင့် ကညင်ရေလှောင်တမံတို့ဖြစ်ကြောင်း သိရသည်။

**သတင်း -သန်းဦး (လေးမျက်နှာ)၊ ဓာတ်ပုံ-ဆည်မြောင်း**



# အိမ်မဲမြို့၌ ဆေးဝါးများ စံချိန်စံညွှန်း ရှိ၊ မရှိ စစ်ဆေး

**အိမ်မဲ ဇူလိုင် ၁၅**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်အတွင်း ဆေးဆိုင်များတွင် စံချိန်စံညွှန်း မပြည့်ဝသော ဆေးဝါးများရောင်းချမှုမရှိစေရေး ကွင်းဆင်းစစ်ဆေးဆောင်ရွက်မှုကို ဌာနဆိုင်ရာများပါဝင်သော ပူးပေါင်းအဖွဲ့က ဇူလိုင် ၁၁ ရက် နံနက် ၉ နာရီတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဆောင်ရွက်မှုတွင် အိမ်မဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ စားသုံးသူရေးရာဦးစီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ တာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့က မြို့ပေါ်ဆေးဆိုင်များကို စစ်ဆေးခဲ့ကြောင်း သိရသည်။

**ချစ်သက်လယ်(ပြန်/ဆက်)**

# Hospital Diary ရုပ်သံဇာတ်လမ်းတွဲ နေပြည်တော်၌ လာရောက်ရိုက်ကူး

**ဇာတ်ညွှန်း ထက်မြက်နိုင်ဇင် ပုံဖော်ရေးသားထားပြီး ဒါရိုက်တာ မင်းခိုက်စိုးစံ ရိုက်ကူးသည့် Hospital Diary အမည်ရှိ ရုပ်သံဇာတ်လမ်းတွဲ၏ ဇာတ်ဝင်ခန်းအချို့ကို ဇူလိုင် ၁၃ ရက် ညနေပိုင်းက နေပြည်တော်ရှိ Mount Pleasant Hotel ၌ ရိုက်ကူးခဲ့သည်။**

နေပြည်တော်ကို ရုပ်ရှင်မြို့တော်အဖြစ် တည်ဆောက်နိုင်ရန် စီစဉ်ဆောင်ရွက်နေပြီး ထိုသို့တည်ဆောက်နိုင်ခြင်းအားဖြင့် ရုပ်ရှင်အနုပညာ ဖွံ့ဖြိုးတိုးတက်မှုအပြင် နေပြည်တော်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဟု မျှော်မှန်းထားသည်။ နေပြည်တော်၏ သဘာဝပတ်ဝန်းကျင်နှင့် သာယာလှပမှု၊ လမ်းပန်းဆက်သွယ်ရေးအချက်အချာကျမှု စသည့် အခြေခံကောင်းများကို အနုပညာအတွက် အသုံးပြုသင့်သည်ဖြစ်ရာ ရုပ်ရှင်ဇာတ်ကားများ၊ ဇာတ်လမ်းတွဲများ ယခုကဲ့သို့ လာရောက်ရိုက်ကူးနေကြခြင်းဖြစ်သည်။

Hospital Diary ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင် အောင်မြင့်မြတ်၊ စွမ်းထက်၊ မြတ်သူအောင်၊ သူရထူး၊ နွယ်ဒါလီထွန်း၊ ဂုဏ်ရည်အေးကျော်တို့က အဓိက ပါဝင်သရုပ်ဆောင်ထားပြီး အခြားသရုပ်ဆောင်များစွာ ပါဝင်အားဖြည့်ထားကာ Aung Pyi Entertainment ရုပ်ရှင်ထုတ်လုပ်ရေးက ထုတ်လုပ်သွားမည်ဖြစ်သည်။



ဒါရိုက်တာ မင်းခိုက်စိုးစံ




မြတ်သူအောင်



အောင်မြင့်မြတ်



ဂုဏ်ရည်အေးကျော်

## ဆရာဝန်ဇာတ်ကောင်ငါးဦး

ဒါရိုက်တာ မင်းခိုက်စိုးစံက ဇာတ်လမ်းတွဲရိုက်ကူးရခြင်း၏ ရည်ရွယ်ချက်နှင့် ဇာတ်လမ်းဇာတ်ကွက်သဘောတရားများကို ရှင်းပြရာတွင် "အခုကျွန်တော်ရိုက်နေတဲ့ ဇာတ်လမ်းတွဲနာမည်က လောလောဆယ်တော့ Hospital Diary လို့ ပေးထားပါတယ်။ ဇာတ်လမ်းတွဲအနေနဲ့ အပိုင်း ၄၀ လောက် ရိုက်ကူးသွားမှာ ဖြစ်ပါတယ်။ ဇာတ်အိမ်ကို အဓိကဖွဲ့စည်းထားတာကတော့ ဆရာဝန်ဇာတ်ကောင် ငါးဦးနဲ့ ဖွဲ့စည်းထားပါတယ်။ ဇာတ်လမ်းအကျဉ်းအနေနဲ့ လူတစ်ယောက်ချင်းစီမှာ မတူညီတဲ့ စိတ်ခံစားချက်တွေ၊ မတူညီတဲ့ ဘဝနောက်ခံကားချပ်တွေရှိပါတယ်။ ဒါပေမယ့် သူတို့အားလုံးတူညီတဲ့ ရည်မှန်းချက်ကတော့ ဝေဒနာခံစားပြီးရောက်လာတဲ့ လူနာတစ်ယောက်ခံစားနေရတဲ့ ရောဂါဇာစ်မြစ်ကို ရှာဖွေတဲ့နေရာမှာ အလွန်အားထုတ်ကြတဲ့ လူငယ်ဆရာဝန်တွေ ဖြစ်ကြပြီး ဆရာဝန်နဲ့ လူနာကြားမှာ အပြန်အလှန်ဖြစ်ပေါ်တတ်တဲ့ နားလည်မှု လွဲမှားတာတွေ၊ ပဋိပက္ခတွေကို ဘယ်လိုပြေလည်အောင် ဖြေရှင်းသွားမလဲဆိုတာတွေဟာ ဇာတ်လမ်းရဲ့အဓိကသွေးကြောတွေပါ။

"ဒီဇာတ်ကားကို ရိုက်ဖြစ်တာက ကျွန်တော်ဆရာဝန်အလုပ်ကို စွန့်လွှတ်လိုက်ပေမယ့် ဒီလောကအပေါ်ကို သံယောဇဉ်ကြီးနေတုန်းပါပဲ။ ဆေးလောကနဲ့ပတ်သက်လို့ အထင်အမြင်လွဲမှားမှုတွေ၊ ဝေဖန်မှုတွေများပါတယ်။ တစ်ယောက်နဲ့တစ်ယောက် အပြစ်တင်တာထက် နားလည်မှုကိုတည်ဆောက်တာက အဖြေကို ရှာဖွေရေးနည်းလမ်းအမှန်ပါ။ အပြစ်မတင်ကြဘဲ နားလည်မှုတည်ဆောက်နိုင်တဲ့လောကဖြစ်ဖို့ ရည်ရွယ်ထားပါတယ်။

## ဆန်းသစ်တဲ့မြင်ကွင်း

"နေပြည်တော်နဲ့ ရန်ကုန်ကွာဟချက်လေးတွေ ပြောရရင်တော့ ရန်ကုန်မှာက နေရာရှုခင်းတွေ ထပ်နေပါပြီ။ နေပြည်တော်က သဘာဝပတ်ဝန်းကျင်အသစ်ကို ဘယ်သူမှ ဖော်ထုတ်ထားခြင်း မရှိသေးပါဘူး။ ပရိသတ်တွေအတွက် ဆန်းသစ်တဲ့မြင်ကွင်းတွေ ရှာမယ်ဆိုရင် ရှာနိုင်သလောက် သဘာဝဆန်တဲ့နေရာတွေ နေပြည်တော်မှာ အများကြီးရှိပါသေးတယ်။

"ကျွန်တော့်ဇာတ်လမ်းမှာ အဓိကပါဝင်ရမှာက ဆေးရုံကြီးတစ်ရုံပါ။ ဆေးရုံရဲ့ အနေအထားကလည်း ရန်ကုန်မှာဆိုရင် အခက်အခဲအများကြီးရှိပါတယ်။ နေပြည်တော်မှာက အဆင်ပြေတယ်။ လွယ်ကူပါတယ်။ အဲဒါကြောင့် ဇာတ်လမ်းတွဲ အပိုင်း ၄၀ လုံးကို နေပြည်တော်မှာ ရိုက်ဖို့စီစဉ်ထားပါတယ်။ အနီးအနားတစ်ဝိုက်မှာရှိတဲ့ အနုပညာဝါသနာပါတဲ့သူတွေအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းတွေလည်း ဖြစ်လာမယ်လို့ မျှော်လင့်ပါတယ်။ ပြန်ကြားရေးဝန်ကြီးကလည်း နေပြည်တော်မှာ အနုပညာလုပ်ငန်းတွေ၊ ရိုက်ကူးရေးလုပ်ငန်းတွေ ဖြစ်စေချင်တယ်လို့ပြောလို့ ကျွန်တော်တို့လာရောက်တဲ့ ရည်ရွယ်ချက်နဲ့ အတော်လေးကို ကိုက်ညီနေပါတယ်။

## စတူဒီယိုအဆောင်အရှည်ကြီးနှစ်ဆောင်ပါ

"နေပြည်တော်မှာ ရုပ်ရှင်စတူဒီယိုဆောက်ရင် မြန်မာအနေအထားနဲ့ ကိုက်ညီတဲ့ပုံသဏ္ဍာန်တစ်ခု ဆွဲထားပါတယ်။ အဓိကအဆောင်အကြီးက A,B စတူဒီယိုအဆောင်အရှည်ကြီး နှစ်ဆောင်ပါပါတယ်။ ရုံးခန်း၊ စားသောက်ဆိုင်၊ ဆေးရုံ၊ ရဲစခန်း၊ တရားရုံး၊ စာသင်ကျောင်း၊ ဟိုတယ် စတဲ့ အဆောက်အအုံပုံစံတွေကို တည်ဆောက်မှာပါ။ ရုပ်ရှင်လောကသားတွေ၊ အသိပညာရှင်တွေ၊ အတတ်ပညာရှင်တွေရော အခြေခံအလွှာတွေရော ဈေးသက်သက်သာသာနဲ့ တည်းခိုနိုင်မယ့် အဆောင်ကြီးတွေလည်း လိုအပ်မှာပါ"ဟု ပြောသည်။

သရုပ်ဆောင် မြတ်သူအောင်က "အခုရိုက်နေတဲ့ Hospital Diary ဇာတ်လမ်းတွဲမှာ ကျွန်တော်က ဒေါက်တာကျော်သူနေရာကနေ ပါဝင်သရုပ်ဆောင်ထားတာဖြစ်ပါတယ်။ ဒေါက်တာကျော်သူရဲ့ ဇာတ်ကောင်စရိုက်က သူက အေးအေးဆေးဆေးသမားပါ။ တခြားဒေါက်တာတွေက စေတနာတွေပိုတယ်။ သူတို့က ဆရာဝန်ဘောင်အပြင်ကို လေ့လာကြတယ်။ ပိုပြီးတော့ ကူညီချင်ကြတယ်။ လူနာတွေရဲ့ နောက်ကြောင်းကအစ ဘယ်လိုဖြစ်တာလဲ၊ ဘာကြောင့်ဖြစ်တာလဲဆိုပြီး လေ့လာကြတယ်။

"ဒေါက်တာကျော်သူက အဲဒီလိုမဟုတ်ပါဘူး။ လူနာတစ်ယောက်ကို မှာစရာရှိတာမှာမယ်။ လက်ခံတာ မခံတာ၊ လိုက်နာတာ မလိုက်နာတာ သူတို့ကိစ္စဆိုပြီး ထားတယ်။ ခေါင်းထဲသိပ်မထည့်တဲ့ ဆရာဝန်ဇာတ်ကောင်စရိုက်ပါ။ ထူးခြားတာက ဒေါက်တာကျော်သူက သူ့ရဲ့ပုဂ္ဂိုလ်ရေးမှာက ပြိုကွဲနေတဲ့မိသားစုကနေလာတာပါ။ သူ့အမေက သူ့အဖေကိုထားသွားပြီးတော့ ဆေးကုမ္ပဏီတစ်ခုရဲ့ပိုင်ရှင်နဲ့ ဘဝသစ်ထူထောင်သွားလို့ သားအဖနှစ်ယောက်ကျန်ခဲ့တယ်။ အဲဒီအချိန်မှာ ဆေးကုမ္ပဏီက အောင်မြင်သွားပြီး သူ့အမေက အင်တာဗျူးတစ်ခုမှာ သူ့နာမည်ထည့်ပြောလို့ သူကမကြိုက်ဘူး။ လက်မခံဘူး။ အမေနဲ့သားနဲ့ဇာတ်လမ်းပါ။ ကျွန်တော် နေပြည်တော်မှာရိုက်ရတာပျော်တယ်။ ရန်ကုန်လို ကားတွေမကျပ်တော့ ရိုက်ကွင်းစောစောစလို့ရတယ်။ ရှူတင်ဆိုရင်လည်း အချိန်ကိုက်စလို့ရတယ်။ အလုပ်လည်းတွင်ကျယ်ပါတယ်"ဟု ပြောသည်။

## နေပြည်တော်မှာ ပိုပြီးတော့အခြေတည်ရမယ်လို့ထင်

သရုပ်ဆောင် အောင်မြင့်မြတ်က "ကျွန်တော်က ဒီဇာတ်လမ်းတွဲမှာ ဒေါက်တာနောင်ရိုး နေရာကနေ ပါဝင်သရုပ်ဆောင်ထားပါတယ်။ ကျွန်တော့်ဇာတ်ကောင်စရိုက်က လူနာတွေကို ဂရုစိုက်တတ်တဲ့ ဆရာဝန်စရိုက်ပါ။ လူနာက ပြောတဲ့စကားကို လူနာကိုပြန်ပြီး ဂရုတစိုက်ပြန်မပြောပေမယ့် ခေါင်းထဲမှာတော့ လူနာအတွက် အကြောင်းအရာတွေကို စဉ်းစားနေတတ်တဲ့ ဆရာဝန်ပုံစံမျိုးပါ။ နေပြည်တော်မှာ လာရိုက်တာက ကျွန်တော်တို့တင်မဟုတ်ပါဘူး။ ဦးစတီးလ်တို့လည်း လာရိုက်နေကြတယ်။ ပြန်ကြားရေးဝန်ကြီးနဲ့လည်း ရုပ်ရှင်တွေရိုက်ဖို့ ပြောနေကြပါတယ်။ ကျွန်တော့်အထင်ကတော့ နောက်ပိုင်းကျရင် ရန်ကုန်ထက် နေပြည်တော်မှာ ပိုပြီးတော့ အခြေတည်ရမယ်လို့ထင်ပါတယ်။

## နေပြည်တော်စတူဒီယို

"ဒီမှာက သွားရေးလာရေးလည်း အဆင်ပြေတယ်၊ ရှုခင်းတွေ၊ နေရာတွေကလည်း အသစ်တွေဆိုတော့ အမြင်ဆန်းတာပါတယ်။ ရန်ကုန်နဲ့မတူတာတွေလည်း ရှိပါတယ်။ ဒီမှာအခြေတည်လာရင်တော့ နောက်ပိုင်းမှာ အားလုံးအဆင်ပြေလာမယ်လို့ ထင်ပါတယ်။ နေပြည်တော်မှာ စတူဒီယိုဆောက်မယ်ဆိုတော့ ပိုပြီးတော့အဆင်ပြေလာတော့မှာပါ။ ကိုနေတိုးလည်း ရန်ကုန်မှာဆောက်ထားပါတယ်။ ရန်ကုန်မှာက အမြင်တွေ၊ နေရာတွေလည်း ထပ်နေကြပြီ။ ဒီဇာတ်လမ်းလေးကို လက်ခံဖြစ်တာက ဆရာမင်းခိုက်စိုးစံနဲ့ ရှေ့မှာပန်းနှစ်ပွင့်စီးချင်းဇာတ်ကားမှာလည်း အလုပ်လုပ်ဖူးပါတယ်။ ဆရာနဲ့က အမြဲလိုတွေ့ဖြစ်တော့ ဇာတ်လမ်းအကျဉ်းလေးပြောဖြစ်တယ်။ အခုက ဆရာဝန်ဇာတ်ကောင်စရိုက်လေးပါ။ ရှေ့ကားမှာက ရှေ့နေပုံစံပါ။ ဆရာကိုယ်တိုင်ကလည်း ဆရာဝန်ဖြစ်တာရယ်၊ အပြင်လောကမှာ ဆရာဝန်တွေနဲ့ လူနာတွေနဲ့ လွဲမှားနေကြတာကို ဘာကြောင့်ဆိုတဲ့အချက်လေးတွေ ပါတယ်ဆိုတော့ စိတ်ဝင်စားတာရယ်၊ ဆရာနဲ့လည်း အလုပ်လုပ်ချင်တာရယ်ကြောင့် လက်ခံဖြစ်သွားတာပါ"ဟု ပြောသည်။

သရုပ်ဆောင် ဂုဏ်ရည်အေးကျော်က "ဒီဇာတ်လမ်းတွဲမှာ ဒေါက်တာဧကရီအနေနဲ့ ပါဝင်သရုပ်ဆောင်ထားပါတယ်။ ဒီရိုက်ကွင်းမှာတော့ ဒေါသထွက်နေတဲ့ ဇာတ်ကောင်အနေနဲ့ သရုပ်ဆောင်တာပါ။ အစ်မက ကိုယ်ဝန်ဖျက်ချရင်းနဲ့ လက်သည်ကြောင့် အသက်ဆုံးရှုံးသွားလို့ ဒေါသထွက်နေတဲ့ သရုပ်ပါ။ ပုံမှန်အားဖြင့်တော့ ဇာတ်လမ်းတွဲတစ်ခုလုံးမှာ ဖော်ဖော်ရွေရွေ ဖျောင်းဖျောင်းဖျဖျနဲ့ လူနာနဲ့ ဆရာဝန်တွေ ပြဿနာတက်ပြီဆို ဖျောင်းဖျပေးတဲ့၊ စိတ်ရှည်ပေးတဲ့ နှလုံးလှဆရာဝန်မလေးပုံစံ သရုပ်ဆောင်ထားပါတယ်"ဟု ပြောသည်။

ဇူလိုင်လ ပထမပတ်အတွင်း ကြီးမြတ်သောမာတာ အမည်ရှိ ဇာတ်လမ်းတွဲကို လည်းကောင်း၊ ဒုတိယပတ်အတွင်း နေပြည်တော်တွင် နိုင်ငံကြီးသား အမည်ရှိ ရုပ်ရှင်ဇာတ်ကားကိုလည်းကောင်း လာရောက်ရိုက်ကူးခဲ့ကြောင်း သိရသည်။



Hospital Diary အမည်ရှိ ရုပ်သံဇာတ်လမ်းတွဲ၏ ဇာတ်ဝင်ခန်းအချို့ကို နေပြည်တော်ရှိ Mount Pleasant Hotel ၌ ရိုက်ကူးနေစဉ်။

**အမေးအရေး- အေးအေးသန့်၊ ဓာတ်ပုံ-နှင်းစက်**

# ၂၀၁၉ ခုနှစ် မတ်လ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် ဘောဂဗေဒဘာသာရပ် နမူနာမေးခွန်းပုံစံ-၂

**၂၀၁၉ ခုနှစ် မတ်လတွင်ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် ဘာသာရပ်အလိုက် မေးခွန်းပုံစံသစ်နှင့်စပ်လျဉ်း၍ အသိပေးဖော်ပြချက်များကို သတင်းစာများတွင် ၂၀၁၈ ခုနှစ် မေ ၂ ရက်မှ မေ ၁၀ ရက်အထိ ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။**

**ယခု ထပ်မံ၍ ၂၀၁၉ ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် ဘာသာရပ်အလိုက် နမူနာမေးခွန်းပုံစံများကို သတင်းစာများတွင် ထုတ်ပြန်သွားမည်ဖြစ်ပါသည်။**
**(နမူနာမေးခွန်းပုံစံများကို ပညာရေးဝန်ကြီးဌာန၏ Website ဖြစ်သော www.moe.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။)**

**၂၀၁၈ ခုနှစ်**
**တက္ကသိုလ်ဝင်စာမေးပွဲ**
**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**

**ဘောဂဗေဒ** **ခွင့်ပြုချိန် (၃) နာရီ**

မေးခွန်းအားလုံးဖြေဆိုပါ။

၁။ (က) အောက်ပါဖော်ပြချက်များကို မှား သို့မဟုတ် မှန် ဖြေဆိုပါ။ (၅မှတ်)

၁။ နိုင်ငံတစ်နိုင်ငံတွင်လူတို့သည် ရှိနေသောအင်အားစုများကိုအကောင်းဆုံးအသုံးချ၍ လိုအင်ဆန္ဒများအားလုံးကို ဖြည့်ဆည်းနိုင်သည်။
၂။ ဝယ်လိုအားမပြောင်းလဲသည့်အခြေအနေတွင် ထုတ်လုပ်မှုနည်းပညာတိုးတက်လာခြင်းသည် အားမျှဈေးနှုန်းကို ကျဆင်းစေသည်။
၃။ ဘဏ်ညီဝင်ငွေစီးဆင်းမှုရှိလျှင် စီးပွားရေးအဆောက်အအုံတွင်မတည်ငြိမ်မှုများ ဖြစ်ပေါ်နိုင်သည်။
၄။ တိုင်းပြည်၏သွင်းကုန်နှင့်ပို့ကုန်များအပေါ်တွင် ကောက်ခံသောအခွန်များသည် တိုက်ရိုက်ခွန်အမျိုးအစားတွင် ပါဝင်သည်။
၅။ အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေးသည်အပြည်ပြည်ဆိုင်ရာစီးပွားရေးဆက်သွယ်မှု၏အခြေခံဖြစ်သည်။

(ခ) အောက်ပါဖော်ပြချက်များအတွက် ပေးထားသောအဖြေ (က)(ခ)(ဂ)များမှ အဖြေမှန်ကို အဖြေစာအုပ်တွင်ရေးပါ။ (၅ မှတ်)

၁။ ဝယ်လိုအား၏ဈေးနှုန်းအလျော့အတင်းကို ပြဋ္ဌာန်းသောအချက်များတွင် (က) ကုန်ကျစရိတ် (ခ) အစားထိုးနိုင်မှုအတိုင်းအတာ (ဂ) နည်းပညာတိုးတက်မှု သည်တစ်ခုအပါအဝင်ဖြစ်သည်။
၂။ ပြန်းတီးမှုတန်ဖိုးနုတ်ပြီးသောဝင်ငွေသည် (က)အမှန်ဝင်ငွေ (ခ)ငွေကြေးဝင်ငွေ (ဂ)အသားတင်ဝင်ငွေ ဖြစ်သည်။
၃။ ဈေးနှုန်းများတက်လာခြင်းကြောင့် ပုံမှန်ဝင်ငွေရရှိသူများ၏ (က) ငွေကြေးဝင်ငွေ (ခ) အမှန်ဝင်ငွေ (ဂ) အမည်ခံဝင်ငွေ ကျဆင်းမည်။
၄။ အစိုးရ၏ငွေလုံးငွေရင်းရငွေများသည် (က) ပြန်ဆပ်ရန်မလိုသည့်ရငွေများ (ခ) အတိုးမရှိပြန်ဆပ်ရသောရငွေများ (ဂ) အတိုးနှင့်တကွပြန်ဆပ်ရသောရငွေများ ဖြစ်သည်။
၅။ နိုင်ငံတစ်နိုင်ငံသည် နိုင်ငံခြားငွေရန်ပုံငွေများထားရှိခြင်းကြောင့် (က)သွင်းကုန်တန်ဖိုး (ခ)ပို့ကုန်တန်ဖိုး (ဂ) ထုတ်ကုန်တန်ဖိုး တိုးတက်လာသည့်အခါအသုံးပြုနိုင်သည်။

(ဂ) အောက်ပါကွက်လပ်များတွင်ဖြည့်စွက်ရမည့်အဖြေများကိုအဖြေစာအုပ်တွင်ရေးပါ။ (၁၀မှတ်)

၁။ ________ ကျင့်သုံးရခြင်း၏အဓိကရည်မှန်းချက်မှာ နိုင်ငံ၏လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဈေးကွက်ကို လက်နက်ကိရိယာတစ်ရပ်အဖြစ် အသုံးပြုရန်ဖြစ်သည်။
၂။ ငွေကြေးဈေးကွက်တွင် ငွေစုဘဏ်များ၊ ________၊ အာမခံကုမ္ပဏီများ ပါဝင်သည်။
၃။ မရှိမဖြစ်လိုအပ်သော ________ ၏ဝင်ငွေအလျော့အတင်းသည် သုညအလျော့အတင်းရှိမည်ဖြစ်သည်။
၄။ ကုန်စည်တစ်ခု၏ ________ သည်သွင်းအားစုများ၏စရိတ်၊ ထုတ်လုပ်မှုနည်းပညာနှင့် ထုတ်လုပ်မှု အခြေအနေတို့ပေါ်တွင်မူတည်သည်။
၅။ ထုတ်လုပ်မှု၏ထုတ်ကုန်တန်ဖိုးအပိုင်းသာလျှင် ________ နှင့် တူညီသည်။
၆။ ကူးသန်းရောင်းဝယ်ရေးဘဏ်များအားလုံးသည် သတ်မှတ်ထားသောအနည်းဆုံး ________ ကို ဗဟိုဘဏ်တွင်ထားရန်တာဝန်ရှိသည်။
၇။ တိုင်းပြည်ဝင်ငွေတွက်ချက်ရာတွင် ပုံသေဈေးနှုန်းများကို အသုံးပြုခြင်းဖြင့် ________ များ၏ ထုတ်လုပ်မှုတန်ဖိုးအမှန်ပြောင်းလဲမှုကို သိရှိနိုင်သည်။
၈။ ရသုံးမှန်းခြေငွေစာရင်း၏ သာမန်ရငွေများနှင့် သာမန်အသုံးစရိတ်များ တူညီနေလျှင် ________ ဟုခေါ်သည်။
၉။ ငွေကြေးသည် တန်ဖိုးတိုင်းတာသည့်ကိရိယာအဖြစ်ဆောင်ရွက်ခြင်းကြောင့် တစ်နည်းအားဖြင့် ငွေကြေးသည် ________ အဖြစ် ဆောင်ရွက်ပေးသည်ဟုလည်းဆိုနိုင်သည်။
၁၀။ နည်းပညာတိုးတက်ပြောင်းလဲလာမှုကြောင့် ________ တွင် ကုန်စည်အမယ်အသစ်များ ပါဝင်လာသည်။

၂။ အောက်ပါတို့အနက်မှ(၁၀) ခု၏ အဓိပ္ပာယ်ကိုဖော်ပြပါ။ (၂၀ မှတ်)

| | |
|---|---|
| ၁။ ကုန်စည် | ၇။ ချက်လက်မှတ် |
| ၂။ ထုတ်ကုန်ဈေးကွက် | ၈။ ဈေးကစားရန်အတွက်ငွေကြေးဝယ်လိုအား |
| ၃။ တစ်ဦးချင်းရောင်းလိုအား | ၉။ အရင်းတန်ဖိုးတိုးခွန် |
| ၄။ အစားထိုးထုတ်ကုန် | ၁၀။ အခငွေ |
| ၅။ ပုံသေဈေးနှုန်း | ၁၁။ ငွေတန်ဖိုးမြှင့်ခြင်း |
| ၆။ လွှဲပြောင်းပေးငွေ | ၁၂။ စုပုံရှင်းရောင်းချခြင်း |

၃။ အောက်ပါတို့အနက်မှနှစ်သက်ရာ(၂) ခုကိုမှတ်စုရေးပါ။ (၂၀ မှတ်)

၁။ ဝယ်လိုအား၏ဝင်ငွေအလျော့အတင်း
၂။ ကုန်ထွက်နှင့်ထုတ်ကုန်တို့၏သဘော
၃။ ငွေကြေးပေါ်ပေါက်လာပုံ
၄။ နိုင်ငံခြားမှရောင်းသူနှင့်ဝယ်သူတို့အပေါ်မှီခိုအားပြုနေရခြင်း

၄။ (က) အခြေခံအကျဆုံးစီးပွားရေးပြဿနာကိုဖော်ပြပြီးယနေ့ကမ္ဘာပေါ်တွင်ဖြစ်ထွန်းပေါ်ပေါက်နေသော စီးပွားရေးစနစ်အမျိုးမျိုးကိုရှင်းလင်းဖြေဆိုပါ။ (၂၀မှတ်)

(သို့မဟုတ်)

(ခ) အပြည်ပြည်ဆိုင်ရာကုန်သွယ်မှု၏ကောင်းကျိုးများကိုရှင်းလင်းဖြေဆိုပါ။

၅။ အောက်ပါတို့အနက်မှနှစ်သက်ရာ(၂)ခုကိုဖြေဆိုပါ။ (၁၀× ၂)မှတ်

(က) နိုင်ငံတစ်နိုင်ငံ၏ ကုန်ထုတ်အင်အားစုများ အားလုံးကို စွမ်းဆောင်ရည်ပြည့်ဝစွာ အသုံးပြုပြီး နှစ်တစ်နှစ်အတွင်း ထုတ်လုပ်နိုင်သည့် ကုန်စည် A နှင့် ကုန်စည် B အတွဲအမျိုးမျိုးကို အောက်ပါဇယားတွင် ဖော်ပြထားသည်။

ထုတ်လုပ်နိုင်မှုအခြေပြဇယား

| အမှတ်စဉ် | ကုန်စည် A (ယူနစ်) | ကုန်စည် B(ယူနစ်) |
|---|---|---|
| က | ၀ | ၅၀၀၀ |
| ခ | ၁၀၀ | ၄၈၅၀ |
| ဂ | ၂၀၀ | ၄၂၀၀ |
| ဃ | ၃၀၀ | ၃၂၅၀ |
| င | ၄၀၀ | ၂၂၅၀ |
| စ | ၅၀၀ | ၀ |

၁။ ၎င်းဇယားမှ ထုတ်လုပ်နိုင်မှုအခြေပြမျဉ်းကွေးကို ရေးဆွဲပါ။
၂။ အမှတ်စဉ် (ဂ) မှ အမှတ်စဉ် (ဃ) သို့ကုန်စည် A ကိုတိုး၍ထုတ်လုပ်မည်ဆိုပါက ကုန်စည် A ၏ အခွင့်အလမ်းစရိတ်ကို တွက်ချက်သုံးသပ်ပြပါ။

(ခ) နိုင်ငံတစ်နိုင်ငံ၏ ၂၀၁၅၊ ၂၀၁၆နှင့် ၂၀၁၇ ခုနှစ်များ၏ ပို့ကုန်ဈေးဆန္ဒန်းကိန်းနှင့်သွင်းကုန်ဈေးဆန္ဒန်းကိန်းတို့ကို အောက်ပါဇယားတွင် ဖော်ပြထားသည်။ (၂၀၁၅ ခုနှစ်မှာ အခြေခံနှစ်ဖြစ်သည်။)

| ခုနှစ် | ပို့ကုန်ဈေးဆန္ဒန်းကိန်း | သွင်းကုန်ဈေးဆန္ဒန်းကိန်း |
|---|---|---|
| ၂၀၁၅ | ၁၀၀ | ၁၀၀ |
| ၂၀၁၆ | ၁၄၀.၅ | ၁၂၀.၅ |
| ၂၀၁၇ | ၁၁၀ | ၁၂၀ |

၁။ ဖော်ပြပါနှစ်များ၏ ကုန်ဖလှယ်မှုအချိုးကို တွက်ချက်ပါ။
၂။ ကုန်ဖလှယ်မှုအချိုး ပြောင်းလဲခြင်းများကို သုံးသပ်ပြပါ။

(ဂ) အကယ်၍ ငွေကြေးပမာဏ M သည် (၅၀၀၀)ကျပ်၊ ဈေးနှုန်း P သည် (၂၅၀)ကျပ် နှင့် ကုန်စည်အရေအတွက် T သည် (၄၅၀) ဖြစ်ပါက
၁။ အပေးအယူပြုလုပ်သည့်တန်ဖိုး R နှင့် ငွေကြေးလည်ပတ်မှုအရှိန် V ကို ရှာပါ။
၂။ ငွေကြေးပမာဏ M သည် (၁၀) ရာခိုင်နှုန်း၊ ကုန်စည် အရေအတွက် T သည် (၂၀) ရာခိုင်နှုန်း တိုးနေပြီး
(က) ငွေကြေးလည်ပတ်မှုအရှိန် V သည်ပုံသေဖြစ်ပါက ငွေကြေးပမာဏ M ၊ ဈေးနှုန်း P နှင့် ကုန်စည် အရေအတွက် T တို့ကိုရှာပါ။
(ခ) ငွေကြေးလည်ပတ်မှုအရှိန် V သည် (၂၅) သို့ပြောင်းသွားပါက ဈေးနှုန်း P ကို ရှာပါ။

## မြစ်သားမြို့၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ကျင်းပ

**မြစ်သား ဇူလိုင် ၁၅**

ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ဇူလိုင် ၁၄ ရက်က မြစ်သားမြို့နယ် ဒါးရယ်ကောင်းကျေးရွာ ဓမ္မာရုံ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မိုးက အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက "ကျေးလက်ဒေသဖွံ့ဖြိုးရေး" ခေါင်းစဉ် ဖြင့် ပြည်သူ့စကားဝိုင်း ကျင်းပရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာလင်းလင်းကျော်နှင့် မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်သင်းမြမြသင်းတို့က ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လွှတ်တော်ကဏ္ဍကိုလည်းကောင်း၊ ဌာနအလိုက် တာဝန်ရှိသူများက မူဝါဒများ၊ ရည်မှန်းချက်များ၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကိုလည်းကောင်း ဆွေးနွေးကြသည်။

တက်ရောက်လာသော ပြည်သူများက တောင်သူများအတွက် ချေးငွေများ၊ ကျေးရွာမီးလင်းရေးဆောင်ရွက်ရာတွင် လိုအပ်သည့်လုပ်ငန်းစဉ်များ၊ ကျေးလက်လမ်း၊ တံတားများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းများရရှိရေး၊ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍတို့ကို မေးမြန်းဆွေးနွေးခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားဆွေးနွေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းထွန်း(မြစ်သား)**

# (၂၆)ကြိမ်မြောက် နိကာယ်စာမေးပွဲအောင်စာရင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇူလိုင် ၁၅**

**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက (၂၆) ကြိမ်မြောက် နိကာယ်စာမေးပွဲကို တစ်နိုင်ငံလုံးရှိ စာဖြေဌာန ၇၄ ဌာနတို့တွင် ဇွန် ၄ ရက်မှ ၈ ရက်အထိ ငါးရက်တိုင်တိုင် ကျင်းပခဲ့သည်။**

(၂၆)ကြိမ်မြောက် နိကာယ်စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုရန် စာရင်းသွင်း ၁၄၆၅၉ ပါး ရှိပြီး ဖြေဆို ၁၀၅၇၉ ပါးဖြစ်၍ ကျမ်းစဉ်အလိုက် အောင်မြင်သူ ၅၆၇၁ ပါး ဖြစ်ရာ ၅၃ ဒသမ ၇၆ ရာခိုင်နှုန်း အောင်မြင်ကြသည်။

အုပ်စု(၁) ခုဒ္ဒကနိကာယ(ဝိနယပိဋက) ဝိနည်းငါးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် ငါးကျမ်းအောင် ၁၄၂၄ ပါး၊ လေးကျမ်းအောင် ၇၀၅ ပါး၊ သုံးကျမ်းအောင် ၈၂၅ ပါး၊ နှစ်ကျမ်းအောင် ၆၉၇ ပါး၊ တစ်ကျမ်းအောင် ၇၄၉ ပါးတို့ ဖြစ်ကြသည်။ ဝိနည်းငါးကျမ်းအောင် ၁၄၂၄ ပါးတို့အနက် ပထမ၊ ဒုတိယ၊ တတိယ၊ သီလရှင်ပထမရရှိသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်သည်-

(က) ခုံအမှတ်၊ မှော် ၄၇၈၊ အရှင်ဥ ယျောမ္ဘ၊ အသက် ၃၅ နှစ်၊ (ဘ)ဦးတင်မောင်၊ ဓာတုမယကျောင်း၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး(ပထမ)

(ခ) ခုံအမှတ်၊ ပူရ ၁၂၊ အရှင်အာဒိစ္စဝံသ၊ အသက် ၂၆ နှစ်၊ (ဘ)ဦးလှညွန့်၊ မဟာဂန္ဓာရုံကျောင်းတိုက်၊ အမရပူရမြို့၊ မန္တလေးတိုင်းဒေသကြီး(ဒုတိယ)

(ဂ) ခုံအမှတ်၊ မဟမ ၂၆၉၊ ရှင်ပညာဇောတ၊ အသက် ၁၉ နှစ်၊ (ဘ)ဦးတင်ဝင်း၊ စည်ရှင်ကျောင်း၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး(တတိယ)

(ဃ) ခုံအမှတ်၊ မ/ဥ ၅၁၊ မကုမ္မာရီ၊ အသက် ၃၅ နှစ်၊ (ဘ)ဦးဘသန်း၊ ဇေယျာသိဒ္ဓိကျောင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး(သီလရှင် ပထမ)

အုပ်စု(၂) ဒီဃနိကာယ(သုတ္တန္တပိဋက) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် ၁၃၉ ပါး၊ နှစ်ကျမ်းအောင် ၁၇၃ ပါး၊ တစ်ကျမ်းအောင် ၈၇ ပါးတို့ ဖြစ်ကြသည်။ ဒီဃနိကာယ သုံးကျမ်းအောင် ၁၃၉ ပါးအနက် ပထမ၊ ဒုတိယ၊ တတိယ ရရှိသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်သည်-

(က) ခုံအမှတ်၊ မဟမ ၆၊ ဉူးသုန္ဒရာလင်္ကာရ၊ အသက် ၂၁ နှစ်၊ (ဘ)ဦးမြင့်ကောင်း၊ ဇယမေဒနီ ဝါဆိုကျောင်း၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး(ပထမ)

(ခ) ခုံအမှတ်၊ မုံ ၁၂၊ အရှင်ဝိစက္ခဏာလင်္ကာရ၊ အသက် ၃၄ နှစ်၊ (ဘ)ဦးကျော်ညွန့်၊ တိပိဋကမွေပါလကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး(ဒုတိယ)

(ဂ) ခုံအမှတ်၊ မင်္ဂလာ ၇၊ အရှင်အမတာနန္ဒ၊ အသက် ၂၃ နှစ်၊ (ဘ)ဦးမြသန်း၊ တိပိဋကရွှေပါရမီကျောင်း၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး(တတိယ)

အုပ်စု(၃)မဇ္ဈိမနိကာယ(သုတ္တန္တပိဋက)သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် ၂၄ ပါး၊ နှစ်ကျမ်းအောင် ၃၇ ပါး၊ တစ်ကျမ်းအောင် ၁၉ ပါးတို့ ဖြစ်ကြသည်။ မဇ္ဈိမနိကာယ် သုံးကျမ်းအောင် ၂၄ ပါးအနက် ပထမ၊ ဒုတိယ၊ တတိယရရှိသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်သည်-

(က) ခုံအမှတ်၊ ဗဟ ၃၊ အရှင်စန္ဒောဘာသာလင်္ကာရ၊ အသက် ၂၉ နှစ်၊ (ဘ)ဦးအောင်ကြည်၊ မဟာဝိသုဒ္ဓါရုံကျောင်းတိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး(ပထမ)

(ခ) ခုံအမှတ်၊ မုံ ၄၊ အရှင်သီလာစာရာလင်္ကာရ၊ အသက် ၂၂ နှစ်၊ (ဘ)ဦးမြင့်မော်၊ သဒ္ဓမ္မပဇ္ဇောတာရုံကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး (ဒုတိယ)

(ဂ) ခုံအမှတ်၊ စိန် ၃၊ အရှင်စန္ဒောဘာသာလင်္ကာရ၊ အသက် ၂၆ နှစ်၊ (ဘ)ဦးမြင့်နွယ်၊ ရွှေပြည်သာပရိယတ္တိစာသင်တိုက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး(တတိယ)

အုပ်စု(၄) သံယုတ္တနိကာယ(သုတ္တန္တပိဋက) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် ၁၆ ပါး၊ နှစ်ကျမ်းအောင် ၁၀ ပါး၊ တစ်ကျမ်းအောင် ၁၀ ပါးတို့ ဖြစ်ကြသည်။ သံယုတ္တနိကာယ် သုံးကျမ်းအောင် ၁၆ ပါးအနက် ပထမ၊ ဒုတိယ၊ တတိယရရှိသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်သည်-

(က) ခုံအမှတ်၊ စိန် ၃၊ အရှင်ဥတ္တမာလင်္ကာရ၊ အသက် ၂၅ နှစ်၊ (ဘ)ဦးအုန်းမောင်၊ ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး(ပထမ)

(ခ) ခုံအမှတ်၊ စက ၂၊ အရှင်ဂုဏတေဇာလင်္ကာရ၊ အသက် ၂၁ နှစ်၊ (ဘ)ဦးအောင်ရှိန်၊ မြစကြာကျောင်းတိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး (ဒုတိယ)

(ဂ) ခုံအမှတ်၊ ဗဟ ၇၊ အရှင်ဉာဏုတ္တရာလင်္ကာရ၊ အသက် ၂၈ နှစ်၊ (ဘ)ဦးမန်းရင်၊ မဟာဝိသုဒ္ဓါရုံကျောင်းတိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး(တတိယ) **(ဆက်လက်ဖော်ပြပါမည်)**

# မြောက်နဝင်းရေလှောင်တမံ ရေထုတ်ပြွန်များ အသစ်လဲလှယ်တပ်ဆင်နေမှု ဒုတိယဝန်ကြီး ဦးလှကျော် ကြည့်ရှုစစ်ဆေး

**ပေါက်ခေါင်း ဇူလိုင် ၁၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်သည် ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်အတွင်းရှိ မြောက်နဝင်းရေလှောင်တမံ ရေထုတ်ပြွန်များ အသစ်လဲလှယ်တပ်ဆင်ခြင်းလုပ်ငန်း၊ တူးမြောင်းမကြီး အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းနှင့် မြောက်နဝင်းဆည်အဝင် ကွန်ကရစ်လမ်းပြုပြင်ဆောင်ရွက်ပြီးစီးမှုများကို ဇူလိုင် ၇ ရက်က ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီးသည် မြောက်နဝင်းဆည်အဝင် ကွန်ကရစ်လမ်း ပြုပြင်ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က လမ်းပြုပြင်ဆောင်ရွက်ပြီးစီးမှုကို မြေပုံကားချပ်များ၊ မှတ်တမ်းဓာတ်ပုံများဖြင့် ရှင်းလင်းတင်ပြပြီး ယခုအခါ ဆည်အဝင် ကွန်ကရစ်လမ်းကို အဆင်ပြေချောမွေ့စွာ အသုံးပြုနိုင်ပြီဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြောက်နဝင်းရေလှောင်တမံ ရေထုတ်ပြွန် ယာယီရှင်းလင်းဆောင်၌ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တည်ဆောက်ရေး(၂) ဒုတိယညွှန်ကြားရေးမှူးတို့က နွေစပါး၊ မိုးစပါး စိုက်ဧကများအား ရေပေးဝေရာတွင် ပိုမိုလုံလောက်စွာ ပေးဝေနိုင်ရန် JICA ODA ချေးငွေဖြင့် Steel Pipe အသစ်လဲလှယ်တပ်ဆင်ခြင်းလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် အချင်း ရှစ်ပေ၊ အရှည် ရှစ်ပေ Steel Pipes များရောက်ရှိမှု၊ တပ်ဆင်နေမှု အခြေအနေများနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး ဦးစားပေးအစီအစဉ်များ ဆောင်ရွက်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တူးမြောင်းမကြီး အဆင့်မြှင့်တင်ပြုပြင်နေသည့် လုပ်ငန်းခွင်သို့ ရောက်ရှိရာ တာဝန်ရှိသူများက ရေထုတ်ပြွန်နှင့် ရေတံခါးများ အသစ်လဲလှယ်တပ်ဆင်ပြီးစီး၍ တိုးမြင့်လာမည့် ရေလွှတ်အားနှင့် ရေထုထည်ကို သယ်ဆောင်နိုင်ရန်အတွက် တူးမြောင်းမကြီးကို လိုအပ်သည့် ရေအနက်ပေရရှိစေရန် ဒီဇိုင်းတွက်ချက်၍ ဆောင်ရွက်နေမှုအခြေအနေ၊ လုပ်ငန်းဆောင်ရွက်ပြီးစီးပါက နွေစပါး၊ မိုးစပါး စိုက်ဧကများအား ရေပိုမိုပေးဝေနိုင်မည်ဖြစ်ပြီး စိုက်ဧကများ ပိုမို စိုက်ပျိုးနိုင်မည့်အခြေအနေနှင့် ဩဂုတ်လကုန်တွင် မိုးစပါး အောင်ရေအချိန်မီပေးဝေနိုင်ရန် ဆောင်ရွက်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ မှာကြားကာ တူးမြောင်းမကြီးတစ်လျှောက် မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





# ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်တု ခန္တီးမြို့၌ စိုက်ထူ

**ခန္တီး ဇူလိုင် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့တွင် ပထမဦးဆုံးထားရှိမည့် လွတ်လပ်ရေးဗိသုကာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ မြင်းစီးကြေးရုပ်ကို ဇူလိုင် ၁၅ ရက် နံနက်ပိုင်းက ခန္တီးမြို့မဘုန်းတော်ကြီးကျောင်းရှေ့ ချင်းတွင်းမြစ်ဆိပ်ကမ်းမှ ကမ်းနားလမ်း၊ မင်္ဂလာဈေးလမ်း၊ ချင်းတွင်းတံတား ချဉ်းကပ်လမ်းအတိုင်း သယ်ဆောင်လာရာ ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများနှင့် လွှတ်တော်ကိုယ်စားလှယ်များက ဂုဏ်ပြုကြိုဆိုခဲ့သည်။

အဆိုပါ လွတ်လပ်ရေး ဗိသုကာအမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ကြေးရုပ်တုကို ကျော်စွာလမ်း(ခေါ်)နားမေတ္တာလမ်းနှင့် ချင်းတွင်းတံတား ချဉ်းကပ်လမ်းဆုံတွင် အောင်မြင်စွာ စိုက်ထူထားရှိကြောင်း သိရသည်။

**ချန်လော(ခန္တီး)**



**မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်တွင် မြို့သန့်ရှင်းသာယာလှပရေးအတွက် မြို့တွင်း အဝေးပြေးကားလမ်းကြီး၏ လမ်းဘေးဝဲ၊ ယာတစ်လျှောက်ရှိ ပလတ်စတစ်အိတ်ခွံ၊ ရေဘူးခွံ၊ ပုလင်းခွံနှင့် အမှိုက်များကောက်ယူမှုကို မြို့ပေါ်ရှိ ရုံးဌာန ပေါင်းစုံဝန်ထမ်းများ စုပေါင်း၍ ဇူလိုင် ၁၅ ရက်က ပြုလုပ်ကြစဉ်။**

မောင်ကို(သာစည်)

# ညောင်ဦးမြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုများရှိသော်လည်း အချိန်နှင့်တစ်ပြေးညီ ကုသနိုင်ခဲ့

**ညောင်ဦး ဇူလိုင် ၁၅**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်အတွင်း ယခုနှစ် ဖေဖော်ဝါရီ၊ မတ်၊ ဧပြီ၊ မေ၊ ဇွန်လအထိ သွေးလွန်တုပ်ကွေးရောဂါပိုးတွေ့ရှိသည့် လူနာ ၇၉ ဦးရှိခဲ့ပြီး လူနာများအား ညောင်ဦးမြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာငွေးလွင်၏ ဦးဆောင်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများက အချိန်နှင့်တစ်ပြေးညီ ကုသပေးနိုင်ခဲ့ကြောင်း ညောင်ဦးမြို့နယ် ကျန်းမာရေးဦးစီးမှူး ဒေါက်တာငွေးလွင်ထံမှ သိရသည်။

"ကျွန်တော်တို့ ညောင်ဦးမြို့နယ်ကျန်းမာရေးဦးစီးဌာနအနေနဲ့ ယခုနှစ်မှာ မြို့နယ်အတွင်းရှိ ပြည်သူတွေ မိုးရာသီ သွေးလွန်တုပ်ကွေးရောဂါကင်းဝေးစေဖို့အတွက် ဇန်နဝါရီလမှ စတင်ကာ အပတ်စဉ် စနေနေ့တိုင်း ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းနဲ့ အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းတွေကို မြို့ပေါ်ရပ်ကွက် ခုနစ်ခုမှာ အဖွဲ့နှစ်ဖွဲ့နဲ့ ဆောင်ရွက်လျက်ရှိပြီး ကျေးရွာပေါင်း ၂၂၆ ရွာကိုတော့ မြို့နယ်အတွင်းမှာရှိတဲ့ ကျေးလက်ကျန်းမာရေးဌာနခြောက်ခုနဲ့ ဆောင်ရွက်ပေးနေပါတယ်၊ ယခုနှစ်မှာ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုနဲ့ ပတ်သက်ပြီး ဖေဖော်ဝါရီ၊ မတ်၊ ဧပြီ၊ မေ၊ ဇွန်လအထိ သွေးလွန်တုပ်ကွေးရောဂါပိုးတွေ့ရှိတဲ့ လူနာ ၇၉ ဦး စစ်ဆေးတွေ့ရှိခဲ့ပါတယ်၊ အဲဒီလူနာ ၇၉ ဦးကိုလည်း အချိန်မီ ကုသပေးနိုင်ခဲ့ပါတယ်၊ အပတ်စဉ် စနေနေ့တိုင်း ဆက်လက်ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိပြီး သွေးလွန်တုပ်ကွေးရောဂါအကြောင်း သိကောင်းစရာများကိုလည်း ပညာပေးဟောပြောနေပါတယ်"ဟု ညောင်ဦးမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ကျန်းမာရေးဦးစီးမှူးက ပြောပြသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး

# အမေရိကန်-ရုရှား ထိပ်သီးဆွေးနွေးပွဲ၌ ယူကရိန်းအရေး ဆွေးနွေးဖွယ်

**ဝါရှင်တန် ဇူလိုင် ၁၅**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် ဖင်လန်နိုင်ငံမြို့တော် ဟယ်လ်ဆင်ကီ၌ ဇူလိုင် ၁၆ ရက်တွင် တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားကြောင်း၊ သို့ရာတွင် ယင်းထိပ်သီးဆွေးနွေးပွဲတွင် ခေါင်းဆောင်နှစ်ဦးတို့က မည်သည့်အကြောင်းရပ်များကို ဆွေးနွေးကြမည်ကို အတိအကျမသိနိုင်သေးကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇူလိုင် ၁၅ ရက်တွင် သတင်းထုတ်ပြန်သည်။

အမေရိကန်-ရုရှား ထိပ်သီးဆွေးနွေးပွဲတွင် ဆွေးနွေးဖွယ်ရှိသော အကြောင်းရပ်များတွင် ယူကရိန်းနှင့် ခရိုင်းမီးယား ဒေသအရေး ပါဝင်မည်ဟု ခန့်မှန်းမှုပေါ်ထွက်ခဲ့သည်။ ခရိုင်းမီးယား ကျွန်းဆွယ်ကို ရုရှားနိုင်ငံက ယင်း၏ ပိုင်နက်နယ်မြေနှင့် ချိတ်ဆက်ခဲ့သည့်ဖြစ်ရပ်မှာ နှစ်နိုင်ငံဆက်ဆံရေးတွင် တင်းမာမှုဖြစ်ပေါ်ခဲ့ရသော နိုင်ငံတကာပဋိပက္ခတစ်ရပ်ဖြစ်သည်။



သို့ရာတွင် ခရိုင်းမီးယားကျွန်းဆွယ်ကို ရုရှားနိုင်ငံက ပိုင်ဆိုင်သင့်ကြောင်း၊ အကြောင်းမှာ ယင်းဒေသမှ ပြည်သူများသည် ရုရှားဘာသာစကားကို ပြောကြားခြင်းကြောင့်ဖြစ်ကြောင်း ပြီးခဲ့သည့်ဇွန်လက ကျင်းပခဲ့သော စက်မှုဖွံ့ဖြိုးပြီး ခုနစ်နိုင်ငံအုပ်စု(ဂျီ-၇) အစည်းအဝေးတွင် သမ္မတထရန့်က ပြောကြားခဲ့သည်။

အချုပ်အခြာအာဏာပိုင် နယ်မြေဒေသတစ်ခုအား အင်အားသုံး၍ သိမ်းယူခြင်းကို လက်ခံခြင်းမရှိသည့် ကာလကြာရှည် ကျင့်သုံးလာခဲ့သော အမေရိကန်၏ မူဝါဒကို သမ္မတထရန့်က မျက်ကွယ်ပြုရာရောက်သည်ဟု ဝေဖန်ချက်များ ပေါ်ထွက်ခဲ့သည်။

အမေရိကန်အစိုးရသည် ၂၀၁၄ ခုနှစ်မှစ၍ ရုရှားနိုင်ငံအပေါ် အရေးယူဒဏ်ခတ်သည့် အစီအစဉ်များကို ချမှတ်ခဲ့သည်။ ယူကရိန်းအရှေ့ပိုင်း၌ ဖြစ်ပွားသော စစ်ရေးပဋိပက္ခကို အကြောင်းပြု၍ ယင်းသို့ အရေးယူဒဏ်ခတ်ခဲ့ခြင်း ဖြစ်သည်။

ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆယ်မြို့၌ မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့၏ ထိပ်သီးဆွေးနွေးပွဲအပြီးတွင် သမ္မတထရန့်သည် ဗြိတိန်သို့ဆက်လက်သွားရောက်ခဲ့ပြီး ထိုမှတစ်ဆင့် ဖင်လန်နိုင်ငံသို့ ဆက်လက်ထွက်ခွာခဲ့သည်။

**အေအက်ဖ်ပီ**



# ကိုရီးယားကျွန်းဆွယ်ဒေသတွင်း တည်ငြိမ်အေးချမ်းမှုရှိစေရန် ဆွေးနွေးပွဲများ ကျင်းပသင့်ကြောင်း ပြုံယမ်းတောင်းဆို

**ပြုံယမ်း ဇူလိုင် ၁၅**

မြောက်ကိုရီးယားနိုင်ငံအား နျူကလီးယားလက်နက် စွန့်ပယ်ရန် ဖိအားများပေးခြင်းအပေါ် မြောက်ကိုရီးယားအစိုးရက အမေရိကန်နိုင်ငံအား ရှုတ်ချကြောင်းနှင့် ကိုရီးယားကျွန်းဆွယ်ဒေသတွင်း နိုင်ငံအချင်းချင်း တင်းမာမှုများကို အပြီးတိုင်အဆုံးသတ်ရေးအတွက် ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ရန် တောင်းဆိုခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

မြောက်ကိုရီးယားနိုင်ငံပိုင် ရုပ်သံတိုက်ရိုက်ထုတ်လွှင့်မှု အွန်လိုင်းအစီအစဉ်တွင် အမေရိကန်နိုင်ငံအား အထက်ပါအတိုင်း ရှုတ်ချခဲ့သည်။ ယင်းတိုက်ရိုက်ထုတ်လွှင့်မှုတွင် ယခုလအစောပိုင်းက အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မိုက်ပွမ်ပီယိုနှင့် မြောက်ကိုရီးယားအာဏာရ အလုပ်သမားပါတီ ဒုတိယဥက္ကဋ္ဌ ကင်ယောင်ချိုတို့ တွေ့ဆုံဆွေးနွေးခဲ့သည်ကို အလေးပေး ပြသခဲ့ကြောင်း သိရသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးနှင့် ဒုတိယဥက္ကဋ္ဌ ကင်ယောင်ချိုတို့ ပြုံယမ်း၌ တွေ့ဆုံဆွေးနွေးစဉ် အမေရိကန်က ပြုံယမ်းအား နျူကလီးယားလက်နက် စွန့်ပယ်ရန် ပထမအဆင့်အနေဖြင့် တောင်းဆိုခဲ့ကြောင်းသိရသည်။

ပြုံယမ်းက ကိုရီးယားကျွန်းဆွယ်ဒေသတွင်း တည်ငြိမ်အေးချမ်းမှုလမ်းစဖော်ဆောင်ပေးသည့်တိုင် အမေရိကန်အနေဖြင့် တည်ငြိမ်အေးချမ်းမှုကို အလေးပေးလုပ်ဆောင်ခြင်းမရှိသည့်အတွက် အမေရိကန်နိုင်ငံအား ပြုံယမ်းက ရှုတ်ချခဲ့သည်။ ကိုရီးယားကျွန်းဆွယ်ဒေသတွင်း တင်းမာမှုများ လျှော့ချနိုင်မှသာ ငြိမ်းချမ်းရေးဖော်ဆောင်နိုင်မည်ဟု အဆိုပါရုပ်သံတိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်က ဆက်လက်ဖော်ပြခဲ့သည်။

အမေရိကန်အနေဖြင့် နှစ်နိုင်ငံယုံကြည်မှုနှင့် အပြန်အလှန်လေးစားမှုများကို ရှေးရှုကာ သိသာထင်ရှားပြီး အပြုသဘောဆောင်သည့် လုပ်ဆောင်ချက်များကို အကောင်အထည်ဖော်ဆောင်သင့်ကြောင်း အဆိုပါရုပ်သံတင်ဆက်မှုတွင် ဖော်ပြခဲ့သည်။

အမေရိကန်နှင့် မြောက်ကိုရီးယား နှစ်နိုင်ငံအကြား ဆွေးနွေးညှိနှိုင်းခဲ့သည့် ကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရန် နှောင့်နှေးမှုများရှိနေသေးကြောင်း ယခုရုပ်သံတင်ဆက်မှုက ပြသခဲ့သည်ဟု နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ဆိုသည်။

ပြုံယမ်းအနေဖြင့် နျူကလီးယားလက်နက်စွန့်ပယ်ပြီးသည့်တိုင် ပြုံယမ်းအပေါ် ချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့မှုများကို အမေရိကန်က ဆက်လက်ထိန်းသိမ်းထားမည်ဖြစ်ကြောင်း သိရသည်။

နှစ်နိုင်ငံအကြား အပြန်အလှန် လေးစားယုံကြည်မှုဖြစ်စေသည့် လုပ်ဆောင်ချက်များကို ပထမဦးစွာ အကောင်အထည်ဖော်ဆောင်သင့်သည်ဟု မြောက်ကိုရီးယားအစိုးရက ဆိုသည်။

**အင်န်အိတ်ချ်ကေ**

# ဆန္ဒပြပွဲများအတွင်း အဓိကရုဏ်းများဖြစ်ပွားခဲ့ပြီးနောက် ဟေတီဝန်ကြီးချုပ် ရာထူးမှ နုတ်ထွက်

**ပို့တူပရင့်စ် ဇူလိုင် ၁၅**

နိုင်ငံရေး အကျပ်အတည်းဆိုက်နေသော ဟေတီဝန်ကြီးချုပ် ဂျက်ဘေးလာဖွန်တန်းသည် စက်သုံးဆီ ဈေးနှုန်းများမြှင့်တင်မည့် အစိုးရ၏ အစီအစဉ်ကို ပြည်သူတို့က ကန့်ကွက်ဆန္ဒပြမှုများ ပြုလုပ်ခဲ့ရာတွင် အဓိကရုဏ်းမှုများဖြစ်ပွားခဲ့ပြီးနောက် ရာထူးမှ နုတ်ထွက်ပေးလိုက်ပြီဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇူလိုင် ၁၅ ရက်တွင် သတင်းထုတ်ပြန်သည်။

ဝန်ကြီးချုပ်ရာထူးမှ မိမိနုတ်ထွက်လိုက်ပြီဖြစ်ကြောင်း ဖော်ပြသည့်စာကို သမ္မတထံ တင်ပြလိုက်ပြီဖြစ်ကြောင်း ဝန်ကြီးချုပ် လာဖွန်တန်းက အောက်လွှတ်တော် ရှေ့မှောက်တွင် ဇူလိုင် ၁၄ ရက်က ထုတ်ပြန်ကြေညာခဲ့သည်။ အကယ်၍ လာဖွန်တန်းသည် ရာထူးမှ နုတ်ထွက်ပေးခြင်းမရှိပါက ၎င်းအား အယုံအကြည်မရှိအဆိုကို လွှတ်တော်တွင် တင်သွင်းမည့်အခြေအနေ ဖြစ်ပေါ်ခဲ့သည်။

ကာရစ်ဘီယန်ဒေသရှိ ဆင်းရဲမွဲတေသော နိုင်ငံတစ်နိုင်ငံဖြစ်သော ဟေတီနိုင်ငံ၌ ဓာတ်ဆီဈေးနှုန်းကို ၃၈ ရာခိုင်နှုန်း၊ ဒီဇယ်ဆီဈေးနှုန်းကို ၄၇ ရာခိုင်နှုန်းနှင့် ရေနံဆီဈေးနှုန်းကို ၅၁ ရာခိုင်နှုန်းမြှင့်တင်ရန် အစိုးရအဖွဲ့က ထုတ်ပြန်ကြေညာခဲ့ပြီးနောက် ပြည်သူများက လမ်းများပေါ်ထွက်၍ ဆန္ဒပြမှုများ ပြုလုပ်ခဲ့ရာတွင် ဈေးဆိုင်အရေအတွက် ဒါဇင်ပေါင်းများစွာ လုယက်ခံရခြင်း၊ မော်တော်ယာဉ်များ မီးရှို့ဖျက်ဆီးခံရခြင်းတို့ ဖြစ်ပေါ်ခဲ့ပြီး လူလေးဦးထက်မနည်း သေဆုံးခဲ့ရသည်။

လာဖွန်တန်းသည် သမားတော်ကြီးတစ်ဦးအဖြစ် အလုပ်လုပ်ကိုင်ခဲ့ပြီး နိုင်ငံရေးအတွေ့အကြုံနည်းပါးသူဖြစ်ကာ လွန်ခဲ့သည့်နှစ် ဖေဖော်ဝါရီလတွင် ဝန်ကြီးချုပ်အဖြစ် စတင်တာဝန်ယူခဲ့သူဖြစ်သည်။ **အေအက်ဖ်ပီ**



# အီရတ်တောင်ပိုင်း၌ ဆန္ဒပြပွဲများဖြစ်ပွား ဆန္ဒပြသူနှစ်ဦး သေဆုံး

**ဘာဆရာ ဇူလိုင် ၁၅**

အီရတ်နိုင်ငံ ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်သော ဘာဆရာမြို့၌ ဆန္ဒပြမှု စတင်ဖြစ်ပွားခဲ့ပြီး မြို့တော်ဘဂ္ဂဒက်အပါအဝင် နိုင်ငံတစ်ဝန်းသို့ ဆန္ဒပြပွဲများ ကူးစက်ပျံ့နှံ့ ဖြစ်ပွားခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇူလိုင် ၁၅ ရက်တွင် သတင်းထုတ်ပြန်သည်။

စီးပွားရေး ကျဆင်းမှုနှင့်အတူ အလုပ်အကိုင်လက်မဲ့ဖြစ်ရမှုများကို ကန့်ကွက်သည့်အနေဖြင့် ဆန္ဒပြပွဲများဖြစ်ပွားခဲ့သည်။

ရက်ပေါင်းအတန်ကြာမျှ မငြိမ်မသက်မှုများ ဖြစ်ပွားခဲ့ပြီးနောက် တည်ငြိမ်အေးချမ်းမှု ပြန်လည်ရရှိရေးအတွက် အာဏာပိုင်များက ကြိုးပမ်းလျက်ရှိသည်။ ဘာဆရာပြည်နယ်၌ နေဝင်မီးငြိမ်း အမိန့်ထုတ်ပြန်ခဲ့ရပြီး နိုင်ငံတောင်ပိုင်းဒေသ၌ စီးပွားရေး ပြန်လည်တိုးတက် ကောင်းမွန်လာစေရေးအတွက် ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်နိုင်ရန် အလေးပေးဆောင်ရွက်ပေးမည်ဟု ဝန်ကြီးချုပ်ဟိုင်ဒါအယ်လ်အဘာဒီက ထုတ်ပြန်ကြေညာခဲ့သည်။

ဘာဆရာပြည်နယ် မြို့တော်အမ်မာရာမြို့၌ ဆန္ဒပြပွဲများဖြစ်ပွားစဉ် လူနှစ်ဦး သေနတ်ကျည်ထိမှန်၍ သေဆုံးခဲ့ရသည်။ မည်သူမည်ဝါက သေနတ်ပစ်ခတ်မှု ပြုလုပ်ခဲ့သည်ကို အတိအကျမသိရပေ။ **အေအက်ဖ်ပီ**

# ဒုတိယအကြိမ် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဖလား အမျိုးသားဘောလုံးပြိုင်ပွဲ ပထမဆုရကစားသမားများအား ဂုဏ်ပြုပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၁၅**

၂၀၁၈ ခုနှစ် ဒုတိယအကြိမ် ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဖလား အမျိုးသားဘောလုံးပြိုင်ပွဲတွင် ပထမဆုရ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ ကစားသမား များအား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက နေပြည်တော် ဇေယျာသီရိ မြို့နယ် ခရေပင်လမ်းခွဲ ကြေးမုံသတင်းစာတိုက် ရှိ ဘိုးဝဇီရခန်းမ၌ ကျင်းပရာ ဦးဆောင် ညွှန်ကြားရေးမှူး ဦးရဲနိုင်က ပထမဆုရရှိ ခဲ့သည့် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဘောလုံးအသင်းအား ဂုဏ်ပြုအမှတ်တရ လက်ဆောင် ပေးအပ်သည်။**(ယာပုံ)**

ဆက်လက်၍ ဦးဆောင်ညွှန်ကြားရေးမှူးက သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကြေးမုံ သတင်းစာတိုက်တွင် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူသွားသည့် စာတည်း မှူးချုပ် ဦးခင်မောင်ကျော်ဒင်အား အမှတ်တရ လက်ဆောင်ပေးအပ်သည်။

ဆက်လက်၍ ဝန်ထမ်းမိသားစုများ၏ ပျော်ပွဲရွှင်ပွဲအဖြစ် အမျိုးသား၊ အမျိုးသမီး ကာရာအိုကေသီချင်းဆိုပြိုင်ပွဲကို ကျင်းပရာ ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြ သည်။

ထို့နောက် ဘောလုံးအသင်းတာဝန်ခံနှင့် အသင်းခေါင်းဆောင်တို့က ပြည်ထောင်စု ဝန်ကြီးဖလားကို ဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲနိုင်ထံ အပ်နှံခဲ့ကြသည်။




**သတင်းနှင့် ဓာတ်ပုံ**
**နိုင်လင်းကြည်၊ တင်မောင်လွင်**

# မြန်မာအမျိုးသားဘောလုံးအကယ်ဒမီ(ရန်ကုန်)အသင်း ဗိုလ်လုပွဲတက်

**အယုဒ္ဓယ ဇူလိုင် ၁၅**

ထိုင်းနိုင်ငံ အယုဒ္ဓယမြို့၌ ကျင်းပလျက်ရှိသည့် Ayutthaya Asian Youth Football Festival 2018 ပြိုင်ပွဲ ဆီမီးဖိုင်နယ်ကို ယနေ့နံနက်ပိုင်းက ဆက်လက်ကျင်းပရာ မြန်မာအမျိုးသား ဘောလုံးအကယ်ဒမီ(ရန်ကုန်)ယူ-၁၃ အသင်း ဂိုးပြတ်နိုင်ပွဲရပြီး ဗိုလ်လုပွဲသို့ တက်ရောက် သွားသည်။

ဆီမီးဖိုင်နယ်ပွဲများတွင် မြန်မာအမျိုးသားဘောလုံးအကယ်ဒမီ(ရန်ကုန်)အသင်းက နာရာယူနိုက်တက်အသင်းကို ရှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ မြန်မာအမျိုးသားဘောလုံး အကယ်ဒမီ(ရန်ကုန်)အသင်းသည် ခြေအသာဖြင့် ယှဉ်ပြိုင်ကစားကာ ဂိုးပြတ်နိုင်ပွဲရယူနိုင် ခဲ့ခြင်းဖြစ်သည်။ မြန်မာအမျိုးသားဘောလုံးအကယ်ဒမီ(ရန်ကုန်)အသင်းအတွက် အနိုင်ဂိုး များကို ကောင်းခန့်လွင်က နှစ်ဂိုး၊ ကောင်းဇေယျာလင်း၊ မောင်တော့၊ ဟန်မျိုးဇင်၊ သက်ပိုင်ထွဋ်၊ ကောင်းသန့်နှင့် စနေတိုးတို့က တစ်ဂိုးစီသွင်းယူခဲ့ကြသည်။ အခြားဆီမီးဖိုင်နယ်ပွဲတွင် PTT အကယ်ဒမီအသင်းက အယုဒ္ဓယယူနိုက်တက်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ဗိုလ်လုပွဲကို ဇူလိုင် ၁၆ ရက် မြန်မာစံတော်ချိန် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ပြီး မြန်မာအမျိုးသားဘောလုံးအကယ်ဒမီ (ရန်ကုန်) အသင်းနှင့် PTT အကယ်ဒမီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-MFF**





# ဂျာမနီတင်းနစ်မယ် အိန်ဂျယ်လီကေးကာဘာ ဝင်ဘယ်ဒန်တင်းနစ်ဖလား ပထမဆုံးအကြိမ်ဆွတ်ခူး

ဂျာမနီတင်းနစ်မယ် အိန်ဂျယ်လီကေးကာဘာဟာ ဝင်ဘယ်ဒန် တင်းနစ်ပြိုင်ပွဲရဲ့ အမျိုးသမီးတစ်ဦးချင်းနောက်ဆုံးဗိုလ်လုပွဲတွင် အမေ ရိကန်တင်းနစ်မယ် ဆရီနာဝီလျံကို အနိုင်ရရှိခဲ့တာကြောင့် ဝင်ဘယ် ဒန်တင်းနစ်ဆုဖလားကို ဆွတ်ခူးနိုင်ခဲ့ပြီလည်းဖြစ်ပါတယ်။

ကမ္ဘာ့အဆင့်သတ်မှတ်ချက် အဆင့်(၁၀)နေရာမှာ ရပ်တည်နေတဲ့ အိန်ဂျယ်လီကေးကာဘာဟာ ဂရန်းဆလမ်းချန်ပီယံ(၂၃)ကြိမ်အထိ ရယူနိုင်ခဲ့တဲ့ ဆရီနာဝီလျံကို ၆-၃၊ ၆-၃ နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး အိန်ဂျယ်လီကေးကာဘာအတွက်တော့ အခုဝင်ဘယ်ဒန်တင်းနစ် ဆုဖလားဟာ ပထမဆုံးရယူဆွတ်ခူးနိုင်ခဲ့တဲ့ ဝင်ဘယ်ဒန်တင်းနစ် ဆုဖလားလည်း ဖြစ်ပါတယ်။

ဝင်ဘယ်ဒန်တင်းနစ်ဆုဖလားကို ခုနစ်ကြိမ်အထိ ရယူဆွတ်ခူး ထားနိုင်ခဲ့တဲ့ တင်းနစ်မယ်ဆရီနာဝီလျံဟာ စက်တင်ဘာလကတည်းက ကလေးမွေးဖွားနေတာကြောင့် အဓိကပြိုင်ပွဲလေးခုအထိ ပါဝင်ကစား နိုင်ခဲ့ခြင်းမရှိခဲ့ပေမယ့် အခုဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲမှာတော့ ချန်ပီယံဖြစ်ဖို့ရေပန်းစားတဲ့အထိ ဖြစ်ခဲ့ပါတယ်။

အိန်ဂျယ်လီကေးကာဘာအနေနဲ့ အခုဆရီနာဝီလျံနဲ့ ကစားခဲ့ရတဲ့ ဝင်ဘယ်ဒန်တင်းနစ်ဖလားနောက်ဆုံးဗိုလ်လုပွဲမှာ စံချိန်တင်စပေး ဘောတွေကနေတစ်ဆင့် အမှတ်ရယူနိုင်ခဲ့ကာ အနိုင်ရဗိုလ်စွဲဖြစ်ခဲ့ တာဖြစ်ပါတယ်။

ဒီလိုအနိုင်ရရှိခဲ့တာဟာ အိန်ဂျယ်လီကေးကာဘာ အတွက်တော့ စတက်ဖီဂရက်ဖ် ဝင်ဘယ်ဒန်တင်းနစ်ဆုဖလားရရှိခဲ့တဲ့ ၁၉၉၃ ခုနှစ် နောက်ပိုင်း ဂျာမနီကိုယ်စားပြုတင်းနစ်မယ်တစ်ဦးအနေနဲ့ ပထမဆုံး အကြိမ် ပြန်လည်ဆွတ်ခူးနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

**ငွေကြယ် - ရေးသားသည်**

# နာပိုလီကွင်းလယ်ကစားသမား ဂျော်ဂျင်ဟိုအား ပေါင်သန်း ၅၀ ဖြင့် ချယ်လ်ဆီးအသင်း ခေါ်ယူ

ပရီမီယာလိဂ်ကလပ် ချယ်လ်ဆီးအသင်းသည် အီတလီစီးရီးအေကလပ် နာပိုလီအသင်းမှ ကွင်းလယ်ကစားသမား ဂျော်ဂျင်ဟိုအား ပြောင်းရွှေ့ကြေးပေါင်သန်း ၅၀ ဖြင့် စာချုပ်ချုပ်ဆို ခေါ်ယူလိုက်ပြီဖြစ်ကြောင်း သိရသည်။

အသက်(၂၆)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ဂျော်ဂျင်ဟိုသည် နာပိုလီအသင်း နည်းပြဟောင်း ဆာရီနှင့် ထပ်မံလက်တွဲရန် ချယ်လ်ဆီးအသင်းနှင့် ငါးနှစ်သက်တမ်းရှိစာချုပ် တစ်ရပ်ချုပ်ဆိုလိုက်ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမားဂျော်ဂျင်ဟိုသည် နာပိုလီအသင်းတွင် ၂၀၁၄ ခုနှစ်ကတည်းက စတင်ပါဝင်ကစားခဲ့သူဖြစ်ပြီး ပြီးခဲ့သည့်ဘောလုံးရာသီက နာပိုလီအသင်းနှင့်အတူ ပွဲပေါင်း ၃၆ ပွဲပါဝင်ကစားပေးခဲ့ရာတွင် သွင်းဂိုးလေးဂိုးသွင်းယူနိုင်ခဲ့သူဖြစ်သည်။

ဂျော်ဂျင်ဟိုသည် နိုဝင်ဘာလအတွင်းက မန်စီးတီးအသင်းနှင့် နာပိုလီအသင်းတို့ ယှဉ်ပြိုင် ကစားခဲ့သည့် ချန်ပီယံလိဂ်ပွဲစဉ်တွင် နာပိုလီအသင်းအတွက် ပင်နယ်တီသွင်းဂိုးတစ်ဂိုးသွင်းယူ ပေးခဲ့ပြီး မတ်လအတွင်းက အင်္ဂလန်အသင်းနှင့် အီတလီအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်တွင်လည်း ပါဝင်ကစားပေးခဲ့သူဖြစ်သည်။

ကွင်းလယ်ကစားသမား ဂျော်ဂျင်ဟိုသည် ၂၀၁၆ ခုနှစ်က အီတလီအသင်းနှင့် စပိန်အသင်း တို့ တစ်ဖက်တစ်ဂိုးစီသရေပွဲဖြစ်ခဲ့သည့် ချစ်ကြည်ရေးခြေစမ်းပွဲစဉ်တွင် အီတလီအသင်းနှင့် အတူ စတင်ပွဲထွက်ကစားခွင့်ရရှိခဲ့သူဖြစ်ပြီး လက်ရှိတွင် အီတလီလက်ရွေးစင်အသင်းနှင့် အတူ နိုင်ငံတကာပွဲစဉ်ရှစ်ပွဲအထိ ပါဝင်ကစားပေးခဲ့ပြီးဖြစ်သည်။



# ဖားကန့်မြို့နယ်၌ ကမ်းပါးယံပြိုကျမှုဖြစ်ပွားပြီးနောက် ပျောက်ဆုံးနေသူခြောက်ဦးထိရှိ

**ဖားကန့် ဇူလိုင် ၁၅**
ကချင်ပြည်နယ် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာ အုပ်စု ဆန်ခါကျေးရွာရှိ မဟာအစပထမ ကုမ္ပဏီ လုပ်ကွက်ဟောင်းအတွင်း ဇူလိုင် ၁၄ ရက်က ကမ်းပါးယံပြိုကျမှုကြောင့် ရေမဆေးကျောက် ရှာဖွေသူများအား ရေလှိုင်းရိုက်မိ၍ နုန်းကန် အတွင်းသို့ ပြုတ်ကျသေဆုံးသူ ၁၅ ဦးနှင့် ဒဏ်ရာရရှိသူ ၄၅ ဦးထိရှိခဲ့ရာ ယနေ့တွင် နုန်းကန် အတွင်းနစ်မြုပ်နေသူများ ကျန်ရှိမရှိ ဆက်လက် ရှာဖွေမှုကို မိုးရွာနေမှုကြောင့် ခေတ္တရပ်ဆိုင်း ထားရကြောင်း သိရသည်။

အခင်းဖြစ်နေရာတစ်ဝိုက်နှင့် မြို့နယ်အတွင်း ရေမဆေးကျောက်ရှာဖွေသူများ၏ ပျောက်ဆုံး စာရင်းစိစစ်မှုများနှင့် သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးရုံး များထံ သတင်းပေးတိုင်ကြားမှုများအရ လုံးခင်း ကျေးရွာအုပ်စုမှ မော်စီစာကျေးရွာနေ ဦးသန်းနိုင် ၂၅ နှစ်၊ ဦးစိုးသား ၂၀ နှစ်နှင့် ဦးဇော်သန်း ၂၀နှစ်၊ မဇွတ်ယန်ကျေးရွာနေ ဦးအင်ဒူမျိုးဆွတ်အောင် ၂၂ နှစ်နှင့် ဦးအင်ဒူဂျော်ဆွတ်ရိန် ၁၈နှစ်၊ မော်ပုံ ကျေးရွာနေ ဦးဝကြီး ၂၄နှစ် စုစုပေါင်းခြောက်ဦး ပျောက်ဆုံးနေကြောင်း သိရသည်။

ဒဏ်ရာရရှိသူများအား ဇူလိုင် ၁၄ ရက် ည ၉ နာရီခန့်က ဖားကန့်ဆေးရုံကြီးသို့ ၁၃ ဦး၊ မြစ်ကြီးနားဆေးရုံကြီးသို့ ၁၉ ဦး ပို့ဆောင်ပေးခဲ့ပြီး လုံးခင်းဆေးရုံတွင် ၁၃ ဦး ဆေးဝါးကုသမှုခံယူလျက် ရှိရာ ယနေ့တွင် လုံးခင်းဆေးရုံမှ လူနာနှစ်ဦးဆင်း သည့် အတွက် ၁၁ ဦး ဆက်လက်ကုသမှုခံယူ လျက်ရှိပြီး ဖားကန့်ဆေးရုံကြီးတွင် လူနာနှစ်ဦးဆင်း ကာ လူနာနှစ်ဦးအား မြစ်ကြီးနားဆေးရုံကြီးသို့ ထပ်မံလွှဲပြောင်းပေးခဲ့ရပြီး လူနာကိုးဦးကျန်ရှိကာ ဆေးဝါးကုသမှုခံယူလျက်ရှိသည်။

မြစ်ကြီးနားဆေးရုံကြီးသို့ ပို့ဆောင်ကုသမှု ခံယူစေသည့် စုစုပေါင်းလူနာ ၂၁ ဦးထဲမှ ယနေ့တွင် နှစ်ဦး ထပ်မံသေဆုံးခဲ့ရာ ကမ်းပါးယံပြိုကျမှု ဖြစ်စဉ်ကြောင့် သေဆုံးသူပေါင်း ၁၇ ဦးထိ မြင့်တက်လာခဲ့ပြီဖြစ်သည်။

မြို့နယ်အုပ်ချုပ်ရေးမှူး၏ စီစဉ်မှုဖြင့် ကနဦး ထောက်ပံ့ငွေများအဖြစ် သေဆုံးသူ ၁၇ ဦးအား နာရေးထောက်ပံ့ငွေ တစ်ဦးလျှင်ငွေကျပ် သုံးသိန်း နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၅၁ သိန်း၊ ဖားကန့် ဆေးရုံကြီးမှလူနာကိုးဦးနှင့် လုံးခင်းဆေးရုံမှ လူနာ ၁၁ ဦးအား တစ်ဦးလျှင် ငွေကျပ် တစ်သိန်းနှုန်း ဖြင့် စုစုပေါင်းငွေကျပ် သိန်း ၂၀၊ မြစ်ကြီးနား ဆေးရုံကြီးသို့ ပို့ဆောင်ကုသမှုခံယူလျက်ရှိသူ ၁၉ ဦးအား တစ်ဦးလျှင်ငွေကျပ် တစ်သိန်းနှုန်း အပြင် မဟာအစပထမကုမ္ပဏီမှလည်း တစ်ဦး လျှင် ငွေကျပ် တစ်သိန်းနှုန်း စုစုပေါင်းငွေကျပ် ၃၈ သိန်း ကူညီထောက်ပံ့ထားကြောင်း သိရ သည်။

**မြို့နယ်(ပြန်/ဆက်)**

# မြန်မာ့ရုပ်မြင်သံကြား

**၁၆-၇-၂၀၁၈ (တနင်္လာနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၆း၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၀၀ | Breakfast News |
| ၇း၃၅ | MRTV Travelogue |
| ၈း၃၅ | "မျက်ရည်သွန်လို့ ဘဝင်ညှိုး ဇူလိုင်တစ်ဆယ့်ကိုး" |
| ၈း၄၅ | မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ |
| ၉း၄၅ | **"ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ - (၂၁)ရာစု ပင်လုံ တတိယအစည်းအဝေးပိတ်ပွဲ အခမ်းအနား တိုက်ရိုက် ထုတ်လွှင့်မှုအစီအစဉ်"** |
| ၁၁း၂၀ | ရှုဖွယ်စုံလင်အာဆီယံအစီအစဉ် |
| ၁၁း၃၅ | မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ် |
| ၁၂း၄၅ | ပြည်သူ့နီတိ "ဝဋ်မှလည်ရင်ဆေးမရှိပါ" (ရွှေအိုး၊ ဂွမ်းပုံကြီး၊ မြမျက်ချယ်၊ ယုယမင်းကျော်) (ဒါရိုက်တာ-မိုးဇော်ကို) |
| ၁၃း၄၅ | Tasty Trip |
| ၁၄း၁၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "အကယ်၍သာ"(အပိုင်း-၃) |
| ၁၅း၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ" (အပိုင်း-၆၂) |

**ညပိုင်း**

| | |
|---|---|
| ၁၆း၂၅ | အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ်(သမိုင်းအထူးပြု) (သမိုင်း) |
| ၁၇း၀၅ | This Week's special Interest |
| ၁၇း၃၀ | Yes or No Talk Show |
| ၁၈း၂၀ | Football Magazine |
| ၁၈း၃၅ | ဥပဒေရေးရာအဖြာဖြာ "တောင်းပန်ပါတယ်" (ဦးစံပေါ၊ ကိုချစ်ဦး၊ ဒိတ်ဒိတ်၊ နေသစ်ခန့်၊ စိုင်းရာဇာ၊ ဒေါ်အမာကြည်၊ ခင်ဖြူဖြူသန့်၊ မို့မို့သိန်း) (ဒါရိုက်တာ-ဝေဠု(ဝသန်)) |
| ၁၉း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ" (အပိုင်း-၂၅) |
| ၂၀း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၀း၃၅ | -"ဆယ့်ကိုးဇူလိုင်" - ရာဇဝင်ထဲကသမိုင်းအနုပညာ "ဆယ်ပွင့်ပန်း"(ပန်းပုလုပ်ငန်း) -ပြည်သူ့နီတိ "ပင်အို" -နိုင်ငံခြားဇာတ်လမ်းတွဲ "မျဉ်းဖြောင့်တစ်ကြောင်းရဲ့မှတ်တမ်း" (အပိုင်း-၃၆) - အစီအစဉ်ပြီး၏။ |

# ပြည်ကြီးမဏ္ဍိုင်မြို့တွင် မီးလောင်မှုဖြစ်ပွား

**ပြည်ကြီးမဏ္ဍိုင် ဇူလိုင် ၁၅**
မန္တလေးတိုင်းဒေသကြီး ပြည်ကြီး မဏ္ဍိုင်မြို့၌ ယနေ့ မွန်းတည့်ပိုင်းတွင် ဘုရားမီးပူဇော်သည့် ဝါယာကြိုးမှ အပူလွန်ကဲကာ ဝါယာရှော့ဖြစ်ပြီး မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပြည်ကြီးမဏ္ဍိုင်မြို့ ပြည်ကြီးမဏ္ဍိုင် ရပ်ကွက်နေ ဦးရေကျော်၏ တိုက်ခံ ပျဉ်ထောင်သွပ်မိုးနှစ်ထပ် နေအိမ်တွင် ဘုရားမီးပူဇော်သည့် ဝါယာကြိုးမှ



အပူလွန်ကဲကာ ဝါယာရှော့ဖြစ်ပြီး မီးစတင်လောင်ကျွမ်းခဲ့ရာ နံဘေးရှိ ဒေါ်တင်လှ (ခ) ဒေါ်လှ၏ ပျဉ်ထောင် ဓနိမိုး တစ်ထပ်နေအိမ်အား မီးကူး စက် လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။

မီးလောင်ကျွမ်းရာသို့ ပြည်ကြီး မဏ္ဍိုင်မြို့ မီးသတ်ဦးစီးဌာနမှ တာဝန်ခံနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်ရင်းမှ တပ်မတော်သား များ၊ ရပ်ကွက်ပြည်သူများ ပူးပေါင်း ကာ မီးသတ်ယာဉ်တစ်စီး၊ ရေသယ် ယာဉ်တစ်စီးဖြင့် ဝိုင်းဝန်းမီးငြိမ်းသတ် ခဲ့ကြသည်။

အဆိုပါ မီးလောင်ကျွမ်းမှုနှင့် ပတ်သက်၍ မီးဘေးသင့်မိသားစု များအား မြို့နယ်တာဝန်ရှိအဖွဲ့ အစည်းများက ကူညီကယ်ဆယ်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက် ရှိသည်။ မီးပေါ်ဆသူ ဦးရေကျော် အား ဥပဒေနှင့်အညီ ဆက်လက် အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ပြည်ကြီးမဏ္ဍိုင်(ပြန်/ဆက်)**



# တပ်ကုန်းနှင့် ပင်လောင်းတို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၁၅**
မူးယစ်တပ်ဖွဲ့စု(၁၀၁)နေပြည်တော်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့ သည် ဇူလိုင် ၁၄ ရက် နံနက် ၁၁ နာရီခန့်က တပ်ကုန်းမြို့နယ် မြောက်မြိုက် ကျေးရွာအုပ်စု ဒဟတ်ကုန်းကျေးရွာအနီး ဆင်သေရေလွှဲဆည် တာပေါင် လမ်းမပေါ်တွင် မြင့်ထွန်း(ခ)မောင်ပုလေး မောင်းနှင်လာသည့် မော်တော် ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေး ၄၃၁ ပြား၊ ဘိန်းဆီခဲ ၂၃၀ ဒသမ ၃၃ ဂရမ်၊ ငွေကျပ် ၆၅၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

အလားတူ ယင်းနေ့ ည ၁၀ နာရီခန့်က မူးယစ်တပ်ဖွဲ့စု ၂၆ ပင်လောင်းနှင့် နောင်တရား နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပင်လောင်းမြို့နယ် နောင်တရားမြို့ ပင်လောင်း-အောင်ပန်းကားလမ်း မိုင်တိုင်အမှတ် ၂၉ အနီးတွင် သန့်ဇင်ဟိန်း မောင်းနှင်ပြီး ကျော်နိုင် လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို စစ်ဆေးရန် တားဆီးစဉ် မောင်းနှင်ထွက်ပြေးသဖြင့် ပိတ်ဆို့ဖမ်းဆီးရာ သစ်ပင်မဲကျေးရွာနှင့် နန်းပုလင်း ကျေးရွာသွားလမ်း၌ မော်တော်ဆိုင်ကယ်နှင့်အတူတွေ့ရှိပြီး စိတ်ကြွရူးသွပ် ဆေးပြား ၆၀၀၀ သိမ်းဆည်းရမိခဲ့သည်။ ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထား ကြောင်း သိရသည်။

**သတင်းစဉ်**

# စစ်တွေမြို့ကုလားတန်မြစ်၌ စက်လှေတစ်စင်းနစ်မြုပ်

**စစ်တွေ ဇူလိုင် ၁၅**
စစ်တွေမြို့ အရှေ့ဘက် ကုလားတန်မြစ်အတွင်း ဗျူးပွိုင့်နှင့်ကိုက် ၂၀၀ ခန့် အကွာ၌ ဇူလိုင် ၁၄ ရက်က စက်လှေတစ်စင်း ကျောက်ဆောင်တိုက်မိပြီး သောင်ပြင်၌တင်နေစဉ် နစ်မြုပ်မှုဖြစ်ပွားကြောင်းသိရသည်။

ဖြစ်စဉ်မှာ အောင်ရတနာစက်လှေသည် မြေပုံမြို့နယ် ကမ်းထောင့်ကြီး မြို့ ဆိပ်ကမ်းမှ စစ်တွေမြို့သို့ ကျောက်တင်ပြီးမောင်းနှင်လာရာ လေပြင်း တိုက်ခတ်ပြီး လှိုင်းကြီးသဖြင့် စစ်တွေမြို့ ဗျူးပွိုင့်အနီး သောင်ပြင်တွင် သောင်တင်နေစဉ် စစ်တွေမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောသက်ဆွေ၊ မြို့နယ် မီးသတ်ဦးစီးမှူးနှင့်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင် များက ရခိုင်ပြည်နယ် အစိုးရအဖွဲ့ပိုင် အမြန်ရေယာဉ်ဖြင့် ညနေ ၅ နာရီ ၄၀ မိနစ်ခန့်တွင် သွားရောက်ကယ်ဆယ်ခဲ့ကြသည်။ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက် နေစဉ် ကျောက်တင်စက်လှေမှာနစ်မြုပ်သွားရာ စက်လှေတွင် ပါလာသူ လေးဦးအား ကယ်ဆယ်ကာ စစ်တွေမြို့ ဆေးရုံကြီးသို့ ပို့ဆောင်ကာ ဆေးကုသမှုဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# မရမ်းချောင်စစ်ဆေးရေးစခန်းတွင် တရားမဝင်ကုန်စည်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၁၅**
မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ဇူလိုင် ၁၄ ရက်တွင် Hyundai Starex ယာဉ်နှစ်စီးကို ရှောင်တခင်စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသော အကောက်ခွန်မဲ့ Umbrella (Used) 900 Nos၊ TV (Used) Assorted Size 140 U၊ Sound Box (Used) 32 Nos၊ Washing Machine (Used) 4 U၊ Amplifier (Used) 10 U နှင့် အဆိုပါ ပစ္စည်းသယ်ဆောင်သည့် ယာဉ်နှစ်စီး (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၉ ဒသမ ၅၈၀ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့သည်။

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်း ချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဇူလိုင် ၁၄ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၂၈၅ စီး၊ သွင်းကုန် ၉၈၆ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၁ စီး၊ သွင်းကုန် ၁၅၅ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သောကုန်ပစ္စည်းများ ကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၄ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုခြောက်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁ ဒသမ ၁၄၀ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်-ကံပြားလမ်းပေါ်တွင် ကားနှင့် ဆိုင်ကယ်တိုက် ဆိုင်ကယ်မောင်းသူ သေဆုံး

**မြို့သစ် ဇူလိုင် ၁၅**
မကွေးခရိုင် မြို့သစ်မြို့ မင်းရပ်ကွက်နှင့် တစ်မိုင်ခန့်အကွာ နေပြည်တော်-ကံပြား ကားလမ်း၌ ယနေ့နံနက်ပိုင်းက ဆိုင်ကယ်နှင့်ကား တိုက်မှုကြောင့် ဆိုင်ကယ်မောင်းသူ သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ နေပြည်တော်-ကံပြား ကားလမ်းအတိုင်း ကံပြားဘက်မှ နေပြည်တော်ဘက်သို့ အောင်နိုင်ဦး မကွေးမြို့ ကံသာရပ်နေသူမောင်းနှင်လာ သော မော်တော်ယာဉ်နှင့် ယင်းနားကုန်းဘက်မှ မြို့သစ်ဘက်သို့ မြသိန်းစံ (ခ)ဖိုးချက် ယောင်းမကျေးရွာ မြို့သစ်မြို့နယ်နေသူမောင်းနှင်လာသော မော်တော်ဆိုင်ကယ်တို့ ယင်းနားကုန်းလမ်းဆုံအရောက် ပွတ်တိုက်မိပြီး ဆိုင်ကယ်မောင်းနှင်သူ ကိုမြသိန်းစံ(ခ)ဖိုးချက်မှာ(စိုးရိမ်ရ) ဒဏ်ရာများရရှိသဖြင့် မြို့သစ်ဆေးရုံသို့ပို့ဆောင်စဉ် သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း အောင်နိုင်ဦးနှင့် မြသိန်းစံ(ခ) ဖိုးချက်တို့ကို မြို့သစ်မြို့မရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရ သည်။

**ဇော်ဇော်(မြို့သစ်)**

# မိုးမောက်မြို့နယ် ကျောက်စခန်းအပန်းဖြေစခန်း၌ အမျိုးသားတစ်ဦး ရေနစ်သေဆုံး

**မိုးမောက် ဇူလိုင် ၁၅**
ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ် ကျောက်စခန်းကျေးရွာ အပန်း ဖြေစခန်း၌ ဇူလိုင် ၁၄ ရက် ညနေ ၃ နာရီခွဲက ချောင်းအတွင်းရေဆင်းချိုးရာမှ အမျိုးသားတစ်ဦး ရေနစ်သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၁၄ ရက်က ကျောက်စခန်းကျေးရွာရှိ အပန်းဖြေစခန်းသို့ အပန်းဖြေလည်ပတ်ရန် လာရောက်သည့် ဗန်းမော်မြို့ ညောင်ပင်ရပ်ကွက်နေ မောင်ဇင်ဝေထူး(၁၇)နှစ်သည် ချောင်းအတွင်းရေဆင်းချိုးရာမှ ချောင်းရေနှင့် အတူ မျောပါသွားခဲ့၍ ကျေးရွာအုပ်ချုပ်ရေးမှူးမှတစ်ဆင့် မိုးမောက် မြို့နယ် မီးသတ်စခန်းသို့ အကြောင်းကြားခဲ့ရာ ဒုတိယမီးသတ်ဦးစီးမှူး ဦးစိုးသူထိုက် ဦးဆောင်သည့်သန္ဓေမီးသတ်တပ်ဖွဲ့ဝင်ငါးဦး၊ အရန်တပ်ဖွဲ့ဝင် ၁၀ ဦးတို့က ရှာဖွေကယ်ဆယ်ခဲ့ရာ မောင်ဇင်ဝေထူးအား ရေနစ်သေဆုံးလျက်တွေ့ရှိခဲ့ပြီး ဗန်းမော်မြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

**မူးယစ်ကိုပစ် ပန်းတိုင်သစ်**
**စိတ်သစ်လူသစ် ဘဝသစ်**

# အာဇာနည်နေ့တွေကပေးတဲ့ ရလဒ်ကောင်း

ဆူးငှက်

၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ရက်နေ့မှာ တိုင်းပြည် လွတ်လပ်ရေးအတွက် ကြိုးပမ်းနေတဲ့ ဗိုလ်ချုပ်အောင်ဆန်းနှင့် တကွ အာဇာနည်ခေါင်းဆောင်ကြီးတွေ လုပ်ကြံခံရတယ်။ နိုင်ငံအတွက် အရေးကြီးဆုံးအချိန်မှာ လက်နက်အားကိုးနဲ့ လုပ်ကြံသတ်ဖြတ်မှုအပေါ် တစ်နိုင်ငံလုံးက ယူကျုံးမရဖြစ်ကြရတယ်။ ၁၉၄၈ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့မှာပဲ နိုင်ငံဟာ လွတ်လပ်သော ပြည်ထောင်စုသမ္မတနိုင်ငံတော်အဖြစ် ကမ္ဘာကိုကြေညာနိုင်ခဲ့တယ်။ တစ်ဆက်တည်းပဲ ကိုယ်ကျိုးစွန့် အသက်ပေး ကြိုးပမ်းခဲ့ကြတဲ့ အာဇာနည်ခေါင်းဆောင်ကြီးတွေကိုယ်တိုင် လွတ်လပ်ရေးကို မြင်တွေ့မသွားကြရခြင်းအပေါ် သူတို့ကျေးဇူး၊ သူတို့စိတ်ဓာတ်များကို ဂုဏ်ပြုတဲ့အနေနဲ့ နှစ်စဉ် ဇူလိုင်လ ၁၉ ရက်နေ့ရောက်တိုင်း အာဇာနည်နေ့ အခမ်းအနားတွေ တစ်ပြည်လုံးကျင်းပခဲ့ကြတယ်။

### လူထုနိုင်ငံရေးဆိုင်ရာ ဘူမိနက်သန် နေရာ

ဇူလိုင်လ ၁၉ ရက်နေ့မှာ ကျရောက်တဲ့ အာဇာနည်နေ့ အခမ်းအနားကို မန္တလေးအိမ်တော်ရာ ဘုရားဝင်း အတွင်းက ၁၄ ခန်းဇရပ်ကြီးမှာ ၁၉၄၈ခုနှစ်ကနေ ၁၉၈၀ ပြည့်နှစ်ကျော် ဝန်းကျင်ကာလအထိ နှစ်စဉ် မပျက်မကွက် ကျင်းပခဲ့ကြတယ်။ မန္တလေးမြို့ အနောက်ပြင် သီရိဟေမာရပ်ကွက်အတွင်းမှာ တည်ရှိတဲ့ မဟာလောကရံသီ အိမ်တော်ရာ စေတီပရိဝုဏ်အတွင်း ရာဟုထောင့်က ၁၄ ခန်း ဇရပ်ကြီးဟာ မန္တလေး နိုင်ငံရေးသမိုင်းရဲ့ အောင်မြေဗိမာန်ကြီးလည်း ဖြစ်တယ်။ ၁၄ ခန်းဇရပ်ကြီး ကျယ်ဝန်းတယ်၊ ဘေးမှာ အကာအရံမရှိဘူး။ ရင်ပြင်တော်ကြီးနှင့်လည်း တစ်ဆက်တစ်စပ်တည်း ဖြစ်တယ်။ ဒါကြောင့် လူထုအခမ်းအနားကြီးတွေကို ၁၄ ခန်းဇရပ်ကြီးမှာပဲ ကျင်းပလေ့ရှိကြတယ်။ မန္တလေးမြို့ရဲ့ နာမည်ကျော် နိုင်ငံရေးလှုပ်ရှားမှုကြီးဖြစ်တဲ့ ၁၃၀၀ ပြည့် အရေးတော်ပုံကာလ မြို့လုံးကျွတ် လူထုချီတက်ပွဲကြီးကို ၁၄ ခန်းဇရပ်မှာပဲ စုရပ်ထားပြီး ချီတက်ခဲ့ကြတယ်။ ဒီအရေးတော်ပုံမှာ ကျဆုံးခဲ့ကြရတဲ့ အာဇာနည်များရဲ့ ဈာပန 'မသာတော်' အခမ်းအနားကိုလည်း ၁၄ ခန်းဇရပ်မှာပဲ ကျင်းပခဲ့တယ်။ လူထု သိန်းချီတက်ရောက်ကြတဲ့ အခမ်းအနားကြီးတွေပါပဲ။ အလားတူ သာသနာရေးကိစ္စတွေ၊ မြို့ရေးရွာရေး ကိစ္စတွေ၊ အမျိုးသားရေးကိစ္စတွေအတွက် အိမ်တော်ရာ ၁၄ ခန်းဇရပ်ကြီးဟာ လူထုနိုင်ငံရေးဆိုင်ရာ ဘူမိနက်သန် နေရာကြီးဖြစ်ခဲ့တယ်။

### အိမ်တော်ရာ ၁၄ ခန်းဇရပ်ကြီးမှာ ကျင်းပတဲ့ အာဇာနည်နေ့

၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့မှာ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးပြီးနောက် နိုင်ငံနှင့်အဝှမ်း ဇူလိုင် ၁၉ ရက်နေ့ရောက်တိုင်း အာဇာနည်နေ့အခမ်းအနားများ ကျင်းပပြီး အလေးပြု မေတ္တာပို့ အမျှဝေကြတယ်။ ဒီလိုကျင်းပကြတဲ့အနက် ရန်ကုန်ရွှေတိဂုံခြေရင်းက အာဇာနည်ဗိမာန်မှာ ကျင်းပတဲ့ အာဇာနည်နေ့အခမ်းအနားပြီးရင် မန္တလေးအိမ်တော်ရာ ၁၄ ခန်းဇရပ်ကြီးမှာ ကျင်းပတဲ့ အာဇာနည်နေ့ အခမ်းအနားက အကြီးကျယ်ဆုံး ဖြစ်ပါလိမ့်မယ်။ ၁၄ ခန်းဇရပ်ကြီးရဲ့ အနောက်ဘက်ခြမ်းမှာ ကြက်သွေးရောင် ကတ္တီပါကားကြီး ဆင်ထားတယ်။ အလျားပေ ၅၀၊ အမြင့်ပေ ၂၀ လောက်ရှိမှာပေါ့။ ကတ္တီပါကားကြီးမှာ အာဇာနည်ကြီးများ ဓာတ်ပုံကို ချိတ်ဆွဲထားတယ်။ အလယ်ကောင် အမြင့်ဆုံးမှာ ဗိုလ်ချုပ်အောင်ဆန်းဓာတ်ပုံကို ချိတ်ဆွဲပြီး ဝဲယာနှစ်ဖက် အညီအမျှနှင့် မှောက်ထားတဲ့ စက်ဝိုင်းခြမ်းသဏ္ဌာန်အတိုင်း ကျန်အာဇာနည်ကြီးများ ဓာတ်ပုံတွေ ချိတ်ဆွဲတယ်။ ဒီစက်ဝိုင်းကွေးအောက်မှာ ဘယ်နှနှစ်မြောက် အာဇာနည်နေ့အခမ်းအနားဆိုတဲ့စာလုံးတွေ ကပ်ထားတယ်။ အာဇာနည်ကြီးများ ဓာတ်ပုံတွေအောက်မှာ လွမ်းသူ့ပန်းခွေများနှင့် အာဇာနည်ကြီးများနာမည်ကို ရေးထိုးထားတယ်။ ဇရပ်ကြီးရဲ့ တိုင်တိုင်းမှာ ဗိုလ်ချုပ်အောင်ဆန်း ဓာတ်ပုံနှင့်အတူ မိန့်ခွန်းကောက်နုတ်ချက်တွေကို ချိတ်ဆွဲထားတယ်။ ကတ္တီပါကားကြီး အောက်ခြေမှာ လွမ်းသူ့ပန်းခွေတွေ ချိတ်ဆွဲဖို့ သစ်သားတန်းတွေ ရိုက်ထားတာ ဇရပ်ကြီးရဲ့ အနံအရှိအတိုင်းပါပဲ။

### ဗိုလ်ချုပ်အောင်ဆန်းရဲ့ သမိုင်းဝင် မိန့်ခွန်း

ဇူလိုင် ၁၉ ရက်နေ့ နံနက် စောစောကတည်းက ၁၄ ခန်းဇရပ်ကြီးဘေးမှာ မီးသတ်ကားတစ်စီး ရပ်ထားတယ်။ ဘေးက ဂျစ်ကားပေါ်မှာ အသံချဲ့စက်တင်ပြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့ သမိုင်းဝင် မိန့်ခွန်းဓာတ်ပြားဖွင့်ထားတယ်။ ဘုရားရဲ့ မုခ်လေးမုခ်အပြင် အနောက်ဘက်မှာရှိတဲ့ မော်တော်ကားဝင်ပေါက်တွေကတစ်ဆင့် မန္တလေးတစ်မြို့လုံးက ကျောင်းတွေ၊ ရုံးဌာနတွေ၊ စက်ရုံအလုပ်ရုံတွေ၊ ရပ်ကွက်တွေက လူထုပရိသတ်ဟာ ဆိုင်းဘုတ်၊ လွမ်းသူ့ပန်းခွေ၊ တိုင်ဝက်လွှင့်ထူထားတဲ့ အလံတွေကိုင်ပြီး ငြိမ်သက်တိတ်ဆိတ်စွာနှင့် ချီတက်ဝင်ရောက်လာပြီး ၁၄ ခန်းဇရပ်အတွင်း လွမ်းသူ့ပန်းခွေချကာ နေရာယူကြတယ်။ အသံချဲ့စက်က ဖွင့်ထားတဲ့ ဗိုလ်ချုပ်မိန့်ခွန်းကိုနားစွင့်ပြီး တက်ခေါက်၊ အံကြိတ်၊ လက်သီးကျစ်ကျစ်ဆုပ်ကြတဲ့သူ ချည်းပါပဲ။ ကျောင်းသားလူငယ်လေးတွေ၊ ကျောင်းမနေရသေးတဲ့ လူမမယ်လေးတွေကပင် ဗိုလ်ချုပ်နှင့် အာဇာနည်ကြီးများအကြောင်းကို စိတ်ဝင်စားကြ၊ မေးမြန်းကြ၊ လူကြီးတွေ ပြောပြတာ နာယူကြ၊ အချင်းချင်းလည်း ဗိုလ်ချုပ်လိုဖြစ်အောင် ကြိုးစားကြမယ်လို့ ပြောဆိုကြတယ်။ တစ်မြို့လုံးနီးပါး အိမ်စောင့်ချန်ပြီး လာရောက် ဂါရဝပြုကြလို့ ဇရပ်ကြီးထဲမှာသာမက အိမ်တော်ရာ ဘုရားရင်ပြင်အထိ လူထုပရိသတ်ကြီး ပြည့်သွားပါပြီ။

### ဥသြတွေဆွဲ ဂါရဝပြု ဦးညွှတ်

အာဇာနည်ကြီးများ ကျဆုံးတဲ့ မနက် ၁၀ နာရီ ၃၇ မိနစ်ရောက်တော့ ရပ်ထားတဲ့ မီးသတ်ကားက အချက်ပေးဥသြဆွဲတယ်။ ဒီဥသြသံက မြန်မာ့အသံရေဒီယိုကနေ တစ်နိုင်ငံလုံး ချိန်ကိုက်ဖြစ်အောင် ထုတ်လွှင့်ပေးတဲ့ ဥသြသံနှင့်အတူ တစ်ပြိုင်နက်ဆွဲလိုက်တာပါပဲ။ ဒီအချိန်မှာ မန္တလေး လေးပြင်လေးရပ်မှာရှိတဲ့ စက်ရုံအလုပ်ရုံတွေ၊ သစ်စက်၊ ဆန်စက်၊ ဘိလပ်ရည်စက်၊ မီးခြစ်စက်၊ ဖြစ်စက်ရုံစတဲ့ အစိုးရစက်ရုံကြီးတွေ၊ မြစ်ဆိပ်မှာ ဆိုက်ကပ်ထားတဲ့ သင်္ဘော၊ မော်တော်တွေကလည်း ဥသြတွေဆွဲကာ ဂါရဝပြု ဦးညွှတ်လိုက်တာပါပဲ။ မြို့လယ်ကောင် ဘူတာကြီးမှာရှိတဲ့ မီးရထားစက်ခေါင်းရုံကလည်း ဥသြဆွဲတယ်။ အခမ်းအနားကျင်းပနေတဲ့ ၁၄ ခန်းဇရပ်နှင့် အိမ်တော်ရာဘုရားရင်ပြင်က သိန်းချီတဲ့ လူထုပရိသတ်ကြီးဟာ အပ်ကျသံကြားရမတတ်ပင် တိတ်ဆိတ်စွာနှင့် အာဇာနည်ကြီးများကို ဦးညွှတ်ဂါရဝပြု၊ မေတ္တာပို့ကြတဲ့ မြင်ကွင်းဟာ မြင်ရသူတိုင်း မျက်ရည်လည်ရတာချည်းပါပဲ။

ဂါရဝပြုပြီးနောက် မြို့မိမြို့ဖများထဲက အာနည်ကြီးများ ဂုဏ်ကျေးဇူးတွေ ဟောပြောကြ၊ အာဇာနည်ကြီးများ ချမှတ်ခဲ့တဲ့လမ်းစဉ်ကို ပြောဟောကြတယ်။ အခမ်းအနားပြီးတာနှင့် အများစု လူထုပရိသတ်ကြီးက မန္တလေး တောင်ပြင် တမ္ပဝတီ သူကြွယ်ကုန်းမှာရှိတဲ့ ၁၃၀၀ ပြည့် မန္တလေးအာဇာနည် ၁၇ ဦး ဗိမာန်ကို သွားရောက်ကြပြီး လွမ်းသူ့ပန်းခွေချ၊ မေတ္တာပို့ အမျှဝေကြတယ်။

### အာဇာနည် ၁၇ဦး ဗိမာန်

အာဇာနည် ၁၇ ဦး ဗိမာန်ကတော့ ၁၃၀၀ ပြည့်နှစ် တပို့တွဲလပြည့်ကျော် ၇ ရက် (၁၉၃၉ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်နေ့) အင်္ဂလိပ်အစိုးရရဲ့ ဖိနှိပ်တဲ့ ဥပဒေတွေကို ငြိမ်းချမ်းစွာ ဆန္ဒပြကြရာမှာ ပစ်ခတ်နှိမ်နင်းလို့ ကျဆုံးခဲ့ရတဲ့ ရဟန်းရှင်လူ ကျောင်းသားပြည်သူ ၁၇ ဦးကို ဂူသွင်းသင်္ဂြိုဟ်ပြီး မြို့မိမြို့ဖ၊ မြို့လူထုက အလှူငွေများ ထည့်ဝင်ပြီး တခမ်းတနားတည်ဆောက်ထားတဲ့ 'ဗိမာန်'ပါ။

အာဇာနည်နေ့မတိုင်ခင် ဇူလိုင်လဆန်းကတည်းက သတင်းစာများ မျက်နှာဖုံးမှာ ဗိုလ်ချုပ်အောင်ဆန်း ဓာတ်ပုံနှင့် မိန့်ခွန်းကောက်နုတ်ချက်တွေကို နေ့စဉ် ဖော်ပြတယ်။ အာဇာနည်ကြီးများ အမှတ်တရ ဂုဏ်ပြုဆောင်းပါးတွေလည်း ဖော်ပြတယ်။ ဇူလိုင် ၁ ရက်ညမှာလည်း မြန်မာ့အသံက ဗိုလ်ချုပ်အောင်ဆန်းရဲ့ မိန့်ခွန်းတွေ ထုတ်လွှင့်တယ်။ ဇူလိုင် ၁၉ ရက် မနက်ကတည်းက အာဇာနည်နေ့နှင့်ပတ်သက်တဲ့ သီချင်းတွေ၊ ဇာတ်လမ်းတွေ၊ အစီအစဉ်တွေ၊ သတင်းတွေချည်းပဲ ထုတ်လွှင့်တယ်။ ကျဆုံးချိန် မနက် ၁၀ နာရီ ၃၇ မိနစ်မှာ မြန်မာ့အသံက အချက်ပေးဥသြဆွဲပေးတယ်။ ကျောင်းတွေမှာလည်း အာဇာနည်နေ့အထိမ်းအမှတ် နံရံကပ်စာစောင်တွေ၊ ပန်းချီပြိုင်ပွဲတွေ၊ ကျပန်းစကားပြောပွဲတွေ၊ ဟောပြောပွဲတွေကို တစ်ပတ်လုံး ကျင်းပပေးခဲ့ပါတယ်။

### လူထုသဘော ဆောင်တယ်

၁၉၄၈ ခုနှစ်ကတည်းက မန္တလေး အိမ်တော်ရာဘုရား ၁၄ ခန်းဇရပ်ကြီးထဲ နှစ်စဉ်ကျင်းပတဲ့ အာဇာနည်နေ့ လူထုစုဝေး အခမ်းအနားကြီးဟာ ၁၉၈၀ ပြည့်နှစ်ကျော် ကာလအထိ နှစ်စဉ်မပျက်မကွက်ပါပဲ။ နောက်ပိုင်း အာဇာနည်နေ့အခမ်းအနားကို ၁၄ ခန်းဇရပ်မှာ မကျင်းပတော့ဘဲ မြူနီစီပယ်ရုံး (စည်ပင်သာယာရုံး) က မြို့တော်ခန်းမ (၁) မှာပဲ ပြောင်းရွှေ့ကျင်းပတယ်။ လူထုပရိသတ် မပါတော့ဘူး။ အကျဉ်းမျှပဲပေါ့။ ၁၉၈၈ နောက်ပိုင်းမှာတော့ အာဇာနည်နေ့အခမ်းအနားကို မန္တလေးမှာ မကျင်းပဖြစ်တော့ဘဲ ၂၀၁၀ခုနှစ်နောက်ပိုင်းမှ ပြန်လည်ကျင်းပဖြစ်ခဲ့တယ်။

အိမ်တော်ရာ ၁၄ ခန်းဇရပ်မှာ ကျင်းပခဲ့တဲ့ မန္တလေး အာဇာနည်နေ့အခမ်းအနားတွေဟာ လူထုသဘော ဆောင်တယ်။ လူထုတစ်ရပ်လုံးအပေါ် လွှမ်းမိုးတယ်။ ကလေးသူငယ်ကအစ အရွယ်မျိုးစုံရဲ့ စိတ်ဓာတ်ထဲမှာ လွတ်လပ်ရေးကို ကာကွယ်လိုစိတ်၊ ချစ်မြတ်နိုးစိတ်နှင့်အတူ အာဇာနည်ကြီးများကဲ့သို့ ကိုယ်ကျိုးစွန့်ပြီး တိုင်းပြည်နှင့် လူမျိုးအတွက် အသက်ကို ပဓာနမထားဘဲ စွန့်စားဆောင်ရွက်လိုစိတ်တွေဆိုတဲ့ ရလဒ်ကောင်းတွေ ကိန်းအောင်းသွားစေခဲ့တာ ဧကန်ပါပဲ။ ॥



> ကလေးသူငယ်ကအစ အရွယ်မျိုးစုံရဲ့စိတ်ဓာတ်ထဲမှာ လွတ်လပ်ရေးကို ကာကွယ်လိုစိတ်၊ ချစ်မြတ်နိုးစိတ်နှင့်အတူ အာဇာနည်ကြီးများကဲ့သို့ ကိုယ်ကျိုးစွန့်ပြီး တိုင်းပြည်နှင့်လူမျိုးအတွက် အသက်ကို ပဓာနမထားဘဲ စွန့်စားဆောင်ရွက်လိုစိတ်တွေ . . .



တိုတိုထွာထွာဖတ်စရာ

## အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အဆင့်တိုးမြှင့်

**ထန်တလန်**
ချင်းပြည်နယ် ထန်တလန်မြို့နယ် မွန်လီပီးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အား အခြေခံပညာအလယ်တန်းကျောင်းအဖြစ်အဆင့်တိုးမြှင့် ဖွင့်လှစ်ပွဲကို ဇူလိုင် ၁၄ ရက် နံနက် ၁၁ နာရီက အဆိုပါကျောင်းရှေ့၌ ကျင်းပသည်။

အဆိုပါကျောင်းတွင် လက်ရှိ ဆရာ၊ ဆရာမ ငါးဦးတို့ တာဝန်ထမ်းဆောင်လျက်ရှိပြီး ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၂၆ ဦး တက်ရောက်ပညာသင်ယူနေကြောင်း သိရသည်။ **ထန်တလန်(ပြန်/ဆက်)**

## ဘာသာရပ်စွမ်းရည်မြှင့်တင်ရေးအလုပ်ရုံဆွေးနွေး

**ကလေး**
စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်နှင့် မော်လိုက်ခရိုင်၏ ၂၀၁၈- ၂၀၁၉ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ မေးခွန်းပုံစံသစ်၊ ဘာသာရပ်စွမ်းရည်မြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၄ ရက် နံနက် ၉ နာရီက ကလေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ပြုလုပ်ရာ ကလေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာသာထွန်းမောင်က အဖွင့်အမှာစကားပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားသို့ ခရိုင်နှင့်မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကလေးခရိုင်နှင့်မော်လိုက်ခရိုင်တို့မှ အထက်တန်းပြဆရာ၊ ဆရာမများ စုစုပေါင်း ၁၀၀၀ ကျော်တက်ရောက်ကြကြောင်း သိရသည်။ **ချင်းတွင်းသား**

## ကျောင်းသား၊ ကျောင်းသူများအား ကျန်းမာရေးစစ်ဆေး

**တမူး**
စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ကျောင်းကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် အခြေခံပညာကျောင်းများသို့ ကျန်းမာရေးအသိပညာပေးဟောပြောခြင်း၊ ကျောင်းသား၊ ကျောင်းသူများအား ကျန်းမာရေးစစ်ဆေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၃ ရက်က တမူးမြို့ အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ထွန်းမင်းအောင်(ကဘော်မြေ)**

## ထင်းစိုက်ခင်းအတွင်း မိုးရာသီသစ်ပင်စိုက်ပျိုး

**တောင်ကြီး**
တောင်ကြီးမြို့ ထင်းစိုက်ခင်းအတွင်း ဇူလိုင် ၁၄ ရက်က မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပရာ ခါတော်မီ ၁၀၀၀၊ ထင်းရှူး ၁၀၀၀၊ စိန်ပန်းပြာ ၁၀၀၀၊ စိန်ပန်းနီ ၂၀၀၀၊ ချယ်ရီ ၅၀၀၀ စုစုပေါင်း ၁၀၀၀၀ စိုက်ပျိုးပေးခဲ့ကြသည်။

တောင်ကြီးမြို့၏ အဓိကရေအရင်းအမြစ်သည် မြေအောက်ရေပြန်လည်ဖြည့်တင်းသောဧရိယာဖြစ်သည့်အတွက် ယခုကဲ့သို့ သစ်ပင်များစိုက်ပျိုးရခြင်းဖြစ်ပြီး မြေအောက်ရေရရှိရန်လည်း ပိုမိုအထောက်အကူဖြစ်ကြောင်း၊ တောင်ကြီးမြို့အတွင်းရှိ ပြည်သူလူထုများကလည်း သန့်ရှင်းသောအောက်ဆီဂျင်ရရှိရန် လိုအပ်ကြောင်း ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာညီညီအောင်က ပြောကြားသည်။ **မောင်မောင်သန်း (တောင်ကြီး)**

## တနင်္ဂနွေနေ့ကိုမန္တလေးမြို့တော်သန့်ရှင်းရေးနေ့သတ်မှတ်

**မန္တလေး**
မန္တလေးမြို့တော်သန့်ရှင်းသာယာလှပစေရေး၊ စည်းကမ်းတကျအမှိုက်စွန့်ပစ်သည့် အလေ့ကျင့်ကောင်းများရရှိစေရေး ရည်ရွယ်ကာ တနင်္ဂနွေနေ့ကို သန့်ရှင်းရေးနေ့အဖြစ် သတ်မှတ်ခဲ့သည်။

တနင်္ဂနွေမြို့တော် သန့်ရှင်းရေးနေ့ လူထုလှုပ်ရှားမှုစုပေါင်း အမှိုက်ကောက်ပွဲကို ဇူလိုင် ၁၅ ရက် တနင်္ဂနွေနေ့ နံနက် ၇ နာရီမှ ၉ နာရီအထိ မဟာအောင်မြေမြို့နယ် မဟာနွယ်စဉ်ရပ်ကွက် ဗောဓိပတ်လမ်း ၃၉ လမ်းနှင့် လမ်း ၄၀ ကြားရေနီမြောင်း ဝဲယာနှင့် ၇၃ လမ်း မန္တလေးတက္ကသိုလ်တို့တွင် ဆောင်ရွက်သည်။

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ သန့်ရှင်းရေးဌာနလုပ်သားများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ သဘာဝပတ်ဝန်းကျင်ချစ်မြတ်နိုးသူများ၊ နိုင်ငံရေးပါတီများမှ အဖွဲ့ဝင်များ၊ မဟာအောင်မြေမြို့နယ်မီးသတ်ဦးစီးမှူးဦးစီးသော သန္နှင့် ဒေသအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ပရဟိတအသင်း ၁၉ သင်းမှ အဖွဲ့ဝင်များ၊ မန္တလေးတက္ကသိုလ်ဝန်ထမ်းများက တပျော်တပါး သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ကြရာ မြို့တော်ဝန် ဒေါက်တာရဲလွင်နှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ ဌာနမှူးများ ကြည့်ရှုအားပေးပြီး ပြည်သူများနှင့်အတူ အမှိုက်ကောက်ပွဲဆင်နွှဲကြကြောင်း သိရသည်။ **မောင်ပြည်သူ(မန္တလေး)**

# လူထုကြီးပွားရေးစာအုပ်တိုက် နှစ်(၈၀)ပြည့် စာအုပ်ဈေးရောင်းပွဲကျင်းပ

**ချမ်းအေးသာစံ ဇူလိုင် ၁၅**
မန္တလေးမြို့မှ သတင်းစာဆရာကြီးလူထုဦးလှနှင့် စာရေးဆရာမကြီး လူထုဒေါ်အမာတို့တည်ထောင်ခဲ့သည့် လူထုကြီးပွားရေးစာအုပ်တိုက်သည် ၂၀၁၈ ခုနှစ် ဇူလိုင် ၁၅ ရက်တွင် နှစ် (၈၀) ပြည့်မြောက်ခဲ့ပြီဖြစ်သည်။




လူထုကြီးပွားရေးစာအုပ်တိုက် နှစ် (၈၀) ပြည့် အထိမ်းအမှတ် စာအုပ်ဈေးရောင်းပွဲတော်ကို ဇူလိုင် ၁၅ ရက်မှ ၁၇ ရက်အထိ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ၈၄ လမ်းနှင့် ၃၃ လမ်းထောင့် လက်ဆည်ကန်ရပ် လူထုစာအုပ်တိုက်ရှေ့တွင်ကျင်းပပြီး သတင်းစာဆရာကြီး မောင်သစ်လွင်(လူထု)က နှစ် (၈၀) လူထုကြီးပွားရေးစာအုပ်တိုက် ဖြတ်သန်းခဲ့ရမှုပုံရိပ်များကို ဟောပြောခဲ့ရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ မြို့တော်ဝန် ဒေါက်တာရဲလွင်တို့ တက်ရောက်အားပေးခဲ့သည်။

နှစ် (၈၀) ပြည့်စာအုပ်ဈေးပွဲ လူထုဦးလှ၊ လူထုဒေါ်အမာရေးသားခဲ့သော စာအုပ်များ၊ စာရေးဆရာညီပုလေးရေးသားခဲ့ပြီး လူထုကြီးပွားရေးစာအုပ်တိုက်ထုတ် စာအုပ်များအား ၂၀ ရာခိုင်နှုန်းလျှော့ဈေးဖြင့် ရောင်းချပေးလျက်ရှိသည်။

မန္တလေးတက္ကသိုလ်ရှိလူထုစာအုပ်ဆိုင်တွင်လည်း လူထုကြီးပွားရေးစာအုပ်တိုက်ထုတ် စာအုပ်များနှင့် အခြား သုတ၊ ရသစာအုပ်များကိုလည်း ဇူလိုင် ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။ **သီဟကိုကို(မန္တလေး)**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆည်၊ ကန်၊ တမံ ၂၃ ခုမှ မိုးစပါးပျိုးထောင်ရေပေးဝေ

**စစ်ကိုင်း ဇူလိုင် ၁၅**
စစ်ကိုင်းတိုင်းဒေသကြီး သဖန်းဆိပ်ရေလှောင်တမံမှ ကန့်ဘလူခရိုင်၊ ရွှေဘိုခရိုင်၊ မုံရွာခရိုင်နှင့် စစ်ကိုင်းခရိုင်အတွင်းရှိ လယ်မြေဧက ၄၈၉၃၃၁ အတွက် ပျိုးထောင်ရေပေးလျက်ရှိရာ လက်ရှိကာလတွင် နွေစပါးများရိတ်သိမ်းနေပြီး မိုးစပါးစိုက်ရန် ထယ်ရေးပြင်ချိန်ဖြစ်သောကြောင့် စပါးစိုက်တောင်သူများအတွက် ဆည်ရေသည်များစွာအကျိုးရှိနေကြောင်း ရွှေဘိုမြို့နယ် ချီပါကျေးရွာ တောင်သူဦးစန်းထွန်းထံမှ သိရသည်။

ဦးစန်းထွန်းက "လက်ရှိအချိန်ကနွေစပါးရိတ်နေပြီး မိုးစပါးပျိုးထောင်ဖို့ ထယ်ရေးပြင်ချိန်ပါ။ ရှေ့ကရိတ် နောက်ကထယ်ရေးပြင်ပေ့ါဗျာ။ လွန်ခဲ့တဲ့နှစ်လောက်ကစပြီး ဆည်ရေပေးတာ စနစ်လည်းကျလာသလို တောင်သူတွေအပေါ် အရေးစိုက်ပြီး ဆည်ရေကို လိုရင်လိုသလောက် မလိုရင်လည်း မလိုသလို ထိန်းလွှတ်ပေးတာအပြင် ညှိညှိနှိုင်းနှိုင်းဆောင်ရွက်လာတာတွေရှိပါတယ်။ ကာဘိုးမူးသုံးခွကနေလာတဲ့ ဆည်ရေအဖျားကနေ သုံးနေရတဲ့သူပါ။ ဒါပေမယ့် ဆည်ရင်းက တောင်သူတွေနဲ့မခြားဆည်ရေသုံးရတာ အဆင်ပြေပါတယ်။ လိုအပ်ရင်ဆည်တာဝန်ရှိသူတွေဆီ ဖုန်းကောက်ဆက်လိုက်ရင် ဆည်ရေကအဆင်ပြေပါတယ်" ဟု ပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ စစ်ကိုင်းခရိုင်၊ မုံရွာခရိုင်၊ ယင်းမာပင်ခရိုင်၊ ကလေးခရိုင်နှင့် တမူးခရိုင်အတွင်းရှိ ဆည်၊ ကန်၊ တမံများမှ မိုးစပါးပျိုးထောင်ရေကို ဇူလိုင်လပထမပတ်အတွင်း စတင်ပေးဝေနေပြီဖြစ်ရာ တောင်သူများအနေဖြင့် အခက်အခဲရှိလျှင် သက်ဆိုင်ရာဒေသတာဝန်ခံအမည်နှင့် ဖုန်းနံပါတ်ကို ဆက်သွယ်၍ ရေရရှိရေးအတွက် အကူအညီများတောင်းယူနိုင်ကြောင်း တိုင်းဒေသကြီးဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကြည်ဆွေက အသိပေးပြောကြားသည်။

ညွှန်ကြားရေးမှူး ဦးကြည်ဆွေက "စိုက်ပျိုးနေတဲ့တောင်သူတွေအနေနဲ့ မိုးစပါးပျိုးထောင်ရေစတင်ပေးဝေနေချိန်မှာ အခက်အခဲတွေရှိရင် သက်ဆိုင်ရာဒေသဌာနတာဝန်ခံတွေကို ဖုန်းဆက်ပြီး ရေရဖို့နဲ့ လိုအပ်တဲ့အကူအညီတွေကိုတောင်းနိုင်ပါတယ်။ ပေးနေတဲ့ရေက စပါးစိုက်ဖို့အပြင် ပဲမျိုးစုံနဲ့ ပဲတီစိမ်းသီးနှံတွေစိုက်ဖို့ပေးဝေနေတာပါ" ဟု ရှင်းပြသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဆည်၊ ကန်၊ တမံ ၂၃ ခုမှ တောင်သူများစိုက်ပျိုးမည့်မိုးစပါးဧက ၅၁၀၆၁၀ ကို ရေအလုံအလောက်ပြည့်ဝစွာဖြန့်ဝေပေးသွားနိုင်ရန် စစ်ကိုင်းတိုင်းဒေသကြီးဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနညွှန်ကြားရေးမှူးရုံးက စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်က စစ်ကိုင်းတိုင်းဒေသကြီး အတွင်း မိုးစပါး ၅၁၁၂၉၇ ဧက၊ နွေစပါး ၃၁၀၆၉၁ ဧကနှင့် နွေသီးနှံ ၇၇၆၃၄ ဧကတို့ကို ဆည်ရေဖြင့် စိုက်ပျိုးရေပြည့်ဝစွာ ပေးဝေနိုင်ခဲ့ကြောင်း သိရသည်။ **မျိုးဝင်းထွန်း (မုံရွာ)**

# တာချီလိတ်နယ်စပ်ဝင်ပေါက်မှ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ ဝင်ရောက်လည်ပတ်

**တာချီလိတ် ဇူလိုင် ၁၅**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်နယ်စပ်ဝင်ပေါက်မှတစ်ဆင့် နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ အဆက်မပြတ်ဝင်ရောက်လည်ပတ်လျက်ရှိရာ ဇူလိုင် ၆ ရက်မှ ၁၂ ရက်ထိ ထိုင်းနိုင်ငံနှင့် တတိယနိုင်ငံသားများ ညအိပ်နှင့် နေ့ချင်းပြန်ခရီးသည်ပေါင်း ၂၃၂၁၈ ဦး၊ မိုင်းဖြတ်မြို့နှင့် ကျိုင်းတုံမြို့ခရီးစဉ်တွင် ၁၈၅ ဦး၊ ဗီဇာဖြင့် တာချီလိတ်မြို့မှတစ်ဆင့် ပြည်တွင်းသို့ ၁၇၈ ဦး ဝင်ရောက်လည်ပတ်ခဲ့သည်။

အဆိုပါ ခရီးသွားဧည့်သည်များသည် နေ့ချင်းပြန်ခရီးအဖြစ် တာချီလိတ်မြို့ရှိ တာလော့ဈေး၊ဘုရင့်နောင်ရုပ်တု၊ မဟာမြတ်မုနိဘုရားကြီးကျောင်းတိုက်၊ ဝမ်ကောင်းရပ်ကွက်ရှိ မြို့မဈေး၊ ရွှေတိဂုံစေတီတော်၊ မြို့နယ်ဓမ္မာရုံ၊ နဂါးနှစ်ကောင်ကျောင်းတိုက်၊ ကိုးမြို့ရှင်နတ်နန်း၊ ပဒေါင်ကျေးရွာ၊ အာခါဈေး၊ တရုတ်ဘုံကျောင်းသို့လည်းကောင်း၊ ညအိပ်ခရီးစဉ်အဖြစ် မိုင်းဖြတ်မြို့ရှိ မြတ်စွာဘုရားခြေတော်ရာစေတီ၊ သမိုင်းဝင်ဆုတောင်းပြည့် စွန်တောင်းစေတီ၊ ဘီလူးရှာ၊ ကျိုင်းတုံမြို့အဝင် ဗုဒ္ဓဥယျာဉ်နှင့် ကျိုင်းတုံမြို့ရှိ မဟာမြတ်မုနိဘုရား၊ စွန်တောင်းစေတီ၊ ရပ်တော်မူဘုရား၊ ဟိုခုံကျောင်း၊ ကျိုင်းရင်းဘုန်းကြီးကျောင်း၊ ဝပ်အင်းကျောင်း၊ ကျော့မ်ဆရီစေတီ၊ ပါလျန်ကျောင်း၊ သစ်တစ်ပင်တောင်၊ နောင်တုံကန်၊ ကမ္ဘာအေးစေတီ ၊ လွယ်မွေဒေသ၊ ပင်းတောက်ရေတံခွန် စသည့်အထင်ကရနေရာများသို့ သွားရောက်ကာ ဘုရားဖူးခြင်း၊ ရေမြေတောတောင် သဘာဝအလှရှုခင်းများနှင့် တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကို ဗဟုသုတအဖြစ် လေ့လာသည့်အပြင် လေယာဉ်ခရီးစဉ်ဖြင့် ပြည်တွင်းရှိ အထင်ကရဒေသများသို့ ဝင်ရောက်လည်ပတ်လျက်ရှိကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန တာချီလိတ်ရုံးခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတေဇာမင်းက ပြောသည်။




တာချီလိတ် နယ်စပ်ဝင်ပေါက်မှတစ်ဆင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်ဧပြီ ၁ ရက်မှ ဇူလိုင် ၁၂ ရက်ထိ ထိုင်းနှင့် တတိယနိုင်ငံသား နေ့ချင်းပြန်ခရီးသည်စုစုပေါင်း ၂၃၃၂၁၀၊ မိုင်းဖြတ်နှင့် ကျိုင်းတုံခရီးစဉ်အဖြစ် ခရီးသည် ၂၄၅၃ ဦး၊ တာချီလိတ်မြို့မှ လေယာဉ်ခရီးစဉ်ဖြင့် ပြည်တွင်းသို့ ခရီးသည် ၂၀၀၀ ဝင်ရောက် လည်ပတ်ခဲ့ကြောင်း သိရသည်။ **ဝေယံလင်း(ပြန်/ဆက်)**



# မိုးညိုမြို့တွင် ဗိုလ်ချုပ်အောင်ဆန်းရုပ်တုဖွင့်ပွဲ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းတက်ရောက်

**မိုးညို ဇူလိုင် ၁၅**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် မိုးညိုမြို့ စည်ပင်သာယာပန်းခြံ၌ ဇူလိုင် ၁၅ ရက် နံနက် ၁၀ နာရီက ဗိုလ်ချုပ်အောင်ဆန်းရုပ်တု ဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

ဗိုလ်ချုပ်အောင်ဆန်းရုပ်တုအား ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း၊ လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မျိုးမင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် ဦးဝင်းကိုနှင့် ဦးအေးကိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ကမ္ပည်းမော်ကွန်းကျောက်စာကို ဝန်ကြီးချုပ်နှင့် လွှတ်တော်ဥက္ကဋ္ဌတို့က စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များပက်ဖျန်းသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မိုးညိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ စည်ပင်ကော်မတီများနှင့် တွေ့ဆုံပြီး ဝန်ထမ်းများသွားလာနေထိုင်ရေး၊ လုပ်ငန်းခွင်တွင်အဂတိကင်းရှင်းရေး၊ သဘာဝဘေးဒဏ်ကြိုတင်ကာကွယ်ရေး၊ အခြေခံပညာကျောင်းများ အချိန်မီပြီးစီးရေးနှင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး ရွေးချယ်သည့် ကိစ္စများ၊ သိမ်းဆည်းမြေကိစ္စများနှင့် ဆည်မြောင်းတာတမံကြွခိုင်ရေး ကိစ္စရပ်များနှင့် ပတ်သက်ပြီး ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# တောင်ပေါ်ဒေသများမှ ဝါးမျှစ်အခြောက်အများထွက်ရှိသော်လည်း လုပ်သားရှားပါးမှုကြောင့် ဈေးကွက်ဝင်ရောက်မှုလျော့နည်း

**တောင်ငူ ဇူလိုင် ၁၅**

ကရင်ပြည်နယ် သံတောင်မြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် တောင်ပေါ်ဒေသများသည် မိုးရာသီကာလရောက်တိုင်း ရာသီထွက်ကုန်တစ်ခုဖြစ်သော ဝါးမျှစ်များဈေးကွက်သို့အလုံးအရင်းဖြင့် ဝင်ရောက်လေ့ရှိပြီး အဝယ်ဒိုင်များက မျှစ်ချဉ်အဖြစ်ပြုလုပ်၍ အနယ်နယ်အရပ်ရပ်သို့ တင်ပို့ ရောင်းချလျက်ရှိကြောင်း တောင်ငူမြို့-သံတောင်ကားလမ်း (၅) မိုင်ကျေးရွာရှိ မျှစ်အဝယ်ဒိုင်လုပ်ငန်းများကို သွားရောက်လေ့လာစဉ်သိရှိခဲ့ရသည်။

ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ တောင်ငူမြို့နယ် တောင်ပေါ်ဒေသများမှလာရောက်ရောင်းချသည့် ဝါးဘိုးမျှစ်၊ ကြသောင်းမျှစ်များကို စုဆောင်းဝယ်ယူကာ အရွယ်အစားကြီးမားသည့် ဝါးဘိုးမျှစ်များအား သစ်သားရွှေဘော်ခုံ၌ ပါးလွှာအောင် ပြုလုပ်၍လည်းကောင်း၊ ကြသောင်းဝါးမျှစ်အသေးများကို ရေနွေးအိုးကြီးများဖြင့်ပြုတ်၍ ခေါက်ဆွဲဟုခေါ်သည့် အမျှင်ငယ်များဖြစ်အောင် ပြုလုပ်ပြီး ချဉ်အောင်ပြုလုပ်ကာ ထုပ်ပိုးရခြင်းဖြစ်ကြောင်း အဝယ်ဒိုင်လုပ်ငန်းလုပ်ကိုင်သူ ဦးငြိမ်းမောင်က ပြောကြားသည်။

"မျှစ်ဈေးကွက်ကတော့ အမှန်ရယ်လို့မရှိပါဘူး၊ အရင်ကဆို တောင်ပေါ်ဒေသတွေမှာ မျှစ်ရှာသူတွေပေါတော့ မျှစ်အဝင်များတယ်။ ပင်ပန်းသလောက်လည်း ဝင်ငွေက မကောင်းတော့ အလုပ်သမားတွေက ထိုင်းနိုင်ငံဘက်ကိုထွက်ပြီး အလုပ်သွားလုပ်ကြတော့ မျှစ်ရှာသူ ရှားလာတာနဲ့ အမျှ အဝင်လည်းနည်းသွားတယ်။ ရှာတဲ့သူတွေကတော့ တစ်ရက်ကို ၂၅ ပိဿာနဲ့ ၃၀ အကြား ရတတ်ပါတယ်။ လက်ရှိဈေးကလည်း တစ်ပိဿာမှ ကျပ် ၃၀၀ ပဲပေါက်တယ်။ အလုပ်သမားတွေကတော့ တစ်ပိဿာကို ကျပ် ၂၀ ရတယ်။ သူတို့အလုပ်ပြီးရင်ပြီးသလောက် လုပ်အားခရပါတယ်" ဟု ၎င်းကပင် ဆက်လက်ပြောသည်။



တစ်ရက်လျှင် ပိဿာချိန် ၃၀၀ မှ ၂၀၀၀ အထိ ဝင်ရောက်ပြီး လာရောက်ရောင်းချသည့် မျှစ်အမျိုးအစားခွဲခြင်း၊ ပါးလွှာခြင်း၊ ပြုတ်ခြင်း၊ ချိန်တွယ်ခြင်းနှင့် ထုပ်ပိုးခြင်းတို့ကို လုပ်သား ၄၀ ခန့်ဖြင့်ပြုလုပ်ကြရပြီး အချဉ်ခာတ်ရရှိပြီးသည့် မျှစ်များအား ရထားနှင့်တင်၍ တပ်ကုန်း၊ မိတ္ထီလာ၊ မန္တလေးမြို့များသို့ နှစ်ရက်ခြားတစ်ခါ တင်ပို့ရောင်းချရကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**



## ပင်လယ်ဒီရေမြင့်တက်လာမှုကြောင့် လူနေအိမ်များ ပြိုကျပျက်စီး

**အမာ ဇူလိုင် ၁၅**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် အမာမြို့တွင် ဇူလိုင် ၁၄ ရက်က ပင်လယ် ဒီရေအဆမတန် မြင့်တက်လာခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့် ရေလှိုင်းဂယက်များကြောင့် ကျေးရွာငါးရွာမှ လူနေအိမ် ၁၆ လုံး ပြိုကျပျက်စီးခဲ့ကြောင်း သိရသည်။

ဇူလိုင် ၁၄ ရက် မွန်းတည့် ၁၂ နာရီတွင် ဒေါ်ညိမ်းကျေးရွာအုပ်စု သရက်ပင်ဆိပ်ကျေးရွာမှ နေအိမ်နှစ်လုံး၊ ဘုရားလေးစုကျေးရွာမှ နေအိမ်နှစ်လုံး၊ ခါးပြတ်ကျေးရွာမှ နေအိမ်တစ်လုံး၊ အောင်လှိုင်ကျေးရွာမှ နေအိမ် ခြောက်လုံး စုစုပေါင်း နေအိမ် ၁၁ လုံး ပြိုကျပျက်စီးခဲ့ပြီး ညနေ ၃ နာရီခွဲတွင် နောက်မီးကျေးရွာအုပ်စု မင်္ဂလာသောင်တန်းကျေးရွာမှ လူနေအိမ်ငါးလုံး ပြိုကျပျက်စီးခဲ့ကြောင်း သိရသည်။

အလားတူ ဇူလိုင် ၁၂ ရက် နေ့လယ် ၂ နာရီခွဲကလည်း မြို့ကုန်းကျေးရွာအုပ်စု ခရုချောင်းကျေးရွာတွင် လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် လူနေအိမ်တဲတစ်လုံး ပြိုကျပျက်စီးခဲ့ပြီး တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဝင်းမြင့်အောင် အမာပြန်/ဆက်**

## တိုတိုထွာထွာဖတ်စရာ

### အာဇာနည်နေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲကျင်းပ

**ဟင်္သာတ**

(၇၁)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲကို ဇူလိုင် ၁၄ ရက် နံနက် ၉ နာရီက ဟင်္သာတခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အခြေခံပညာအလယ်တန်းဆင့် ကျောင်းသား၊ ကျောင်းသူ ၃၀၊ မူလတန်းဆင့်ကျောင်းသား၊ ကျောင်းသူ ၁၆ ဦးက ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများ၊ မိဘများ၊ ဆရာ၊ ဆရာမများနှင့် ဧည့်သည်တော်များက အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိ၊ ဗိုလ်ချုပ်အောင်ဆန်း၏ ဆွေစဉ်မျိုးဆက်၊ နေအိမ်၊ အသုံးအဆောင်များကိုပြသထားသည့် နံရံကပ်စာစောင်နှင့် ဓာတ်ပုံများကို ကြည့်ရှုလေ့လာခဲ့ကြသည်။ **ကျော်ကျော်(ပြန်/ဆက်)**

### အာဇာနည်နေ့အကြို စာစီစာကုံးပြိုင်ပွဲကျင်းပ

**ရန်ကုန်**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၉၄) ရပ်ကွက် ယုဇနဉယျာဉ်မြို့တော် (ဘီ-ဘလောက်) ပိတောက်ကွေ့လမ်းမဘေးရှိ ငြိမ်းချမ်းစိမ်းလန်းစာကြည့်တိုက်၌ ဇူလိုင် ၁၅ ရက် နံနက် ၉ နာရီက (၇၁)နှစ်မြောက် အာဇာနည်နေ့ ဒို့မေ့ခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲကျင်းပခဲ့ပြီး ကျောင်းသား၊ ကျောင်းသူ ၂၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။ **၅၁၂**

### အာဇာနည်နေ့အထိမ်းအမှတ် ကဗျာနှင့် စာစီစာကုံးပြိုင်

**ညောင်တုန်း**

(၇၁) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် စာစီစာကုံးနှင့်ကဗျာပြိုင်ပွဲကို ဇူလိုင် ၁၄ ရက် နံနက် ၉ နာရီက အ-ထ-က(၁) အောင်ဆန်းခန်းမ၌ ကျင်းပရာ စာစီစာကုံးပြိုင်ပွဲတွင် အထက်တန်းကျောင်းသား၊ ကျောင်းသူ ၃၇ ဦး၊ အလယ်တန်းကျောင်းသား၊ ကျောင်းသူ ၂၂ ဦးနှင့် မူလတန်းကျောင်းသား၊ ကျောင်းသူ ၁၃ ဦး စုစုပေါင်း ၇၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

ကဗျာပြိုင်ပွဲတွင် အထက်တန်းအဆင့် ၂၂ ဦး၊ အလယ်တန်းအဆင့် ၁၄ ဦး၊ မူလတန်းအဆင့် ၁၉ ဦး စုစုပေါင်း ၅၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။ **ဝင်းမြင့်ကျော်(ညောင်တုန်း)**

### LED မီးသီးများ မြို့တွင်းလမ်းမကြီးများ၌ တပ်ဆင်မည်

**တွံတေး**

တွံတေးမြို့နယ်အတွင်းရှိ အဓိကလမ်းမကြီးဖြစ်သော ဗိုလ်ချုပ်လမ်းမကြီးနှင့် ရွှေဆံတော်လမ်းမကြီး၊ ကန်သာယာလမ်း၊ ကျွန်းတောလမ်း၊ မြို့ရှောင်လမ်း၊ ဗိုလ်မှူးစိန်လွင်လမ်းနှင့် အိုးဘိုအရှေ့ရပ်ကွက်မှ ရွှေဆံတော်ဘုရားသို့သွားသောလမ်းများတွင် Liper Street Light 100W ဖြင့် အလုံး ၂၅၀ မကြာမီ တပ်ဆင်တော့မည်သည်။

ဒေသခံတစ်ဦးက "မြို့တွင်းလမ်းတွေမီးမလင်းတလင်းဖြစ်နေတာကြာပါပြီ၊ အခုလိုခေတ်မီတဲ့ LED မီးသီးတွေထွန်းမယ်ဆိုတော့ ဝမ်းသာပါတယ်။ မှုခင်းတွေကျဆင်းသွားပြီး ယဉ်တိုက်မှုတွေမဖြစ်တော့ဘူး" ဟု ပြောကြားသည်။

**မျိုးလှိုင်(တွံတေး)**

### မူးယစ်ဆေးဝါး၊ လူကုန်ကူးမှု၊ စားသုံးသူရေးရာ ပညာပေး

**မြဝတီ**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ အမှတ် ၅ ရပ်ကွက် ကိုးနဝင်းဘုန်းကြီးကျောင်း ဓမ္မာရုံ၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ မူးယစ်ဆေးဝါး၊ လူကုန်ကူးမှု၊ စားသုံးသူရေးရာနှင့် စာဖတ်ခြင်းအကျိုး အသိပညာပေးဟောပြောပွဲကို ဌာနပေါင်းစုံပါဝင်သည့်အဖွဲ့မှ ဇူလိုင် ၁၄ ရက် မွန်းလွဲ ၁ နာရီက ဆောင်ရွက်ခဲ့သည်။

ထိုသို့ အသိပညာပေးဟောပြောရာ ယာဉ်ထိန်းရဲတပ်ဖွဲ့စု ၇၃ မှ ဒုရဲမှူးစိုးမြင့်ဦးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ အမှတ် ၃၂ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စုမှ ဒုရဲမှူးဝင်းငြိမ်းနိုင်က မူးယစ်ဆေးဝါး၏ အန္တရာယ်၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စိပ်(မြဝတီ)မှ ရဲအုပ်လှိုင်စိုးက လူကုန်ကူးမှုသိကောင်းစရာများ၊ မြဝတီခရိုင် စားသုံးသူရေးရာ ဦးစီးဌာနမှ ဒုတိယကြီးကြပ်ရေးမှူး ဦးစိုးအောင်က စားသုံးသူအကာအကွယ်ပေးရေးဥပဒေပါ အကြောင်းအရာ၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်သိန်းသိန်းက စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကို အသိပညာပေးဟောပြောခဲ့ကြသည်။ **ထိန်လင်းအောင် (ပြန်/ဆက်)**

### သက်ငယ်မုဒိမ်းမှုလျော့နည်းရေး အသိပညာပေး

**ရန်ကုန်**

ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် မြို့မရဲစခန်းမှ နယ်ထိန်းအရာရှိ ဒုရဲအုပ်ဇော်မင်းလှိုင်သည် ဇူလိုင် ၁၂ ရက် ည ၇ နာရီက အမှတ် ၁၂ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ သက်ငယ်မုဒိမ်းမှု လျော့နည်းကျဆင်းရေး အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။ **ကိုရဲ**

# ဥပဒေရေးထုံး တစေ့တစောင်း

ဦးတင်ဝင်း

မြန်မာနိုင်ငံတွင် လွှတ်တော်များ ဖွဲ့စည်းတည်ထောင်ခဲ့သည့် ခုနစ်နှစ်ကျော်ကာလအတွင်း ဥပဒေအသစ်၊ ပြင်ဆင်ဥပဒေနှင့် ရုပ်သိမ်းဥပဒေ စုစုပေါင်း ၂၉၃ ခု ပြဋ္ဌာန်းပြီးဖြစ်သည်။

ဥပဒေကြမ်းများကို အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် ပြည်ထောင်စု လွှတ်တော်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၀၀ အရ တင်သွင်း၍ ပုဒ်မ ၁၀၁ နှင့် ၁၀၂ အရ ဆွေးနွေးကာ ပုဒ်မ ၁၀၅ အရ နိုင်ငံတော်သမ္မတက ထုတ်ပြန်ကြေညာပါသည်။

## ဥပဒေကြမ်း ရေးဆွဲသူများ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ဥပဒေကြမ်းများကို ပြည်ထောင်စုအဆင့်တွင် ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော်တို့ကလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အသီးသီးကလည်းကောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဆင့်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့တို့ကလည်းကောင်း မိမိတို့အဆင့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေက သတ်မှတ်ထားသော အကြောင်းအရာများနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းများ ရေးဆွဲနိုင်ကြပါသည်။

အမေရိကန်ပြည်ထောင်စုတွင် ပြည်ထောင်စုအဆင့်တွင်လည်းကောင်း၊ ပြည်နယ်အဆင့်တွင် လည်းကောင်း ဥပဒေပြုအဖွဲ့အစည်းများရှိပြီး ယင်းတို့တွင် ရွေးချယ်တင်မြှောက်ခြင်းခံရသော ကိုယ်စားလှယ်များကိုယ်စား ဥပဒေကြမ်းရေးဆွဲခြင်းနှင့် တင်သွင်းလာသည့် ဥပဒေကြမ်းများကို စိစစ်ပြင်ဆင်ခြင်းပြုရန်သာ အချိန်ပြည့်ဆောင်ရွက်ကြသည့် ပညာရှင်များ၊ ဝန်ထမ်းများကို ခန့်အပ်တာဝန်ပေးပါသည်။ အလားတူပင် နိုင်ငံကြီးအချို့တွင် လွှတ်တော်များ၌ ကိုယ်စားလှယ်၊ အမတ်များက ဥပဒေရေးရာ ပညာရှင်များ၊ နားလည်သူများနှင့် အမြဲတမ်း ပူးတွဲဆောင်ရွက်ကြပါသည်။ မြန်မာနိုင်ငံလွှတ်တော်များတွင်မူ ဥပဒေကြမ်း အခြေတည်သည်မှ ဥပဒေထွက်ပေါ်လာသည်အထိ ကိုယ်စားလှယ်များက အသေးစိတ် စိစစ်ဆွေးနွေးပြုစုရသည်ဖြစ်သောကြောင့် လိုအပ်ချက်များရှိနေပြီး မကြာခဏပြင်ဆင်နေရသည်ဟု ယူဆပါသည်။

ဥပဒေကြမ်းတစ်ရပ် ရေးဆွဲမည်ဆိုလျှင်-

(က) နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို သိရှိနားလည်ထားရန် လိုအပ်ပါသည်။

(ခ) မိမိနိုင်ငံ၊ မိမိဒေသ၏ ပြဋ္ဌာန်းဥပဒေအားလုံး နှံ့စပ်စွာသိရှိထားရန် လိုအပ်ပါသည်။

(ဂ) ဘဏ္ဍာရေး၊ ကုမ္ပဏီအဖွဲ့အစည်း၊ လူမှုစီးပွားရေးဆိုင်ရာ သာဓကများကို နားလည်ရန် လိုအပ်ပါသည်။

(ဃ) စကားရပ်များအနက်အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေကို နားလည်ထားရန် လိုအပ် ပါသည်။ မိမိရေးဆွဲမည့်ဥပဒေပါ စကားရပ်များသည် ဖော်ပြပါ စကားရပ်များ အနက်အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်ကိုက်ညီရန် လိုအပ်ပါသည်။

(င) ဥပဒေကြမ်းရေးဆွဲရာတွင် အနုစိတ် ရေးဆွဲဆောင်ရွက်ရန် လိုအပ်ပါသည်။

(စ) မိမိရေးဆွဲသည့်ဥပဒေကြမ်းအပေါ် ဝေဖန်မှုများရှိပါက စိတ်ရှည်သည်းခံပြီး လက်ခံရန်နှင့် ဥပဒေကြမ်းကို အပြစ်အနာအဆာ ကင်းနိုင်သမျှ ကင်းရန် ပြင်ဆင်ရေးဆွဲသင့်ပါသည်။

(ဆ) မိမိရေးဆွဲမည့် ဥပဒေကြမ်းနှင့်သက်ဆိုင်သော ဘာသာရပ်ကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာထားရန်နှင့် ဥပဒေကြမ်းရေးဆွဲရာတွင် မည်သည့်ပြဿနာများ ကြုံတွေ့နိုင်သည်ကို သိရှိနားလည်ထားရန် လိုအပ်ပါသည်။

## ဥပဒေအမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီနှင့် ပြည်ထောင်စုလွှတ်တော် ပူးပေါင်းကော်မတီတို့တွင် ကိုယ်စားလှယ်တော်များ၏ ဆွေးနွေးချက်များမှ အထောက်အထား၊ အကိုးအကားများ၊ ဥပဒေရေးထုံး၊ မြန်မာစာရေးထုံးများကို လေ့လာမှတ်သားခွင့်ရပါသည်။ ယင်းတို့နှင့် ဥပဒေရေးဆွဲခြင်း ဗဟုသုတတို့ပေါင်းစပ်ပြီး ရေးထုံးအကြောင်း တင်ပြပါမည်။

ဥပဒေ (မူကြမ်း) တစ်ရပ်ကို ရေးဆွဲရာ၌ နိုင်ငံတော်၏ မူဝါဒ (Policy) နှင့်အခြေခံမူ (Principle) များကို အခြေပြု၍ စတင်ခြင်းဖြစ်ပါသည်။

ဥပဒေတစ်ရပ်ကို ရှေးဦးစွာ အမည်ပေးရပါသည်။ အမည်သည် ဥပဒေ၏အဓိကကိစ္စကို ညွှန်ပြသည်ဖြစ်၍ ဥပဒေပြဋ္ဌာန်းချက်များနှင့် ဆီလျော်မည့်အမည်ကို ပေးရန် သတိချပ်သင့်ပါသည်။

ဥပဒေတစ်ရပ်တွင် အာဏာသက်ရောက်သည့်နေ့ကို အတိအလင်းထည့်သွင်းမထားလျှင် ၁၉၇၃ ခုနှစ်၊ စကားရပ်များအနက် အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေ ပုဒ်မ ၁၃ အရ နိုင်ငံတော်သမ္မတက ကြေညာသည့် နေ့ရက်တွင် အာဏာသက်ရောက်သည်ဟု မှတ်ယူရမည်။ ထို့အတူ အာဏာသက်ရောက်ရမည့် နယ်မြေ အကျယ်အဝန်း တစ်စုံတစ်ရာ မဖော်ပြခဲ့သော် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အာဏာတည်သည်ဟုပင် မှတ်ယူပါသည်။ ထို့နောက် ဥပဒေပါစကားရပ်များ၏ အဓိပ္ပာယ်ကို ဖော်ပြလေ့ရှိပါသည်။ ဥပဒေတွင် သုံးနှုန်းမည့်ဝေါဟာရများ မည်ကဲ့သို့အဓိပ္ပာယ် ကောက်ယူရမည်ကို ကြိုတင်ရှင်းလင်းထားခြင်းဖြစ်ပါသည်။ ဥပဒေအချို့တွင် ဝေါဟာရများကို သီးခြား အဓိပ္ပာယ်ဖွင့်ဆိုခြင်းမပြုတော့ဘဲ စကားရပ်များအနက် အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေမှာကဲ့သို့လည်းကောင်း၊ အခြားဥပဒေတစ်ရပ်တွင်ပါရှိသော အလားတူဝေါဟာရနှင့်လည်းကောင်း တူညီပေသည်ဟု ညွှန်း၍ ရေးသားနိုင်ပါသည်။ ဖြစ်နိုင်လျှင်မူ အခြားဥပဒေတစ်ရပ်ရပ်တွင် ပါဝင်သည့် စကားရပ်ကို ရည်ညွှန်း၍ အဓိပ္ပာယ်မဖွင့်ဆိုသင့်ပါ။ အကြောင်းမှာ ထိုရည်ညွှန်းသည့်ဥပဒေ ရုပ်သိမ်းလိုက်လျှင် အခက်အခဲ တွေ့နိုင်သောကြောင့်ဖြစ်ပါသည်။

## ရည်ရွယ်ချက်၊ အဖွဲ့၊ တာဝန်နှင့်လုပ်ပိုင်ခွင့်

ဥပဒေအများစုတွင် ဘာသာရပ်အလိုက် ဆွေးနွေးမည့်ရည်ရွယ်ချက်ပါရှိရပါသည်။ ရည်ရွယ်ချက်ကို အကောင်အထည်ဖော်ရန်၊ လုပ်ငန်းကော်မတီ၊ ကော်မရှင်အဖွဲ့စသည်ကို ဖွဲ့စည်းပေးရပြီး ယင်းတို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးရပါသည်။ မူဝါဒ (Policy)နှင့်ဥပဒေသဘော (Spirit) မလွတ်စေရန် ဝိုင်းဝန်းဆွေးနွေးပြုစုကြရပါသည်။

## ဥပဒေစာကိုယ်/ အခန်းများ

ဥပဒေကို စတင်ရေးဆွဲလာစဉ်ကပင် အခန်းများခွဲခြားထားပြီးလျှင် အခန်းတစ်ခုစီအောက်တွင် ခေါင်းစီးတစ်ခုစီဖြင့် ရေးသားရမည်ဆိုသည့်အချက်မှာ အငြင်းပွားစရာမလိုသော အချက်ပင်ဖြစ်ပါသည်။ သို့ရာတွင် ဥပဒေစာကိုယ်ကို ရေးသားမည့်အခါ အခန်းခွဲရန်နှင့် ခေါင်းစီးတပ်ရန်ကိစ္စများကိုပါ ပုံကြမ်းလောင်းထားသင့်ပါသည်။

အခန်းတစ်ခုကို ခေါင်းစီးတစ်ခုပေးထားလျှင် ထိုခေါင်းစီးသည် ယင်းအခန်းတွင်ပါဝင်မည့် အဓိကအချက်ကြီးကို ဖော်ညွှန်းပေရာ ထိုအခန်း၌ ထိုခေါင်းစီးနှင့်ပတ်သက်သော ကိစ္စအဝဝတို့ကို ပြည့်ပြည့်စုံစုံ ရေးသားရန်ဖြစ်ပါသည်။ ခေါင်းစီး၏အောက်တွင် ပြဋ္ဌာန်းချက်များကို အကန့်အကန့် ပုဒ်မများတပ်၍ ရေးသားရပေမည်။ ပုဒ်မတစ်ခုတွင် တစ်ခုအတွက် ပြဋ္ဌာန်းလိုသော အချက်အလက်များ ထိမိစွာ၊ ရှင်းလင်းစွာ ထည့်သွင်းရေးသားရစမြဲဖြစ်ပါသည်။ ဝါကျတိုတိုနှင့်လိုရင်းကို ရေးသား၍ ပြီးပြည့်စုံလျှင် အကောင်းဆုံးဖြစ်၏။ ဝါကျရှည်လွန်းလျှင် လိုရင်းပျောက်သွားတတ်ပါသည်။ ဝါကျတိုတိုနှင့်ရေး၍မပြည့်စုံနိုင်လျှင် ပုဒ်မခွဲနှင့်ပုဒ်မခွဲငယ်ခွဲ၍ ရေးသင့်ပါသည်။ ဝါကျရှည်လျှင် ပြုလုပ်မှု၊ အပြုခံရမှု သို့မဟုတ် ပြုလုပ်သည့်ကိစ္စရပ်ပင် မပီပြင်ဘဲ ဆိုလိုရင်းကို နားမလည် ဝေဝါးနေတတ်ပါသည်။

ဥပဒေရှိလျှင် ခြွင်းချက်ရှိရမြဲပင်ဖြစ်သည်။ ဥပဒေပါကိစ္စရပ်တိုင်းအပေါ် ဤသို့ လုပ်လျှင် ဤသို့ဖြစ်သည်ဟု တစ်သမတ်တည်း ကောက်ယူ၍မရသည့် အခြေအနေများ ရှိတတ်ပါသည်။ မည်သည့်အခါတွင် ဤသို့မဖြစ်၊ မည်သူ့အပေါ်တွင်မူ ဤသို့မဆောင်ရွက်နိုင်ဟု ခြွင်းချက်ပြုပြဋ္ဌာန်းချက်များ၊ ဥပဒေများ အများစုတွင် ပါဝင်လျက်ရှိနေတတ်ပါသည်။ ထို့ကြောင့် 'ခြွင်းချက်မပါလျှင် ဥပဒေမမြောက်' ဆိုရိုးစကားရှိပါသည်။ ဥပဒေတစ်ရပ်တွင် ခြွင်းချက်ပါဝင်လာလျှင် အထူးဂရုစိုက်၍ ရေးဆွဲရပါမည်။

အခြားအရေးပါသည့်အချက်မှာ ပုဒ်မအသီးသီးတွင်ပါဝင်သော စကားအသုံးအနှုန်း ဝေါဟာရတို့သည် ဥပဒေတစ်လျှောက်လုံး တစ်ပြေးတစ်ညီတည်းဖြစ်ရန် လိုအပ်ခြင်းဖြစ်ပါသည်။ ရှေ့စကား နောက်စကား မညီညွတ်ခြင်း၊ နောက်ရေးသားထားသော ပုဒ်မနှင့် ကွဲလွဲခြင်းစသော အရေးအသားများကို ရှောင်ရှားရပါသည်။ ဥပဒေကို ဖတ်ရှုလေ့လာသူအားလုံးသည် ဥပဒေလောကသားများအပြင် သာမန်အရပ်သားများစွာ ပါဝင်သည်ကို မမေ့အပ်ပါ။ အများစုနားလည်အောင် ရေးဆွဲနိုင်လျှင် တော်လှပြီဖြစ်ပါသည်။

> "ပြဋ္ဌာန်းချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်စေရန်လည်းကောင်း၊ နိုင်ငံတော်၏ မူဝါဒ သို့မဟုတ် အခြေခံမူနှင့်ကိုက်ညီမှုရှိစေရန် လည်းကောင်း၊ ပေါ်ပေါက်လာသောပြဿနာများကို တရားမျှတစွာ ကုစားနိုင်ရန်လည်းကောင်း ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေများကို ပြင်ဆင်ခြင်း၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များ အပေါ် အခါအားလျော်စွာကြီးကြပ်ခြင်း၊ တည့်မတ်ခြင်းဖြင့် ဥပဒေ၏အာနိသင် အစဉ်ရှင်သန် ထက်မြက်နေရန် ပြည်ထောင်စုလွှတ်တော်က ဆောင်ရွက်လျက်ရှိ"

## ပြီးပြည့်စုံမှုမရှိနိုင်ခြင်း

ဥပဒေ(မူကြမ်း) ရေးဆွဲရေးတာဝန်မှာ လွယ်မယောင်နှင့်ခက်ခဲသည်ဟု ယူဆပါသည်။ ဥပဒေနယ်ပယ်တွင် ဆိုရိုးစကားတစ်ရပ်ရှိပါသည်။ မည်သူမျှ ပြီးပြည့်စုံသော ဥပဒေကို ရေးဆွဲခြင်းမပြုနိုင် (No man can write a perfect law) ဟု ဆိုလိုပါသည်။ ဥပဒေရေးဆွဲသည့်အချိန်က ပေါ်ပေါက်နေသော အခြေအနေအရပ်ရပ်ကို ခြုံငုံမိအောင် ရေးသားရခြင်းဖြစ်ပါသည်။ ဥပဒေတွင် အမှန်တကယ် ပါဝင်ရမည့် မူပိုင်းဆိုင်ရာ အချက်အလက်များ (Policy of the law) ကျန်ရှိသွားလျှင်သော်လည်းကောင်း၊ အရေးအသား ကျစ်လျစ်မှုမရှိလျှင်သော်လည်းကောင်း၊ အလွန်စိမ်းသောစကားရပ်များပါရှိပြီး ရှင်းလင်းအဓိပ္ပာယ်ဖွင့်ဆိုမှု မရှိလျှင်လည်းကောင်း၊ အင်္ဂလိပ်မြန်မာ ပြန်ဆိုချက်သည် အဓိပ္ပာယ်မပေါက်လျှင်လည်းကောင်း၊ နှစ်ခွကောက်ယူနိုင်သည့် စကားအသုံးအနှုန်းပါရှိသွားလျှင်လည်းကောင်း ပြဋ္ဌာန်းလိုက်သည့်ဥပဒေတွင် လိုအပ်ချက်များ ပေါ်ပေါက်နေမည်သာဖြစ်ပါသည်။ အရေးကြီးသော ချို့ယွင်းမှုများကို ပြင်ဆင်ချက်ဥပဒေများ ပြဋ္ဌာန်းပြီး ဥပဒေ၏အားနည်းချက်တို့ကို ဖြည့်ဆည်းပေးရခြင်းဖြင့် အချိန်ကုန် လူပန်းဖြစ်တတ်ပါသည်။

ပြဋ္ဌာန်းလိုက်သည့်ဥပဒေကို ကနဦးရေးဆွဲရသူမှာ တစ်ဦး သို့မဟုတ် နှစ်ဦး သို့မဟုတ် အဖွဲ့တစ်ဖွဲ့ဖြစ်နိုင်သော်လည်း ပြဋ္ဌာန်းပြီးနောက် ထွက်ရှိလာသည့် ဥပဒေကို ဥပဒေနယ်ပယ်မှ စိတ်ဝင်စားသူများစွာက စိစစ်ဝေဖန်ကြမည်ဖြစ်၍ ဥပဒေရေးဆွဲသူမှာ မည်သည့်အခါတွင်မျှ ပထမအဆင့်နေရာ မရနိုင်ကြောင်း (The Legislative draftsman can never stand first.) ဥပဒေရေးဆွဲရေး ဆိုရိုးစကားရှိပါသည်။ မြန်မာနိုင်ငံလွှတ်တော်များ၏ ဥပဒေပြုရေး ကြိုးပမ်းအားထုတ်မှုမှာ မနည်းလှသော်လည်း အထိုက်အလျောက် ပြင်ဆင်ချက်ဥပဒေများ ထွက်ရှိနေမည် ဖြစ်ပါသည်။

ဥပဒေတစ်ရပ်ကို ရေးဆွဲပြဋ္ဌာန်းရာတွင် နောင်အခါများတွင် ပေါ်ပေါက်လာနိုင်သည့် ပြဿနာဖြစ်ရပ်ဟူသမျှကို ခြုံငုံမိအောင် ရေးဆွဲပြဋ္ဌာန်းနိုင်သည် မဟုတ်ပါ။ ထို့နည်းတူ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်များနှင့်ညွှန်ကြားချက်များ ထုတ်ပြန်ရာတွင်လည်း ပြင်ဆင်ခြင်းမပြုဘဲ ပြီးပြည့်စုံအောင် ဆောင်ရွက်နိုင်မည်မဟုတ်ပါ။ ပြဋ္ဌာန်းချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်စေရန်လည်းကောင်း၊ နိုင်ငံတော်၏မူဝါဒ သို့မဟုတ် အခြေခံမူနှင့် ကိုက်ညီမှုရှိစေရန်လည်းကောင်း၊ ပေါ်ပေါက်လာသောပြဿနာများကို တရားမျှတစွာ ကုစားနိုင်ရန်လည်းကောင်း ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေများကို ပြင်ဆင်ခြင်း၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များအပေါ် အခါအားလျော်စွာ ကြီးကြပ်ခြင်း၊ တည့်မတ်ခြင်းဖြင့် ဥပဒေ၏အာနိသင် အစဉ်ရှင်သန်ထက်မြက်နေရန် ပြည်ထောင်စု လွှတ်တော်က ဆောင်ရွက်လျက်ရှိကြောင်း နိဂုံးချုပ်ဖော်ပြပါသည်။

# သိမ်ဇရပ်စစ်တောင်းတံတားထိပ်တွင် မြေပြိုမှုကြောင့် ရထားလမ်းနှင့် ကားလမ်းပိတ်ဆို့မှုဖြစ်ပွား

**ကျိုက်ထို ဇူလိုင် ၁၅**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သိမ်ဇရပ်ကျေးရွာ စစ်တောင်းတံတား အရှေ့ဘက်ကမ်းထိပ်တွင် ဇူလိုင် ၁၄ ရက်ညက မိုးရွာသွန်းနေစဉ် မြေပြိုမှုဖြစ်ပွား၍ ရထားလမ်းနှင့် ကားလမ်းတစ်ဖက်ပိတ်ဆို့မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ယင်းနေ့ ည ၉ နာရီ ၅၀ မိနစ်ခန့်က မိုးရွာသွန်းနေစဉ် စစ်တောင်းတံတားထိပ် (အရှေ့ဘက်ကမ်း)မှ ၇၅ ပေခန့်အကွာ လျှပ်စစ်ဓာတ်အားခွဲရုံ ဆောက်လုပ်ထားသည့် တောင်ကုန်း ပေ ၇၀ ခန့် အမြင့်မှ မြေကြီးများ ပြိုကျမှုဖြစ်ပွားခဲ့သည်။ မြေကြီးပြိုကျသဖြင့် ရန်ကုန်-မော်လမြိုင် ကားလမ်း (မိုင်တိုင်အမှတ် - ၈၆/၅ နှင့် ၈၆/၆ အကြား) ပေါ်တွင် အရှည်ပေ ၁၀၀ ခန့်၊ အမြင့် ပေ ၃၀ ခန့်၊ ရန်ကုန်-မော်လမြိုင်ရထားလမ်းမိုင်တိုင်အမှတ် (၇၇/နှင့် ၇၇/၁၅အကြား)ပေါ်တွင် အရှည် ပေ ၁၀၀ ခန့်၊ အမြင့် လေးပေခန့် မြေကြီးများပိတ်ဆို့ခဲ့သည်။

တာဝန်ရှိသူများ လာရောက်ကြည့်ရှုကြပြီး ရထားလမ်းပေါ်မှ မြေကြီးများအား ရွှေသံလွင်ဟိုင်းဝေးကုမ္ပဏီလီမိတက်မှ စက်ယန္တရားများအပါအဝင် ဌာနဆိုင်ရာနှင့် ဒေသခံများက ချက်ချင်းဖယ်ရှားရှင်းလင်းခဲ့ကြသည်။

ယင်းသို့ ရထားလမ်းပိတ်ဆို့မှု ဖြစ်ပွားသဖြင့် ရန်ကုန်မှ ထွက်ခွာလာသော အမှတ် (၁၇၅) အဆန် လူစီးအမြန်ရထားသည် ဝေါမြို့နယ်ဆပ်သွားကုန်းဘူတာတွင်လည်းကောင်း၊ မော်လမြိုင်မှ ထွက်ခွာလာသောအမှတ် (၃၆) အစုန် လူစီးအမြန်ရထားနှင့် ထားဝယ်မှ ထွက်ခွာလာသောအမှတ် (၁၇၆) အစုန် လူစီးအမြန်ရထားတို့သည် သိမ်ဇရပ်ဘူတာတွင်လည်းကောင်း ရပ်နားစောင့်ဆိုင်းခဲ့ရသည်။ ရထားလမ်းပေါ် ပိတ်ဆို့နေသော မြေကြီးများအား ရှင်းလင်းဖယ်ရှားကြရာ နံနက် ၄ နာရီ ၂၀ မိနစ်တွင် ပြီးစီးခဲ့သဖြင့် ဘူတာများတွင် ရပ်နားစောင့်ဆိုင်းနေသော ရထားများ ထွက်ခွာသွားကြသည်။

နံနက်ပိုင်းတွင် ရထားလမ်းပေါ်၌ ကျန်ရှိနေသော မြေကြီးများအား ဌာနဆိုင်ရာများနှင့်အတူ နယ်မြေခံတပ်များမှ တပ်မတော်သားများ၊ သိမ်ဇရပ်နယ်မြေရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ အင်အား ၁၀၀ ခန့်က ထပ်မံဖယ်ရှားရှင်းလင်းပြီးနောက် ကားလမ်းပေါ်တွင် ပိတ်ဆို့နေသော မြေစိုင်ခဲများနှင့် မြေကြီးများအား စက်ယန္တရားများ အကူအညီနှင့် ဆက်လက်ဖယ်ရှားလျက်ရှိသည်။

မြေကြီးများပိတ်ဆို့နေသည့် ရန်ကုန်-မော်လမြိုင် ကားလမ်းကို ရှင်းလင်းဖယ်ရှားနေစဉ်အတွင်း ယာဉ်များအား ကျန်ရှိသော တံတားအဝင်လမ်းမှ သွားလာနိုင်ရန် စီစဉ်ပေးထားကြောင်း သိရသည်။

**ရဲခေါင်ဦး**



## တိုတိုထွာထွာဖတ်စရာ

### အသားနှင့်ငါးများသန့်ရှင်းလတ်ဆတ်မှုရှိ-မရှိစစ်ဆေး

**ခနော်ဖြူ**

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ စည်ပင်သာယာရေးကော်မတီနှင့် စျေးစားသုံးသူရေးရာအဖွဲ့တို့ပူးပေါင်း၍ ဇူလိုင် ၁၄ ရက် နံနက် ၇ နာရီခွဲက ခနော်ဖြူမြို့မစျေးအတွင်း အသားနှင့် ငါးများ သန့်ရှင်းလတ်ဆတ်မှု ရှိ-မရှိနှင့် ကူးစက်ရောဂါကင်းရှင်းမှု ရှိ-မရှိ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**အောင်သူဟိဏ်း(ပြန်/ဆက်)**

### ချောင်းဦးမြို့၌ မိုးရာသီစုပေါင်းသန့်ရှင်းရေးပြုလုပ်

**ချောင်းဦး**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့၌ မိုးရာသီ စုပေါင်းသန့်ရှင်းရေးကို ဇူလိုင် ၁၅ ရက် နံနက် ၇ နာရီက ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ ချုံနွယ်၊ မြက်ပေါင်းများအား စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခဲ့ကြသည်။

စုပေါင်းသန့်ရှင်းရေးပြုလုပ်ရာသို့ ချောင်းဦးမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ဘော်နှင့် ဝန်ထမ်းများ၊ မြို့နယ်ရဲ တပ်ဖွဲ့မှူး ရဲမှူးမြင့်သိန်းနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးတင်အောင်မိုးနှင့် ဝန်ထမ်းများ၊ စည်ပင်သာယာရေးဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်း၍ အဆိုပါ ချုံနွယ်၊ မြက်ပေါင်းများအား အမှိုက်သိမ်းယာဉ်ဖြင့် သယ်ဆောင်ရှင်းလင်းခဲ့ကြောင်း သိရသည်။

**အိအိစိုး(ချောင်းဦး)**

### မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်ဆိုင်ရာ အခြေခံသင်တန်းဖွင့်

**ပဲခူး**

ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်အစည်းအဝေးခန်းမ၌ မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်ဆိုင်ရာ အခြေခံသင်တန်းဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၄ ရက် နံနက်ပိုင်းက ကျင်းပသည်။

ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးမောင်မောင်ရွှေက သင်တန်းဖွင့်အမှာစကားပြောကြားပြီး သင်တန်းသား၊ သင်တန်းသူ ၆၉ ဦး တက်ရောက်ကြသည်။

**ခရိုင်(ပြန်/ဆက်)**

### မြစိမ်းရောင်စီမံကိန်းရန်ပုံငွေ စတုတ္ထအကြိမ်ထုတ်ချေး

**မယ်စဲ့**

ကယားပြည်နယ် ဘောလခဲခရိုင် မယ်စဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်စီမံကိန်းရန်ပုံငွေ စတုတ္ထအကြိမ်ထုတ်ချေးခြင်းကို ဇူလိုင် ၁၅ ရက် နံနက်ပိုင်းက နမ့်မန်းကျေးရွာ၌ ထုတ်ချေးပေးခဲ့သည်။

ပြည်နယ်ဦးစီးမှူး ဦးကျော်သူအောင်နှင့် တာဝန်ရှိသူများက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ကိုင်သူ စုစုပေါင်း ၇၅ ဦး၏ လက်ဝယ်သို့ စီမံကိန်းရန်ပုံငွေကျပ် ၃၈၆ သိန်းကို ပေးအပ်ခဲ့သည်။

**ဝတ်ရည်(ပြန်/ဆက်)**

# ရုံးပိုင်းဆိုင်ရာလုပ်ငန်းများ အသုံးပြုနိုင်ရေး အဆင့်မြင့်ကွန်ပျူတာသင်တန်းဖွင့်

**ဘားအံ ဇူလိုင် ၁၅**

ကရင်ပြည်နယ် တရားလွှတ်တော်အနေဖြင့် ဩဂုတ် ၁ ရက်မှ စတင်ကာ Case Management Program (CMP)စနစ်ဖြင့် ရုံးပိုင်းဆိုင်ရာလုပ်ငန်းများ အသုံးပြုနိုင်ရေး ပြည်နယ်တရားလွှတ်တော်နှင့် ဘားအံကွန်ပျူတာ တက္ကသိုလ်တို့ ပူးပေါင်း၍ အဆင့်မြင့်ကွန်ပျူတာ ကျွမ်းကျင်သင်တန်းကို ဇူလိုင် ၁၄ ရက် မွန်းလွဲပိုင်းက ဘားအံကွန်ပျူတာတက္ကသိုလ်တွင် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် ကရင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးစောစံလင်းက အဖွင့်အမှာစကားပြောကြားပြီး ဘားအံကွန်ပျူတာတက္ကသိုလ်ကျောင်းအုပ်ကြီး ဒေါက်တာငြိမ်းအေးက သင်တန်းတွင်ပို့ချမည့် ဘာသာရပ်များနှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် ပြည်နယ်တရားလွှတ်တော်နှင့် ပြည်နယ်အတွင်းရှိ တရားရုံးများမှ ဝန်ထမ်း သင်တန်းသား သင်တန်းသူ ၃၄ ဦးအား သင်တန်းရက်သတ္တ လေးပတ် ရုံးပိတ်ရက်(စနေ၊တနင်္ဂနွေ)တို့တွင် အမှုသွား အမှုလာ စီမံခန့်ခွဲမှုအစီအစဉ်အနေဖြင့် Microsoft Word၊ Microsoft Excel၊ Microsoft Powerpointနှင့် Window System ဘာသာရပ်များကို သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**



# ဆေးလိပ်ငွေ့ကင်းစင်ပြည်နယ်တစ်ခွင် ကျောင်းအခြေပြုမီနီမာရသွန်ပြိုင်

**မိုးနဲ ဇူလိုင် ၁၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ်တွင် မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (TSDP)အရ ကျင်းပသော "ဆေးလိပ်ငွေ့ကင်းစင် ရှမ်းပြည်နယ်တစ်ခွင်" ခေါင်းစဉ်ဖြင့် ကျောင်းအခြေပြု မီနီမာရသွန်ပြိုင်ပွဲကို ဇူလိုင် ၁၅ ရက် နံနက် ၅နာရီက မြို့မအားကစားကွင်းရှေ့ ပြည်ထောင်စုကားလမ်းမပေါ်၌ ကျင်းပသည်။

မီနီမာရသွန်ပြိုင်ပွဲကို မြို့မအားကစားကွင်းအရှေ့မှ စတင်တာလွှတ်ခဲ့ပြီး မိုးနဲ-လင်းခေး ပြည်ထောင်စုလမ်းမပေါ်ရှိ အမှတ် (၃၆၃) အမြောက်တပ်အထိ၊ ထိုမှတစ်ဆင့် မြို့မအားကစားကွင်းအရှေ့တွင် ပန်းဝင်သည်။ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ အထက်တန်း၊ အလယ်တန်းအဆင့် ကျောင်းသား ၂၅၅ ဦး၊ ကျောင်းသူ ၃၃၀ စုစုပေါင်း ၅၈၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ကျောင်းသား၊ ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်နေမှုကို လူမှုရေးဝန်ကြီး၊ ရှမ်းပြည်နယ် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ဒေါက်တာမျိုးထွန်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးထန်အိတ်၊ ဒုတိယပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိုင်းဝင်းဇော်လှိုင်၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် စိုင်းမွန်းလိန်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးထွဋ်နှင့် ဌာနဆိုင်ရာများ၊ လင်းခေးခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံတိုင်းရင်းသား ပြည်သူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို မြို့မအားကစားကွင်းအတွင်းဆက်လက်ကျင်းပရာ လူမှုရေးဝန်ကြီး၊ ရှမ်းပြည်နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အလယ်တန်း၊ အထက်တန်း အဆင့် ကျား/မ ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများနှင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ (မိုးနဲ)**

# မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ(အဝေးပြေး) ပညာသင်ထောက်ပံ့ငွေပေး

**နေပြည်တော် ဇူလိုင် ၁၅**

နေပြည်တော်တွင် မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (အဝေးပြေး)ကွပ်ကဲမှုအောက်ရှိ မော်တော်ယာဉ်အသင်းများမှ ဝန်ထမ်းသား၊ သမီး ကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆုနှင့် ပညာသင်ထောက်ပံ့စရိတ်ပေးအပ်ချီးမြှင့်ခြင်းအခမ်းအနားကို ဇူလိုင် ၁၅ ရက် နံနက် ၉ နာရီက နေပြည်တော် ပျဉ်းမနားမြို့ ကန်တော်မင်္ဂလာခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

နေပြည်တော်ကောင်စီဝင်၊ နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးတင်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး နေပြည်တော် မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ(အဝေးပြေး)အတွင်းရေးမှူး ဦးမြတ်မိုးက ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက ၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးရရှိသူများ၊ အောင်မြင်သူများနှင့် ၂၀၁၈-၂၀၁၉ ပညာသင်နှစ် မူလတန်းမှ တက္ကသိုလ်အဆင့်ထိ ပညာသင်ကြားနေသည့် ကျောင်းသားကျောင်းသူများအား ပညာရည်ချွန်ဆု ချီးမြှင့်ငွေနှင့် ဆုတံဆိပ်များ ပညာသင်ထောက်ပံ့ငွေနှင့် ကျောင်းသုံး ဗလာစာအုပ်များကို ထောက်ပံ့ချီးမြှင့်သည်။

အခမ်းအနားသို့ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မော်တော်ယာဉ်အသင်းများမှ တာဝန်ခံများ၊ ဝန်ထမ်းများ၊ ဆုရ ကျောင်းသားကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**စိုးမိုး(ပြန်/ဆက်)**

# မြန်မာ့ရိုးရာအမွေအနှစ် လက်မှုနည်းပညာရပ်များ ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်

**မန္တလေး ဇူလိုင် ၁၅**
ကိုင်တွယ်ထိတွေ့၍ မရနိုင်သည့် မြန်မာ့ရိုးရာအမွေအနှစ် လက်မှုနည်းပညာရပ်များ ပျောက်ကွယ်ခြင်းမရှိစေရန် ထိန်းသိမ်းစောင့်ရှောက်သင့်ကြောင်း မြန်မာမှုပညာရှင် တမ္ပဝတီ ဦးဝင်းမောင်က ပြောသည်။

မြန်မာ့ရိုးရာအမွေအနှစ်များတွင် ကိုင်တွယ်ထိတွေ့နိုင်သည့် လက်မှုပစ္စည်းများနှင့် ကိုင်တွယ်ထိတွေ့၍ မရနိုင်သည့် လက်မှုနည်းပညာရပ်ဟူ၍ နှစ်မျိုးရှိသည့်အနက် ကိုင်တွယ်ထိတွေ့နိုင်သော လက်မှုပစ္စည်းများမှာ မပျောက်ကွယ်နိုင်သော်လည်း ၎င်းပစ္စည်းများကို ပြုလုပ်သည့် ကိုင်တွယ်ထိတွေ့၍မရသော လက်မှုနည်းပညာရပ်များမှာ ပျောက်ကွယ်သွားနိုင်သဖြင့် ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်ကြောင်း သိရသည်။

"ယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းတယ်ဆိုတဲ့နေရာမှာ လက်ဆုပ်လက်ကိုင်ပြလို့ရတဲ့ ယွန်းထည်တို့၊ ပန်းပုတို့၊ ကြေးသွန်းဆင်းတုကြီးတွေ ပျောက်ကွယ်မသွားဘူး။ ဒါပေမယ့် အဲ့ဒီပစ္စည်းတွေကိုလုပ်တဲ့ နည်းပညာဆိုတာက လက်ဆုပ်လက်ကိုင်ပြလို့မရဘူး။ ရွှေဆိုင်းခတ်တဲ့ နည်းပညာဆိုတာကလည်း လက်ဆုပ်လက်ကိုင်ပြလို့မရတဲ့ နည်းပညာရပ်ထဲမှာပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ရွှေဆိုင်းအသုံးပြုတဲ့နှုန်းနဲ့ ရွှေဆိုင်းပညာရှင်တွေထုတ်လုပ်တဲ့ ရွှေဆိုင်းနှုန်းက အံဝင်ခွင်ကျဖြစ်နေတယ်။ ဒါလေးကိုပဲ ပျောက်ကွယ်မသွားအောင် ထိန်းသိမ်းသင့်တယ်"ဟု ၎င်းက အကြံပြုပြောသည်။



ထို့ကြောင့် ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးများ အထွတ်အမြတ်ထားရာ ဘုရားစေတီများတွင် မြန်မာ့ရိုးရာ လက်မှုပညာရပ်ဖြင့်ထုတ်လုပ်သည့် ရွှေဆိုင်းများဖြင့်သာ ကပ်လှူပူဇော်သင့်ကြောင်း တမ္ပဝတီ ဦးဝင်းမောင်က ဆက်လက်ပြောသည်။

"မန္တလေးက ထုတ်လုပ်တဲ့ လက်ရွှေဆိုင်းက ၁၆ ပဲရည်ပြည့်မှ လုပ်လို့ရတဲ့အတွက် အရည်အသွေးပိုင်းပြောစရာမလိုဘူး။ အမွန်မြတ်ဆုံး ဘုရားစေတီတွေကို အမွန်မြတ်ဆုံးပစ္စည်းနဲ့ပဲ ကပ်လှူပူဇော်တာ ကောင်းတာပေါ့။ ၆၀ ရာခိုင်နှုန်းပါတဲ့ စက်ရွှေထက်စာရင် ၁၀၀ ရာခိုင်နှုန်းပါတဲ့ လက်ရွှေနဲ့ ပူဇော်တာက ပိုပြီးမွန်မြတ်ပါတယ်။ စက်ရွှေက လူသုံးကုန်ပစ္စည်းအနေနဲ့ပဲ သုံးသင့်တယ်။ ဒီလိုနေရာမှာ မသုံးသင့်ပါဘူး"ဟု ၎င်းက သုံးသပ်ပြောကြားသည်။

ထို့ပြင် မြန်မာရွှေချည်ထိုးပညာရှင် ဦးစိန်မြင့်ကလည်း "မြန်မာ့လက်မှု အနုပညာလက်ရာတွေကို ထိန်းသိမ်းသင့်တယ်။ အခုခေတ်မှာ လက်မှုပညာတွေနဲ့အပြိုင် စက်မှုပညာရပ်တွေ ပေါ်ပေါက်လာတဲ့အတွက် တချို့ပညာတွေက တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်နေပြီ။ ကျွန်တော်တို့ ရွှေချည်ထိုးဆိုရင်လည်း စက်နဲ့ထုတ်လုပ်ပြီး ဈေးကွက်ယှဉ်ပြိုင်ကြပေမယ့် လက်မှုပညာရပ်နဲ့ ထုတ်လုပ်တဲ့ လက်ရာကို မယှဉ်နိုင်တဲ့အတွက် နောက်ဆုတ်သွားတယ်။ အခုရွှေဆိုင်းဆိုရင်လည်း ကြားရတာ စိတ်မကောင်းဘူး။ စက်ရွှေတွေဝင်လာတဲ့အတွက် လက်မှုရွှေဆိုင်းတွေ ပျောက်မလိုဖြစ်လာတယ်။ ပုဂံခေတ်ကတည်းက ပေါ်ထွန်းခဲ့တဲ့ လက်မှုရွှေဆိုင်းခတ်ပညာရပ်တွေ မပျောက်ပျက်အောင် ထိန်းသိမ်းသင့်ပါတယ်"ဟု ပြောသည်။

လက်ရှိအခြေအနေတွင် မန္တလေး မျက်ပါးရပ်မှာ ထုတ်လုပ်သည့် လက်မှုရွှေဆိုင်းများကို မြန်မာနိုင်ငံအနှံ့အပြားရှိ ဘုရားစေတီများတွင် ကပ်လှူပူဇော်လျက်ရှိသော်လည်း ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့က စက်ရွှေဆိုင်းများကို ဈေးပြိုင်စနစ်ဖြင့် ဝယ်ယူနေသောကြောင့် စက်ရွှေဆိုင်းများသုံးစွဲမှု များပြားလာပါက မြန်မာမှုရိုးရာ ရွှေဆိုင်းခတ်လက်မှုပညာရပ်များ ပျောက်ကွယ်သွားနိုင်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



**ရန်ကုန်မြို့ လှိုင်မြို့နယ် အမှတ်(၆)ရပ်ကွက် အထက(၁)ရှေ့၌ ဇူလိုင် ၁၄ ရက်တွင် တိုင်းဒေသကြီး မှုခင်းကျဆင်းရေး ပညာပေးပြခန်းယာဉ်ဖြင့် လှိုင်မြို့မရဲစခန်းမှူး ဒုရဲမှူး သိန်းဆွေမြင့်က မှုခင်းကျဆင်းရေး အသိပညာပေးလုပ်ငန်းများ ရှင်းလင်းဟောပြောစဉ်။**

မီးမီး(လှိုင်)

**ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ပြည်အရှေ့ရပ်ကွက် ပြည်သူ့ရင်ပြင်ဝင်းအတွင်း၌ ဇူလိုင် ၁၂ ရက်က တိုင်းဒေသကြီး မှုခင်းပညာပေး ပြခန်းယာဉ်ဖြင့် မြို့နယ်မြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူး ဇော်နီချစ်နှင့် အဖွဲ့ဝင်များ ရပ်ကွက်နေပြည်သူများအား မှုခင်းအသိပညာပေး လိုက်လံပြသဟောပြောစဉ်။**

မြို့နယ်ရဲတပ်ဖွဲ့



**နေပြည်တော် ဇေယျာသီရိ မြို့နယ် ရွှေတွင်းကုန်းမြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူး ကျော်သက်ထွေး ဇူလိုင် ၁၄ ရက်က ပုပ္ပားကုန်းရပ်ကွက်ရှိ ကျေးရွာသူကျေးရွာသားများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် သက်ငယ်မုဒိမ်းမှု မဖြစ်ပွားစေရေး အသိပညာပေး ဟောပြောစဉ်။**

ခွန်းဆက်နေ



သိန်းရာသီ (မွေ့ဒါန)
ဒါဆိုဆက်နီးကာ၉လှူ၍ ...
ဗွက်၊ ပုပ္ပါး၊ ပဥ္စကူး၊ ...
... ငွေစေတီကျောင်း၌ လှူ(၁)ဦး
... (၃၀၀၀၀/-)
Jul-26
420144148, 421153797

## ဖခင်အမည်မှန်

ကော့သောင်းခရိုင်၊ ခမောက်ကြီးမြို့နယ်၊ ခမောက်ငယ်ရွာနေ ဆရာမိုးဒီ ပညာရွှေပြည် ကိုယ်ပိုင်အထက်တန်းဆင့်သင်ကျောင်း၊ ထားဝယ်မြို့၊ ဒသမတန်း(ခ)မှ မအင်ကြင်းမွှေး၏ဖခင် ဦးအောင်၏အမည်မှန်မှာ ဦးမျိုးဇင် [၆/ခမက(နိုင်)၀၀၂၄၈၆] ဖြစ်ပါသည်။

## ဖခင်အမည်မှန်

ကော့သောင်းမြို့၊ ရွှေပြည်သာရပ်ကွက်နေ ဆရာမိုးဒီ ပညာရွှေပြည်ကိုယ်ပိုင်အထက်တန်းဆင့်သင်ကျောင်း၊ ထားဝယ်မြို့၊ ဒသမတန်း(င)မှ မောင်ညီညီထွေး၏ဖခင် ဦးစန်းဝင်း၏အမည်မှန်မှာ ဦးဆန်းဝင်း [၆/သရခ(နိုင်)၀၄၆၃၇၂]ဖြစ်ပါသည်။

## လူအများခံစားနေကြရသည့် ရောဂါဝေဒနာပေါင်း ၅၀ အကြောင်း သိကောင်းစရာအဖြာဖြာ

ဒေါက်တာခင်မိုးမိုး၏ ဆေးပညာပေးစာအုပ်သစ်

ဘာကြောင့် ကြွက်တက်နေရတာလဲ
ဘာကြောင့် ဆီးကျဉ်ရတာလဲ
ဘာကြောင့် ခါးနာရတာလဲ
ဘာကြောင့် ချောင်းဆိုးရတာလဲ
ဘာကြောင့် ဝမ်းဗိုက်နာရတာလဲ
ဘာကြောင့် မျက်ခမ်းလှုပ်တာလဲ
ဘာကြောင့် သတိမေ့လွယ်နေရတာလဲ
ဘာကြောင့် ဇက်ခိုင်(အုံးလွှဲ)နေရတာလဲ
ဘာကြောင့် ဝေ့းဇေ့နာကျင်ရတာလဲ
ဘာကြောင့် အိပ်ရင်ဟောက်သံထွက်ရတာလဲ စသည်…

ထွက်ပြီ




မြန်မာ့စာပေ Central Tower

## ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ (၂၉) ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ ဖိတ်ကြားလွှာ

ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာတွင် (၂၉) ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို အောက်ပါ အစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် ကိုယ်တိုင်ဆက်ကပ်လှူဒါန်းပြီး တရားတော်နာကြွရောက်ကြပါရန် ဓမ္မမိတ်ဆွေ စေတနာရှင်အပေါင်းတို့အား မေတ္တာရှေ့ထား၍ ဖိတ်ကြားအပ်ပါသည်။

**ထေရဝါဒ ဗုဒ္ဓသာသနာပြန့်ပွားရေးအဖွဲ့**
**ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ**

### "အစီအစဉ်"

(က) **ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ**
အမှတ် - ၈၀ (က) သံလွင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၇၆၇၈၆၄၆၇၁၊ ၀၉ ၇၈၆၇၈၀၀၃၁
နေ့ရက် - ၁၃၈၀ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် (၂) ရက်။ (၂၉-၇-၂၀၁၈) (တနင်္ဂနွေနေ့)
အချိန် - နံနက် (၈း၀၀) နာရီ
မတည်အလှူရှင်များနှင့် ကောင်းမှုရှင်အပေါင်းတို့က ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းပြီး ဝါဆိုအနုမောဒနာတရား စုပေါင်းနာယူကြကာ ရေစက်ချ အမျှပေးဝေပါမည်။
နံနက် (၁၀း၃၀) နာရီ
သံဃာတော်အရှင်သူမြတ်တို့အား မတည်အလှူရှင်တို့က ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်တို့ကို ဆက်ကပ်လှူဒါန်းပြီး ဓမ္မမိတ်ဆွေ အပေါင်းတို့အား နံနက်ခင်းပိုင်း နေ့လည်စာဖြင့် ဧည့်ခံကျွေးမွေးပါမည်။

(ခ) **ပဏ္ဍိတာရာမ ဆယ်မိုင်ကုန်းတောစခန်းရိပ်သာ**
သဲဖြူကျောင်းကျေးရွာ၊ ပဲခူးတိုင်း၊ ဖုန်း - ၀၉ ၄၉၄၅၀၇၈၇
နေ့ရက် - ၁၃၈၀ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် (၁)ရက်၊ (၂၈-၇-၂၀၁၈) (စနေနေ့)
အချိန် - နံနက် (၈း၀၀) နာရီ

(ဂ) **ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ၊ ထောက်ကြန့်မြို့**
အောင်သပြေလမ်းနှင့် အဝေရာ(၂)လမ်းထောင့်၊ တိလောကရပ်ကွက်၊ ထောက်ကြန့်မြို့။ ဖုန်း - ၀၉ ၅၃၀၉၁၀၇
နေ့ရက် - ၁၃၈၀ ခုနှစ်၊ ဝါခေါင်လဆန်း (၁)ရက်၊ (၁၂-၈-၂၀၁၈) (တနင်္ဂနွေနေ့)
အချိန် - နံနက် (၈း၀၀) နာရီ

(ဃ) **ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ၊ သန်လျင်မြို့**
သမာဓိလမ်း၊ အမှုထမ်းရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း - ၀၉ ၇၉၉၄၄၄၈၃၂၊ ၀၉ ၇၉၀၃၈၆၇၉၅
နေ့ရက် - ၁၃၈၀ ခုနှစ်၊ ဝါခေါင်လဆန်း (၁)ရက်၊ (၁၂-၈-၂၀၁၈) (တနင်္ဂနွေနေ့)
အချိန် - နံနက် (၈း၀၀) နာရီ

(င) **ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ၊ လှည်းကူးမြို့**
ရုံးဟောင်းလမ်း၊ ရိပ်သာရပ်ကွက်၊ လှည်းကူးမြို့။ ဖုန်း - ၀၉ ၇၉၉၈၈၉၀၈၅
နေ့ရက် - ၁၃၈၀ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် (၈)ရက်၊ (၄-၈-၂၀၁၈) (စနေနေ့)
အချိန် - နံနက် (၈း၀၀) နာရီ

(စ) **ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ၊ ပြင်ဦးလွင်မြို့**
အမှတ်(၈၉)၊ ကလပ်လမ်း၊ ရပ်ကွက်ကြီး(၅)၊ ပြင်ဦးလွင်မြို့။ ဖုန်း - ၀၈၅ ၂၈၀၃၀၊ ၀၉ ၅၀၉၅၁၅၆
နေ့ရက် - ၁၃၈၀ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း (၇)ရက်၊ (၁၉-၇-၂၀၁၈) (ကြာသပတေးနေ့)
အချိန် - နံနက် (၈း၀၀) နာရီ

(ဆ) **ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ၊ မော်လမြိုင်မြို့**
မောင်ငံ၊ မြေနီကုန်းရပ်ကွက်၊ မော်လမြိုင်မြို့။ ဖုန်း - ၀၉ ၂၅၅၉၇၀၈၉၆၊ ၀၉ ၇၉၂၃၅၆၄၇၈
နေ့ရက် - ၁၃၈၀ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်၊ (၂၇-၇-၂၀၁၈) (သောကြာနေ့)
အချိန် - နံနက် (၈း၀၀) နာရီ


bellaMEN CARE
NEW
အသိ - ဝက်ခြံ - ကင်းစင်
ဖြူဝင်း - လန်းဆန်း
အောင်မြင်မှုများပေးတဲ့
POWER UP မျက်နှာသစ်
1995KS
Menthol ပါဝင်တာကြောင့်ဘတ်တီးရီးယားပိုးမွှားများကို
ဖယ်ရှားပေးပြီး အေးမြတဲ့ ခံစားမှုကို ရရှိစေပါသည်။
BE THE POWER
bellaMEN CARE
COOLING MENTHOL
POWER UP
OIL CONTROL
ALL-IN-ONE MULTI-ACTION FACE WASH
COOLING MENTHOL BEADS
40g 1.35 US FL Oz




## ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေ အရ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ(၁၉ )ရက် ကြာသပတေးနေ့ "အာဇာနည်နေ့"သည် အများပြည်သူအလုပ်ပိတ်ရက် ဖြစ်ပါသဖြင့် ၎င်းရက်တွင် ဘဏ်များအားလုံး ပိတ်ထားလိမ့်မည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ပညာရေး ကဏ္ဍတွင် နှစ်ပေါင်း ၄၀ ကျော်တိုင် ဂုဏ်သရေ နှင့် တကွ အခွန့် ရှည်ကြာခဲ့ပြီ

**ဂုဏ်ထူးဦးအောင်နိုင်**

စာသင်သား လက်စွဲ စာအုပ်များ

ဂုဏ်ထူးဦးအောင်နိုင် ESSAYS & LETTERS
ဂုဏ်ထူးဦးအောင်နိုင် BASIC GRAMMAR
Grade 10 English ၁၀ တန်း အင်္ဂလိပ်စာ
Grade 9 English ၉ တန်း အင်္ဂလိပ်စာ
Grade 8 English Reader Eight
Grade 4 English Reader Four

၂၇၂ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်။
01 252 919, 09 964 252 919

**FLOOR WORLD** ကြမ်းခင်းအမျိုးမျိုးနှင့် Wallpaper အရောင်းစန်းမ မှ
၁၀၀%ရေစိုခံ Vinyl ကြမ်းခင်းပြားများကို စျေးနှုန်းချိုသာစွာဖြင့် ရောင်းချတပ်ဆင်ပေးနေပါသည်။
အမှတ်(၂၁/၁)၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
Ph : 5091526, 09-5091527

FAME
**Neurogin®**
Ginkgo biloba extract... 60 mg
အာရုံကြောဆေး
TMR 006003 (0717)
၂/၂၀၁၇ တဆထလ (တိုး) ဝ၆၅၂
ISO 9001 : 2015
ISO 14001 : 2015
OHSAS 18001 : 2007
GMP Certified
Organic Certified
Ph: 09-965559860

FAME
**Honokiol**
ထောင်စကားဖြူဆေး
TMR 013025 (0118)
၂/၂၀၁၇ တဆထလ (တိုး) ဝ၆၅၂
ISO 9001 : 2015
ISO 14001 : 2015
OHSAS 18001 : 2007
GMP Certified
Organic Certified
Ph: 09-73142216

# iGREEN မှ PAE ဖြင့် ဆောက်လုပ်ပေးမည်

09 784 060 602 igreen.qs6@gmail.com

VAC® VALUE ADDED CONSULTANCY မြန်မာပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးလုပ်ငန်း

(မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံသောနိုင်ငံခြားကုမ္ပဏီများမှ အလုပ်ခေါ်နေပြီ)

**Job Openings for Foreign Firms**

**HSE Manager** - Mdy - 1,500,000 Ks M(1)
- Any Grad, 7yrs Exp On Relevant Field, ( Prefer Exp On Factory HSE ), English Speaking

**Architect** - French Co - 1,000,000/-Ks M/F(1)
- M.Arch,B.Arch,7yrs Exp On Relevant Field, Eng 4 Skills,Revit Software

**AutoCAD Drafter** - Japan Co - Thilawa - 800,000/-Ks M/F(1)
- BE/B.Tech(Civil),B.Arch, 5yrs Exp On Construction Field, Able to Speak English

**Engineer ( PLC )** - Japan Co M(2)
- BE(EP/EC/MP), 1yr Exp On Relevant Field, Operation & Maintenance of Control Panel

**Project Sales Engineer** - Construction Material - 600,000Ks M(1)
- BE/GTI(Civil), 1yr Exp On Relevant Field, Able To Speak English

**Sr Procurement Executive** - SG Co - FMCG - 1,500,000/-Ks M/F(1)
- 8yrs Exp On Relevant Field, ( Prefer Exp In Food ), Fluent In English

**Sales Manager** - Chemical Solvent - USD 1000 M(1)
- Any Grad, 5yrs Exp On Relevant Field, Fluent In English

**Sales Manager** - Hotel Supply - 1,000,000/-Ks M/F(1)
- Any Grad, 5yrs Exp On Relevant Field, Able to Speak English

**Asst Sales & Marketing Manager** - 1,200,000Ks M/F(2)
- 3yr Exp In Banking & Finance Industry, High level Business Eng Procifiency

**Compliance Officer** - Foreign Bank - USD 800 M/F(1)
- Any Grad, 3yrs Exp In Legal & Compliance or Banking field, Chinese Skills

**Demonstration Officer - Product Executive** - Agri Machine - 500,000/-Ks (1)
- Any Grad, 1yr Exp On Relevant Field, Good In English, Age Under 30

**Admin & HR Division Assistant Manager** - 1,200,000Ks F(1)
- Any Grad,YUFL(Japanese) Prefer,Be in charge of HR & General Affairs work in generally

**HR Recruitment Specialist** - Foreign Fiem - 1,000,000/-Ks M/F(1)
- Any Grad, MBA or Dip In HR, 3yrs Exp On Relevant Field, English Skills

E-mail ဖြင့် အလုပ်လျှောက်နိုင်သည် ၊ CVကို MicroSoft Word File ဖြင့်ပို့ပါ။

များပြားသောအလုပ်အကိုင်အခွင့်အလမ်းများ ⟹ Like VAC Jobsearch

No.118, 6th Floor, 23rd St, Latha Tsp, Yangon. E-mail: cv@vacjobsearch.com
Ph: 01-395921, 01-395922, 09-73022727, 09-5102094

နေရာတိုင်းဆောင်ထား
Rain Flower
မိုးရာသီအထူး Promotion
ယခုမှစ၍ ဩဂုတ်လကုန်အထိ



# အထူးဝမ်းမြောက်ဂုဏ်ယူခြင်း

## S.D Development Co.,Ltd Sein Daung Superstore

(သပြေကုန်း) နေပြည်တော်ဆိုင်သစ်ဖွင့်လှစ်နိုင်ခြင်းအတွက် အထူးပင်ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် ဆတက်ထမ်းပိုး တိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

NEW WORLD MART

ပြည့်စုံအောင် (အထည်ဆိုင်)
တိုက်(၁၅)၊ အခန်း(၁၀၂)၊
မြေညီထပ်၊ အောင်သပြေလမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

Ph;01-2050296, 200747, Ext;(7315)

ဦးသာရင် ၏ သွက်ချာပါဒ လေငန်းဆေးမှုန့်

Certificate TH09/3125

လေငန်းပမ်း၍ကိုယ်တစ်ခြမ်းသေခြင်း၊ ပါးရွဲ့ခြင်း၊ လေဖြန်းခြင်း၊ ခြေလက်ထုံကျဉ်ကိုက်ခဲခြင်း ဖြစ်လျှင်လိမ်းနိုင်ပါသည်။

Certificate TH06/3966.01

ISO 9001:2008 နှင့် GMP လက်မှတ်ရ ဦးသာရင်ဆေးတိုက်

Khine ကိုရီးယားဘာသာသင်တန်းကျောင်း
(ကျောင်းခွဲမရှိပါ)
ကိုရီးယားနိုင်ငံတွင်လစာသိန်း(၂၀)ဝန်းကျင်ဖြင့်အလုပ်လုပ်ရန်
- လုပ်ငန်းအတွေ့အကြုံ ပညာအရည်အချင်းမလိုပါ။
- E.P.S (TOPIK) စာမေးပွဲအောင်မြင်ရန်သာလိုပါသည်။
- စာမေးပွဲ Form တင်ခြင်း ပတ်စပို့စ်လျှောက်ခြင်း ဆေးစစ်ခြင်းအားလုံး ကျောင်းမှစီစဉ်ပေးပါမည်။
- တစ်ကြိမ်တည်းဖြေဆိုအောင်မြင်ရန် အထူးတန်းခွဲများဖြင့် ထိရောက်စွာသင်ကြားပေးပါသည်။
- နယ်ကျောင်းသားများ အဆောင်နေ/စား စီစဉ်ပေးမည်။

Ph : 09-73026940, 09-250641687
09-5162790
သင်တန်းဖွင့်မည့်ရက် - ၂၄.၇.၂၀၁၈

Air.con ရေကျလို့လား?
Servicing လုပ်လိုက်ရင်
ကောင်းသွားမှာပါ။



AAS Air.con Services
- သယ်န်းကျွန်း ဆိုင်ခွဲ 01-573811,578957
- တာမွေ ဆိုင်ခွဲ 09-5054228
- မြောက်ဒဂုံ ဆိုင်ခွဲ 09-8614140
- လမ်းမတော် ဆိုင်ခွဲ 09-420033454
- မန္တလေး ဆိုင်ခွဲ 09-450236294
09-772013711

ကားမျိုးစုံ
Alphard,Hiace ၉/၁၃ စီး၊၂၄/၂၉/၃၃/၄၅ စီးများကို ခရီးစဉ်အမျိုးမျိုး အတွက် ယာဉ်မောင်းများ ကိုယ်တိုင်ငှားရမ်းနိုင်ပါသည်။
Ph:09795549249,095418126
09-795546884

ကိုသန့်ဇင်
CAR RENTAL
ကားမျိုးစုံ ငှားနိုင်ပါသည်။
09 - 5059821
09 - 43117680

ကလေးနာမည်ပေး
ဆရာကြီးရာစာခေါ်ဝင်း
(LL.B)နှင့်ဆက်သွယ်ပါ
01-399136,09-73009994,09-253997740
09-5152521
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့

တူဒေးစာအုပ်တိုက်




## တစ်ခါတလေနိုင်မယ်
## တစ်ခါတလေသင်ခန်းစာရမယ်

မြနှင်းဆီ (Mra Hninzi)

သင်သည် လေ့ကျက်သင်ယူသူတစ်ဦးဖြစ်လိုလျှင် သင်၏အရှုံးများနှင့် အမှားများကို ရှုမြင်သည့်နည်းလမ်းကိုပြုပြင်ပြီး မည်သို့တုံ့ပြန်သင့်သည်ဆိုသည့် အရည်အသွေးကောင်းများကို ရယူရန်လိုအပ်ပါသည်။ ဤစာအုပ်တွင် မိမိကိုယ်ကို အောက်ကျို့ခြင်း၊ လေ့ကျက်သင်ယူခြင်း စိတ်ဓာတ်၊ လက်တွေ့ဘဝ လေ့ကျင့်သင်ယူရန် အခြေခံအုတ်မြစ်၊ သေချာ မိမိကိုယ်ကိုယုံကြည်မှု ပိုမိုတိုးပွားလာစေ မိမိဘာလုပ်ရမည်ကိုသိရှိပြီး အောင်မြင်မှုခြေလှမ်းကို စတင်နိုင်မည့် နည်းလမ်းကောင်းများ ပါဝင်ပါသည်။ ထို့ကြောင့် ဤစာအုပ်သည် လူငယ်များအတွက် အရှုံးများမှ မည်သို့သင်ခန်းစာရယူ၍ မည်သို့လျှောက်လှမ်းရမည်ကို များစွာ သင်ကြားပေးနိုင်ပါလိမ့်မည်။

အမြို့မြို့ဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။


## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## (၁၂/၂၀၁၈)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါရေနံတူးဖော်/ထုတ်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (က) | DMP/L-047(18-19) | Welding Electrodes (5) Groups | Ks |
| (ခ) | DMP/L-048(18-19) | Magna Dewax PT-2066 Parafin Solvent & Demulsifier (2) Items | Ks |
| (ဂ) | DMP/L-049(18-19) | Steel Wire Ropes (2)Items | Ks |
| (ဃ) | DMP/L-050(18-19) | PAC-R(50)MT | Ks |
| (င) | DMP/L-051(18-19) | Spares for D-375 Pump Ex Card Well and GEFCO Drilling Rig (12) Items | Ks |
| (စ) | DMP/L-052(18-19) | Chrome Lignite (XP-20) (200) Tons | Ks |
| (ဆ) | DMP/L-053(18-19) | Assorted Kinds of Engineering Workshop Tools(7) Groups | Ks |
| (ဇ) | DMP/L-054(18-19) | Spares for FLC 504 Derrick Shaker Unit (7) Items | Ks |
| (ဈ) | DMP/L-055(18-19) | Spares for Komatsu Dozer (D-155A-1) (19)Items | Ks |
| (ည) | DMP/L-056(18-19) | Spares for Komatsu Dozer (D-85 ESS-2) (37)Items | Ks |
| (ဋ) | DMP/L-057(18-19) | Spares for Zoom Lion Crane (54) Items | Ks |
| (ဌ) | DMP/L-058(18-19) | Spares for C-18 Marine Engine Ex MTBN-5 River Craft (24) Items | Ks |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ Web Portal (www.moee.gov.mm)၌ အသေးစိတ်ကြည့်ရှု၍ အခမဲ့ Download ရယူနိုင်ပါသည်။တင်ဒါပုံစံများအား ရောင်းချမည်မဟုတ်ပါ။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၁၅-၈-၂၀၁၈ ရက် (၁၄:၀၀)နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ (လူကိုယ်တိုင်) လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**
**ဖုန်း ၀၆၇-၄၁၁၂၀၆**

တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ၊ နိုင်ငံခြားသွားလိုသူများနှင့် အလုပ်ကောင်းရလိုသူများအတွက်

**ဆရာအာသာ SUCCESS Language Academy**

(မြို့လယ်ကျောင်း) 392048, 202046, 256954
အမှတ်(၁၁၉)၊ Y.W.C.A ၊ ဘိုကလေးဈေးလမ်း

လှည်းတန်းကျောင်းခွဲ
ဦးထွန်းလင်းခြံလမ်း အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းသစ်တိုက်)
Ph: 09 443001453, 01-503472, 09 30775232

**Basic English Speaking**
10-11:30 (Mon - Thurs) 23 Jul
9 - 12:00 (Sat + Sun) 28 Jul
6 - 7:30 (Mon - Thurs) 30 Jul
7:30 - 9 (Mon - Thurs) 6 Aug
1 - 2:30 (Mon - Thurs) 7 Aug

**Basic Four Skills English**
3:30 - 5 (Mon-Thurs) 23 Jul
6 - 7:30 (Mon-Thurs) 6 Aug
1 - 4:00 (Sat + Sun) 11 Aug
1 - 2:30 (Mon-Thurs) 13 Aug

**Basic Grammar**
3:30 - 5 (Mon-Thurs) 24 Jul

**Pre-Intermediate (4-Skill English)**
1 - 2:30 (Mon-Thurs) 30 Jul
1 - 4:00 (Sat + Sun) 5 Aug
6 - 7:30 (Mon-Thurs) 6 Aug
9:30-12:30 (Sat + Sun) 11 Aug

**Intermediate (Academic English)**
9:30-12:30 (Sat + Sun) 21 Jul
3:30 - 5 (Mon-Thurs) 30 Jul

**Vocab Enrichment**
9 - 12:00 (Sat + Sun) 22 Jul
10-11:30 (Mon-Thurs) 30 Jul

**Basic Writing**
9 - 12:00 (Sat + Sun) 14 Jul

**Basic English Speaking**
3:30 - 5 (Mon-Thurs) 30 Jul
10-11:30 (Mon-Thurs) 6 Aug
7:30 - 9 (Mon-Thurs) 13 Aug

**IELTS (Preparation)**
1 - 3:30 (Mon-Thurs) 6 Aug

**IELTS (Reading+Vocab)**
1 - 3:00 (Mon-Thurs) 23 Jul

**IELTS (Speaking+Vocab)**
10-11:30 (Mon-Thurs) 16 Jul

**IELTS (Writing+Grammar)**
7:30-9:30 (Mon-Thurs) 30 Jul

**Basic Four Skills English**
3:30 - 5 (Mon-Thurs) 30 Jul
1 - 2:30 (Mon-Thurs) 6 Aug
3:30 - 5 (Mon-Thurs) 6 Aug

**Basic Grammar**
7:30-10:30 (Sat + Sun) 28 Jul
7:30 - 9 (Mon-Thurs) 7 Aug

**Pre-Intermediate (4-Skill English)**
3:30 - 5 (Mon-Thurs) 16 Jul
7:30-10:30 (Sat + Sun) 28 Jul

**Intermediate (Academic English)**
3:30 - 5 (Mon-Thurs) 27 Aug

---

**Asia Dragon** (အမှတ်)
ချောင်းသာ 12,000/- ငွေဆောင် 12,000/-
ကျိုက်ထီးရိုး ဘားအံ
ခြေအိတ်ခဲဆေးသတ် ဖုတ်၊ဖုတ်ပါး
09 300 300 70, 09 300 300 90

---

**ရွှေခိုင်သာ** FULLY AIR-CON EXPRESS
ကားဝင်းလုံးငှားစီစဉ်ပေးသည်
◆ မန္တလေး ပြင်ဦးလွင် စစ်ကိုင်း မင်းကွန်း ဝေရေနန်းကျောက်စိမ်းစေတီ (၄)ရက် (ထမင်းကျွေး) 40000
◆ ပုဂံ (ရွယ်တော်လေးဆူ)၊ ပုပ္ပါး ပခုက္ကူ နေပြည်တော်ဇမ္ဗုသီယာ (၄)ရက် (July 26 ထွက်မည်)
◆ ရွှေတောင်ပြွန်ပွဲတော်၊ မန္တလေး မဟာမြတ်မုနိ ပြင်ဦးလွင် မိုးကုတ် ဘုရားစုံ ... ကျောက်စိမ်းစေတီ.....(၅)ရက် (ထမင်းကျွေး) 60000 (Aug 20 ထွက်မည်)
Ph: 09-420046635, 09-772845260, 09-445328806

---

**ကိုညာဏ် KO NYAN**
Car Rental & Travel Service
ဘုရားဖူးခရီးစဉ်အမျိုးမျိုးနှင့်လချုပ်အတွက်
Model မြင့် ကားသစ် မျိုးစုံ ရောင်း/ဝယ်/ငှားရမ်းနိုင်သည်။
ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်နိုင်ပါသည်။
09-5078440, 01-551649, 01-209183

---

**ဇာနည်အောင်** မြန်မာပြည်အနှံ့ဘုရားဖူးပို့ဆောင်ရေး
ပုဂံ - ညောင်ဦး - ပုပ္ပါး - ပခုက္ကူ 60000 Ks ထွက်ခွာမည့်နေ့ July 18/26 ထွက်
တောင်ကြီး - အင်းလေး - ပင်းတယ - ကလော - လွိုင်ကော် 75000 Ks
မြဝတီ - မဲဆောက်လှေလှော်ရေး ... - ဘားအံ ... 70000 Ks
ဖုန်း - ၀၉ ၅၁၁၅၂၂၂၊ ၀၉ ၄၄၈၀၀၅၅၄၈၄၊ ၀၉ ၆၉၁၂၁၄၅၁၁၊ ၀၉ ၆၉၁၂၁၄၅၅၂

---

**ဆုံသစ္စာ**
Car rental
လချုပ် ခရီးနီး/ဝေးငှားနိုင်ပါသည်၊
ယာဉ်ပိုင်ရှင်များဆက်သွယ်နိုင်ပါသည်။
Ph: 09799566761, 095504667

---

**သုခမိန်** မှ (၈)နှစ်မြောက် ဝါဆိုသင်္ကန်းကပ်ခရီးစဉ်
ရှမ်းပြည်နယ်- ပင်ခွန် / ကယားပြည်နယ် - လွိုင်ကော်
26 - 7 - 2018 မှ 29 - 7 - 2018 အထိ
01-253079 / 09 5155654 / 09765155654 / 09965155654

---

" ၂၀၂၅မှာ အရေးပါလာနိုင်သည့် စီးပွားရေးဆိုင်ရာ ဘာသာရပ်များနှင့် ကျွမ်းကျင်မှုများအကြောင်း "

- ပြည်တွင်းမှာ ဘယ်လိုလုပ်ငန်းတွေက ပိုပြီးတောက်ပလာနိုင်လဲ
- ဘယ်လိုနည်းဗျူဟာတွေကို ကြိုတင်ချမှတ် လုပ်ဆောင်ထားသင့်သလဲ
- ပြည်ပမှတစ်ဆင့် လာရောက် ရင်းနှီးမြှုပ်နှံခြင်းတွေ များပြားလာခြင်းက ပြည်တွင်း စီးပွားရေး လုပ်ငန်းတွေအပေါ်အကျိုးသက်ရောက်မှု ဘယ်လောက်ရှိလာနိုင်လဲ
- နိုင်ငံစီးပွားရေး၊ ပညာရေးနှင့် အခြားကဏ္ဍတွေအပေါ် ဘယ်လိုသက်ရောက်မှုတွေ ရှိလာမလဲ

NCC HND ABE
ပြည်တွင်း ပြည်ပ

SPEAKER
Saw Melvyn Kolay
Market Development Manager
Kaplan Higher Education Academy
&
U Aung Kyaw San
Chief Consultant
CROWN Education &
Royal Academic Institute



Jul(21), 10 Am - 12 Noon, NOVOTEL HOTEL, Eureka Room

Tel: 01 527 838, 09 44 55 66 701, 09 44 55 66 702

---

VICTORIA UNIVERSITY COLLEGE (ENJOY SUCCESS)
ISO 9001: 2015 CERTIFIED

**VICTORIA UNIVERSITY COLLEGE**
ENJOY LEARNING ● ENJOY SUCCESS

အကောင်းဆုံးကို ရွေးချယ် အပ်နှံတတ်သော မိဘများကြောင့် ကျောင်းသား အင်အားအများဆုံး သင်ကြားမှုအကောင်းဆုံးနှင့် နိုင်ငံတကာ စံချိန်စံညွှန်း ISO 9001:2015 အသိအမှတ်ပြု လက်မှတ်ရ VICTORIA UNIVERSITY COLLEGE မှ ၂၀၁၈ ကျောင်းသား၊ကျောင်းသူသစ် များကို ကြိုဆိုပါသည်။

1. Business (HR/ Management/ Marketing)
2. Computing and Systems Development
3. Construction and the Built Environment (Civil Engineering)
4. Electrical and Electronic Engineering
5. Mechanical/ Mechatronic Engineering
6. Health and Social Care

တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီးသူများသည် နိုင်ငံတကာ တက္ကသိုလ်ဝင်ခွင့် အတွက် South Essex College(UK) မှ တိုက်ရိုက် ချီးမြှင့်မည်ဖြစ်သည့် Level 3 Foundation Diploma သင်တန်းကို တက်ရောက်ရန် လျှောက်ထားနိုင်သည်။ သင်တန်းကာလ ပြီးဆုံးပါက အထက်ဖော်ပြပါ ဘာသာရပ်များမှ နှစ်သက်ရာ ဘာသာရပ်တစ်ခုကို ရွေးချယ်ပြီး HND (RQF Level 5) ရရှိရန် ၂ နှစ်ခန့်ကြာ သင်ယူရမည်။

HND ရရှိပြီးပါက ဗြိတိန်အစိုးရပိုင် University of Wolverhampton နှင့် ပူးတွဲသင်ကြား ပို့ချမည့် အတန်းတွင် BE / BSc/ BA (Hons) ဘွဲ့ရရှိရန် (၁)နှစ်ခန့် စာတွေ့၊ လက်တွေ့ သင်ယူရမည်။
နိုင်ငံတကာ တက္ကသိုလ်များသို့ သွားရောက် သင်ယူလိုလျှင်လည်း VUC မှ ကျောင်းသားတိုင်း အထူးအခွင့်အရေး ရရှိပါသည်။

ဖွင့်လှစ်တန်းခွဲများတွင် ကန့်သတ် ကျောင်းသားဦးရေ ပြည့်မီသွားပြီဖြစ်ပါသဖြင့် တန်းခွဲအသစ်ကို ဇူလိုင်လ တတိယအပတ်တွင် ဆက်လက် ဖွင့်လှစ်ပေးပါမည်။

အသေးစိတ် အချက်အလက်များကို စုံစမ်းရန် ကျောင်းသားရေးရာ ဌာန

ရန်ကုန် - အမှတ် (၁၆၆) ၊ အထက် ပန်းဆိုးတန်းလမ်း၊ MMB Tower ၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ ဖုန်း ၀၁ ၃၈၃၁၃၂၊ ၃၈၃၁၃၃၊ ၀၉ ၂၅၉၂၇၁၀၉၄။
မန္တလေး - အမှတ် (၁၅၁) ၊ ၂၈ လမ်း (၇၇ x ၇၈)၊ ချမ်းအေးသာဇံမြို့နယ်။ ဖုန်း ၀၂ ၄၀ ၃၁၀၅၄၊ ၃၉၆၃၃၊ ၀၉ ၉၇၂၂၈၂၈၅၅။


သစ် တော နဲ့ သစ် ပင် ချစ် ခင် တဲ့ လူ မျိုး သစ် ပင် ကို နှစ် ခဉ် စိုက်ရွှေ တိုက် ကို ခိုး

# ၂၀၁၈ ကမ္ဘာ့ဖလားချန်ပီယံဆု ပြင်သစ် ဒုတိယအကြိမ် ရရှိ




**မော်စကို ဇူလိုင် ၁၅**

ရုရှားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် ၂၀၁၈ ကမ္ဘာ့ဖလား ဗိုလ်လုပွဲအဖြစ် ပြင်သစ်အသင်းနှင့် ခရိုအေးရှားအသင်းတို့ ယှဉ်ပြိုင်ကစားရာ ပြင်သစ်အသင်းက ခရိုအေးရှားအသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ကမ္ဘာ့ဖလား ချန်ပီယံအသင်းအဖြစ် အောင်ပွဲခံနိုင်ခဲ့ပြီဖြစ်သည်။

ပြင်သစ်အသင်းအတွက် ယခု ကမ္ဘာ့ဖလားရရှိခြင်းသည် ဒုတိယအကြိမ်မြောက် ချန်ပီယံဖြစ်ခဲ့ခြင်းဖြစ်ပြီး ၁၉၉၈ ခုနှစ်တွင် ကမ္ဘာ့ဖလားကို ပထမဆုံးအကြိမ် ရရှိခဲ့ခြင်းဖြစ်သည်။ ခရိုအေးရှားအသင်းအတွက်မူ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အမြင့်ဆုံးစွမ်းဆောင်ရည်မှာ ယခုကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

ပြင်သစ်အသင်းနှင့် ခရိုအေးရှားအသင်းတို့၏ ပွဲစဉ်တွင် ပြင်သစ်အသင်းသည် တိုက်စစ်နှင့် ကွင်းလယ်ပိုင်းတွင် ဂျရူး၊ ပေါ့ဘာ၊ မက်တူဒီ၊ ဂရစ်ဇ်မန်း၊ ကန်တီ၊ မက်ပီတို့ကို ထည့်သွင်းကာ နောက်တန်းတွင် ဟာနန်ဒက်ဇ်၊ ဗာရာနီ၊ အမ်တီတီ၊ ပါဗက်တို့ကို ထည့်သွင်းလာခဲ့ပြီး ၄-၂-၃-၁ ကစားကွက်ဖြင့် ပွဲထွက်လာခဲ့ကာ ခရိုအေးရှားအသင်းမှာမူ မန်ဇူကစ်၊ ရာကီတစ်၊ ဘရိုဇိုဗစ်၊ လူကာမိုဒရစ်၊ ပါရီဆစ်၊

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ❍**

## အရှေ့တောင်အာရှ လူငယ်ဘော်လီဘောပြိုင်ပွဲ မြန်မာ(က)နှင့် ထိုင်းအသင်း ဗိုလ်လုပွဲတက်

**နေပြည်တော် ဇူလိုင် ၁၅**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် ၂၀၁၈ ခုနှစ် အကြိမ်(၂၀)မြောက် အရှေ့တောင်အာရှ လူငယ်ဘော်လီဘောပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ယနေ့မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ၌ ကျင်းပရာ မြန်မာ(က)နှင့် ထိုင်းအသင်း နိုင်ပွဲရယူပြီး ဗိုလ်လုပွဲတက်ရောက်သွားသည်။

ဆီမီးဖိုင်နယ်ပွဲများတွင် မြန်မာ(က)အသင်းက မလေးရှားအသင်းကို သုံးပွဲပြတ်၊ ထိုင်းအသင်းက မြန်မာ(ခ)အသင်းကို သုံးပွဲပြတ်ဖြင့် အနိုင်ရခဲ့သည်။ မြန်မာ(က)အသင်းသည် မလေးရှားကို လက်ရည်အသာဖြင့် ကစားကာ အုပ်စုပွဲတွင် တွေ့ဆုံစဉ်ကအတိုင်း သုံးပွဲပြတ် အနိုင်ရခဲ့သည်။ မြန်မာ(က)အသင်းသည် ၂၅-၁၇ မှတ်၊ ၂၅-၁၄ မှတ်၊ ၂၅-၁၆ မှတ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာ(ခ)အသင်းသည် ထိုင်းအသင်းနှင့် ဆီမီးဖိုင်နယ်ပွဲတွင် ကြိုးစားကစားခဲ့သော်လည်း အတွေ့အကြုံချင်းကွာခြားမှုကြောင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ ထိုင်းအသင်းသည် မြန်မာ(ခ)အသင်းကို ၂၅-၁၆ မှတ်၊ ၂၅-၁၆ မှတ်၊ ၂၅-၁၂ မှတ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ပြိုင်ပွဲနောက်ဆုံးနေ့ကို ဇူလိုင် ၁၆ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မွန်းတည့် ၁၂ နာရီတွင် တတိယလုပွဲအဖြစ် မြန်မာ(ခ)အသင်းနှင့် မလေးရှားအသင်း၊ မွန်းလွဲ ၂ နာရီတွင် ဗိုလ်လုပွဲအဖြစ် မြန်မာ(က)အသင်းနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **ရဲရင့်ရှိုင်း**

## Miss Myanmar World 2018 သရဖူ အလှမယ် ဟန်တီ ဆွတ်ခူး

**ရန်ကုန် ဇူလိုင် ၁၅**

Miss Myanmar World အဖွဲ့အစည်းမှ ဆန်ခါတင်ရွေးချယ်ထားသည့် ပြိုင်ပွဲဝင် အလှမယ် ၂၀ အနက်မှ နိုင်ငံကိုယ်စားပြု အလှမယ်တစ်ဦး ရွေးချယ်မည့် နောက်ဆုံးပြိုင်ပွဲအခမ်းအနားကို ဇူလိုင် ၁၄ ရက် ညပိုင်းက ရန်ကုန်ရေကူးအသံလွှင့်ရုံတွင် ကျင်းပခဲ့ရာ Miss Myanmar World 2018 သရဖူကို အလှမယ် ဟန်တီက ဆွတ်ခူးရရှိခဲ့သည်။ **(ယာပုံ)** သူနှင့်အတူ 1st Runner Up သရဖူကို အလှမယ် လင်းကလျာဦးနှင့် 2nd Runner Up သရဖူကို အလှမယ် ယမုံတို့က ဆွတ်ခူးရရှိခဲ့သည်။

အလှမယ် ဟန်တီသည် Miss Face of Myanmar 2013 နှင့် Miss Supranational Myanmar 2014 ပြိုင်ပွဲများတွင် Winner

**စာမျက်နှာ ၅ ကော်လံ ၃ သို့ ❋**

